PDF Compressor Free Version

သစ်ပင်ကြီးမုံ

၂၀၂၂ ခုနှစ် မိုးရာသီ လူထုလုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်း

၂၀၂၂ ခုနှစ် မိုးရာသီ လူထုလုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို (၂၅-၆-၂၀၂၂) ရက်နေ့၊ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရာရှိုင်း၊ ဥတ္တရာသီရိမြို့နယ် ဖိုးဆောင်းတောင်(၃)တြိုးဝိုင်းဌာ တျင်းပခဲ့ပါသည်။

ဓာတျက်နှာ (၂) သို့

PDF Compressor Free Version

မာတိကာ

မျက်နှာဖုံး

✧ ၂၀၂၂ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်း — မျက်နှာဖုံး

ဝါဒီးကြီး

✧ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟာစနစ်ထိန်းသိမ်းရေးနေ့ — ၁

သတင်းများကဏ္ဍ

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂–၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ

✧ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပုန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး - ဦးစိန်သက်၊ ညွှန်မှူး (ငြိမ်း) — ၆–၇

✧ မိုးခေါင်ခြင်းနှင့် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး - ဒေါက်တာ သောင်းနိုင်ဦး — ၁၂–၁၄၊ ၁၇

✧ အညာမြေ - မင်းဆွေ — ၁၅–၁၇

သစ်တောလုပ်ငန်းကဏ္ဍ

✧ အသေးစားသစ်တောထွက်ပစ္စည်း ဖာလာအခွန်ကောက်ခံခြင်း - စီမံကိန်းနှင့်စာရင်းအင်းဌာန — ၈–၁၁

✧ MRRP လုပ်ငန်းများအထောက်အကူပြု သစ်တောစိုက်ခင်းများ ..... (၂) - တော်တော်မင်း- ၉၆ — ၂၅–၂၆

✧ တည်ထောင်ပြီး ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ.... - စိန်လှိုင် — ၃၃–၃၆

✧ ပြုစုထိန်းသိမ်းခြင်းဆောင်ရွက်ရန်လိုပါသည် - အုန်းလွင်လေး — ၄၃–၄၄

✧ ဒီရေတောသစ်မျိုးပျိုးထောင်ခြင်းလုပ်ငန်း လေ့လာတင်ပြချက် (၂) - ဦးဇော်သိန်းထွန်း၊ ဦးစီးအရာရှိ — ၄၅–၄၆

✧ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း - နေမျိုးဆွေ (စိမ်းစို) — ၄၇–၄၉

ဘာသာရပ်ဆိုင်ရာ (ဗဟုသုတ) ကဏ္ဍ

✧ ကြသောင်းဝါးရုံ စီမံအုပ်ချုပ်ပုံစံများ.... - ဆုမြတ်နင်း (ဦးစီးအရာရှိ) — ၃၀–၃၂

သက်ဝပ်ကဏ္ဍ

✧ လွမ်းဆွတ်သတိရခြင်း(၇) - ချစ်ဦး (ဧည့်) — ၂၂–၂၄

ရသကဏ္ဍ

✧ ရိုးမထဲကခြောက်လှန့်သံ (၂) - အောင်ကျော်စိုး(ဂဒု) — ၁၈–၂၁

✧ ဆန်ပြု ဆန်ကောင်း - ကိုနေမြိုင်ဦး (မြောင်) — ၂၇

✧ ဆင်တစ်ကောင်ရဲ့အချစ် ရက်စက်မှုနှင့်ကလဲ့စား - တင်ဝင်း — ၂၈–၃၀

ဂီဝမျိုးစုံမျိုးကွဲကဏ္ဍ

✧ ဇီဝအဝန်းနယ်မြေ - ဦးခင်မောင်ဝင်း၊ ဦးစီးအရာရှိ — ၃၇–၃၉

ကဗျာ / ကာတွန်းကဏ္ဍ

✧ အကြွေးပြန်ဆပ်ကြစို့ (ကဗျာ)- ဗန်ဒိန်း — ၃၆

✧ ကာတွန်း - အော်ပီကျယ် — ၄၉

အင်္ဂလိပ်ကဏ္ဍ

✧ An Old Forester Looks Back.Three - Soil Conservation in Myanmar - U Sein Thet — ၄၀–၄၂

နောက်ကျောဖုံး

✧ ကျည်းနီပင်(ရေကျည်းပင်) - ဦးဟုတ်ထင်၊ — ၄၂ နောက်ကျောဖုံး

စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ

ဦးလှဦး
ညွှန်ကြားရေးမှူး၊ တိုးချဲ့.ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ–၀၀၄၀၀)

စာတည်း

ဦးမောင်မောင်အေး –၃ –
လက်ထောက်ညွှန်ကြားရေးမှူး

စာတည်းအဖွဲ့ဝင်များ

ဦးအောင်ကျော်ဦး လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေစင်မြင့် ဦးစီးအရာရှိ (English Editor)

ပုံနှိပ်သူ

ဦးရဲလွင်ဌေး(မြ–၀၁၁၅၅)
ပေါ်ပြူလာမီဒီယာစုပုံနှိပ်တိုက်
(၀–၁၈၃)၊ ပွဲရုံတန်း၊ မြို့မကျေး၊ စမ္ဘူသီရိမြို့နယ်၊
နေပြည်တော်

ဆက်သွယ်ရန် - ၀၆၇-၃၄၁၅၃
extension@forest.gov.mm

PDF Compressor Free Version

အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့

မြန်မာ့ကမ်းရိုးတန်းသည် (၂၈၀၀) ကီလိုမီတာရှည်လျားပြီး သဲသောင်ကမ်းခြေဂေဟစနစ်များ၊ ဒီရေတောဂေဟစနစ်များ၊ သန္တာကျောက်တန်း ဂေဟစနစ်များနှင့် ပင်လယ်မြက်ခင်းဂေဟစနစ်များတည်ရှိပါသည်။ မြန်မာ့ဒီရေတောများကို ဧရာဝတီ၊ တနင်္သာရီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရခိုင်နှင့်မွန်ပြည်နယ်တို့တွင်တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒီရေတောဧရိယာသတ္တမမြောက်အများဆုံးနိုင်ငံဖြစ်ပါသည်။

ဒီရေတောများသည် လူသားနှင့် သက်ရှိသတ္တဝါများအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း များစွာအကျိုးပြုလျက်ရှိပါသည်။ ကမ်းရိုးတန်းဒေသအား သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ ရေကြီးရေလျှံမှုလျော့ကျစေခြင်း၊ နုန်းအနည်အနှစ်များ အားဖမ်းထိန်းထားခြင်း၊ တောရိုင်းတိရစ္ဆာန်ကျက်စားရာနှင့် သား/ငါးပေါက်ဖွားရာနေရာဖြစ်ခြင်း၊ ကုန်းမြေအသစ်များပေါ်ထွန်းစေခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များလျှော့ချပေးခြင်း စသည့်သဘာဝတန်ဖိုးများကို ပေးစွမ်းပါသည်။

ဒီရေတောများသည် စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ ပုစွန်ကန်/ ဆားလယ်တည်ထောင်ခြင်း၊ သစ်တောထွက်ပစ္စည်းများ အလွန်အကျွံ ထုတ်ယူခြင်း၊ မြို့ပြများချဲ့ထွင်ခြင်းနှင့် လမ်းဖောက်ခြင်းစသည်တို့ကြောင့် တဖြည်းဖြည်းပျက်စီးလာခဲ့ရသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် ၁၉၈၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဒီရေတောစိုက်ခင်း(၅၈,၇၈၄)ဧက နှင့် ဓမ္မတာမျိုးဆက်ခြင်း(၈၁၃၀)ဧကအား စိုက်ပျိုးထိန်းသိမ်းပြုစုခဲ့ပြီး ဒီရေတောဂေဟစနစ်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ ဖွဲ့စည်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံ့ကမ်းရိုးတန်းနှင့် ဒီရေတောဆိုင်ရာ စီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီကို (၃၀-၉-၂၀၂၁) ရက်နေ့တွင် ဒုတိယဝန်ကြီးချုပ်ဦးဆောင်သောအဖွဲ့ဝင် (၂၁)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန်(၁၀)ရပ် အပ်နှင်းခဲ့ပါသည်။

ဒုတိယအကြိမ် ဗဟိုကော်မတီ အစည်းအဝေးကို (၁၆-၂-၂၀၂၂) ရက်နေ့တွင် ကျင်းပနိုင်ခဲ့ပြီး ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေးနှင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ် ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးခဲ့ပါသည်။ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်လုပ်ငန်းကော်မတီ၊ အကြံပေးကော်မတီနှင့် တိုင်း/ပြည်နယ်/ခရိုင် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

ICM နယ်နိမိတ်အတွင်းရှိ ကမ်းရိုးတန်းမြို့နယ် (၅၉) မြို့နယ်နှင့် ကိုကိုးကျွန်းတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒီရေတော/ အရိပ်ရအပင်များ၊ တစ်အုပ်တစ်မစိုက်ပျိုးရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။ ဒီရေတောဂေဟစနစ်၏အရေးပါမှုကို ပြည်သူများကသိရှိပြီး ပိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်ပါသည်။ ဒီရေတောဂေဟစနစ်ပျက်စီးလျှင် ဒီရေတောကိုမှီခိုပြီး အသက်ရှင်ရပ်တည်နေသော လူသားအပါအဝင်သက်ရှိသတ္တဝါများ မျိုးသုန်းပျောက်ကွယ်ပြီး သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်များ ဟန်ချက်ပျက်သွားမည်ဖြစ်ပါသည်။

ထိုကြောင့် ဒီရေတောဂဟစနစ်များပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရန် အဓိကတာဝန်အရှိဆုံးလူသားများက အသိစိတ်ဓာတ်ရှိရှိ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမှ ကျွန်ုပ်တို့နေထိုင်သောကမ္ဘာမြေကြီးသည် စီမံးလန်းသာယာပြီး ပြည့်စုံပျော်ရွှင်သောဘဝများ ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း ဇူလိုင် (၂၆) ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့အား ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။

FOREST

သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားပွံ့ပြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) ကာကွယ်ခြင်း

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) ထာဝစဉ်တည်တံ့စေခြင်း

လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ပြည့်ဆည်းပေးခြင်း

ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အယန်းဖြေနားနေမှုအစရှိသည် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ပြည့်ဆည်းပေးရမည်။

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

သစ်တောသယံဇာတများမှ ရရှိနိုင်သည် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(၆) ပြည်သူအတွင်း နီးကြားထကြွသည် အသိရှင်သန်နေစေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားရေးပွံ့ပြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နီးကြားသည် အသိရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

PDF Compressor Free Version

၂၀၂၂ ခုနှစ်၊ မိုးရာသီ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကျင်းပခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ မိုးရာသီ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို (၂၈-၆-၂၀၂၂)ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ ဖိုးဇောင်တောင်(၃)ကြိုးဝိုင်းတွင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီတက်ရောက်၍ သတ်မှတ်နေရာတွင် မဟော်ဂနီပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးများက ကျွန်းနှင့်တမလန်းပျိုးပင်များကို စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဦးစီးဌာနနှင့်လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ကျောင်းသား/ ကျောင်းသူများက ပျိုးပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်ပင်ပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် စုစုပေါင်းအင်အား ၃၅၀ ဦးဖြင့် အဖိုးတန်သစ်မျိုးများဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ သင်းဝင်၊ မဟော်ဂနီပျိုးပင်အပါအဝင် ကြီးမြန်သစ်မျိုး (၁၃)မျိုးနှင့် ဝါးမျိုး(၃)မျိုး၊ စုစုပေါင်းပျိုးပင် ၆၅၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးကြသည်။

သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပျိုးပင် ၉,၆၆၁,၄၆၇ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခြင်း၊ လူထုဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

သစ်တောဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

သစ်တောဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား(၁-၆-၂၀၂၂)ရက်နေ့၊ နံနက် (၉)နာရီတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၊နေပြည်တော်တွင်ကျင်းပပြုလုပ်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းများနှင့် ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် မကွေးတိုင်းဒေသကြီး ရောဝတီမြစ် အနောက်ဘက်နယ်မြေတွင် ပိုမိုအလေးထားပြီး သစ်တောသစ်ပင်များအားထိန်းသိမ်းသွားရန် တစ်ပိုင်တစ်နိုင် တစ်အုပ်တစ်မ သစ်တောစိုက်ခင်းများနှင့် ကျေးရွာပိုင်ထင်းစိုက်ခင်းများ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ရန် ကလောမြို့နယ်တွင် ဟဲဟိုး-ဘော်ဆိုင်းလမ်းနှင့် ပင်းတယ-အောင်ပန်းလမ်း လမ်းဘေးဝဲယာ စီမံးလန်းစိုပြည်ရေး၊ ပြင်ဦးလွင်မြို့နယ်အား ချယ်ရီမြို့တော်ဖြစ်စေရေး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေး (၁၀)နှစ်စီမံကိန်း၏ ပထမ(၅)နှစ်တွင် တွေ့ကြုံခဲ့ရသည့် အားနည်းချက် အားသာချက်များကို စိစစ်သုံးသပ်ပြီး ဒုတိယ (၅)နှစ်စီမံကိန်းကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်ရေအရင်းအမြစ်များ ထာဝစဉ်တည်တံ့စေပြီး ရေရှည်အသုံးချနိုင်ရန်အတွက် ရေဝေရေလဲဒေသများထိန်းသိမ်းရေးကို စီမံချက်များချမှတ်၍ ဆောင်ရွက်သွားရန်၊ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောနှင့်သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းသတ်မှတ်ခြင်းကိုလည်း ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားရန်၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၊ ကမ်းရိုးတန်းရေတိုက်စားမှုနှင့် မုန်တိုင်းဒဏ်ကို ကာကွယ်နိုင်ရန်၊ ရေနေသတ္တဝါများ၏ဂေဟာစနစ်ကို အကာအကွယ်ပေးနိုင်ရန်တို့အတွက် ကမ်းရိုးတန်းဒေသရှိ မြို့နယ်များတွင် ဒီရေတောစိုက်ခင်းနှင့် တစ်အုပ်တစ်မစိုက်ခင်းများတည်ထောင်ခြင်းကို ဆက်လက်ကြိုးပမ်းရန်လိုကြောင်း၊ နိုင်ငံတော်၏ အဖိုးတန်သစ်တောသယံဇာတအရင်းအမြစ်များ ထိခိုက်ပြုန်းတီးမှုမရှိစေရန်အတွက် တရားမဝင်သစ် ခိုးထုတ်မှုလျော့နည်း ပယျောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်သွားရန်နှင့် ဌာန၏ဘဏ္ဍာရင်ငွေ သတ်မှတ်လျာထားချက်များကိုလည်း

PDF Compressor Free Version

ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများ၏ ရှင်းလင်းတင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၂) ကျင်းပခြင်း

ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၂)ကို (၂၉-၆-၂၀၂၂) ရက်နေ့၊ နံနက်(၁၀)နာရီတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမတွင် ကျင်းပပြုလုပ်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ(၁)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်အဖြစ် အမည်စာရင်းအဆိုမပြုခင် အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ပုပ္ပါးတောင်အမျိုးသားဘူမိဥယျာဉ်ကို သစ်တောဦးစီးဌာန စီမံအုပ်ချုပ်မှုအောက်ရှိ Geosite (၁၄)ခုဖြင့် ကနဦးတည်ထောင်သွားရန်ဖြစ်ကြောင်း၊ နောင်ပေါ်ပေါက်လာမည့် ဘူမိဥယျာဉ်များကို ဆက်စပ်ဌာန၊ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊

ပုပ္ပါးတောင်ဒေသကို UNESCO Global Geopark အဖြစ်သတ်မှတ်မည်ဆိုပါက ဘူမိ-ခရီးသွားလုပ်ငန်း (Geotourism)ပေါ်ပေါက်လာမည်ဖြစ်ပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများရရှိစေမည်ဖြစ်သည့်အတွက် ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့်ဌာနအဖွဲ့အစည်းများ၊ ပညာရပ်နှင့် သုတေသနဆိုင်ရာအဖွဲ့အစည်းများအပြင် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး အကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ(၂)ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီနယ်မြေမှ ကိုယ်စားလှယ်(၁)ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ ပါမောက္ခချုပ်များ၊ UNESCO အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှ ဥက္ကဋ္ဌ (Geopark)ကော်မတီ၊ UNESCO နှင့် တာဝန်ရှိသူများ အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြပါသည်။

အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသများ ဘက်စုံဖွံ့ဖြိုးရေးဗဟိုဌာန (ICIMOD) ၏ (၅) ကြိမ်မြောက် ကာလလတ်လုပ်ငန်းစီမံချက် (၂၀၂၃ - ၂၀၂၆) ပူးပေါင်းရေးဆွေးခြေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း

အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသများ ဘက်စုံဖွံ့ဖြိုးရေးဗဟိုဌာန ICIMOD ၏ (၅)ကြိမ်မြောက် ကာလလတ်လုပ်ငန်းစီမံချက်(၂၀၂၃-၂၀၂၆) ပူးပေါင်းရေးဆွေးခြေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့၊ နံနက်(၀၉:၃၀)နာရီတွင် Amara Hotel ၊ နေပြည်တော်တွင်ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

PDF Compressor Free Version

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားရာတွင် ICIMOD ၏ (၅)ကြိမ်မြောက် ကာလလတ် လုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၆) ရေးဆွဲနိုင်ရေးအတွက် မြန်မာနိုင်ငံရှိ ICIMOD ၏ မိတ်ဖက်အဖွဲ့အစည်းများထံမှ လုပ်ငန်းစီမံချက်ရေးဆွဲရေးဆိုင်ရာ အကြံပြုချက်များရယူနိုင်ရေးရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်(၂၈)ရက်နေ့တွင် ကျင်းပခဲ့သည့် ICIMOD ၏ အုပ်ချုပ်သူများအစည်းအဝေး၌ အတည်ပြုခဲ့ပြီးဖြစ်သည့် တောင်တန်းဒေသများထိန်းသိမ်းခြင်းဆိုင်ရာမဟာဗျူဟာ (၂၀၃၀)ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ကာလလတ်လုပ်ငန်းစီမံချက် (၂၀၂၃–၂၀၂၆) ကို အဖွဲ့ဝင်နိုင်ငံအသီးသီး၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ယခုကဲ့သို့ အစည်းအဝေးများကျင်းပ၍ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် မြန်မာနိုင်ငံအတွက် အရေးပါသည့် ဦးစားပေးလုပ်ငန်းနယ်ပယ်ဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအား ထိရောက်စွာဆောင်ရွက်နိုင်ရေး အရေးကြီးလှကြောင်း၊ သစ်တောဦးစီးဌာနအနေဖြင့် ICIMOD ၏ ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်မှန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ICIMOD အဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များက ကာလလတ်လုပ်ငန်းစီမံချက်ရေးဆွဲရေးမူဘောင်၊ ဦးစားပေးလုပ်ငန်း နယ်ပယ်ဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ လိုအပ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းများထည့်သွင်းနိုင်ရေးအတွက် အကြံပြုချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေးသို့ နီပေါနိုင်ငံအခြေစိုက် ICIMOD မှ အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရှိ ICIMOD ၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ရန်ကုန်/မန္တလေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း စီမံကိန်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအစည်းအဝေး

သရုပ်ပြဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ခြင်းစီမံကိန်း(FD-MKCF) နှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း နည်းစနစ်ဖွံ့ဖြိုးစေခြင်းစီမံကိန်း (FD-MLC)များဆိုင်ရာ စီမံကိန်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအစည်းအဝေးကို(၁၇–၆–၂၀၂၂) ရက်နေ့၊ နံနက်(၁၀)နာရီတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က သစ်တောဦးစီးဌာနအနေဖြင့် ပြည်ပအဖွဲ့အစည်းများမှ ပံ့ပိုးသည့် ရန်ပုံငွေများဖြင့် ၂၀၂၂–၂၃ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်း(၂၂)ခုရှိပြီး သစ်တောဦးစီးဌာနမှ ရန်ပုံငွေ တိုက်ရိုက်သုံးစွဲသည့် စီမံကိန်းများမှာ ယနေ့ အစည်းအဝေးကျင်းပသည့် စီမံကိန်း(၂)ခု အပါအဝင်(၁၁)ခုရှိပြီး သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် သုတေသီများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သစ်တောဦးစီးဌာနများနှင့် လက်တွေ့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး လက်ရှိနိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မဲခေါင်–ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအထောက်အပံ့ဖြင့် သရုပ်ပြဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတည်ထောင်ခြင်းစီမံကိန်း (FD-MKCF)ကို ရှမ်းပြည်နယ်နှင့်နေပြည်တော်တွင်လည်းကောင်း၊ မဲခေါင်–လန်ချန်းအထူးရေနံပုံငွေ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်ဖွံ့ဖြိုးစေခြင်းစီမံကိန်း (FD-MLC) ကို နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းပြောကြားပါသည်။

အစည်းအဝေးသို့ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံခန့်ခွဲရေး)၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးများက Online စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

PDF Compressor Free Version

နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ ဖမ်းဆီးရမိခြင်း စာရင်းချုပ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၂၇-၆-၂၀၂၂) ရက်မှ (၃-၇-၂၀၂၂) ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်**ကျွန်း (၇၃.၃၄.၂၂)တန်၊ သစ်မာ (၁၆.၆၃၅၄)တန်၊ အခြား(၄၀.၇၀၆၈)တန်၊ စုစုပေါင်း (၁၃၀.၆၈၄၄)တန်၊ တရားခံ(၁၃)ဦး၊ ယာဉ်/ယန္တရား (၁၃)စီး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၂-၇-၂၀၂၂ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ညောင်ကျိုး(ခ)ဘိနယ်၊ ကျောက်ဖူးကြိုးဝိုင်း၊ အကွက်အမှတ် (၈၅)အတွင်း၊ ပြည်-တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ် (၃၈/၇)အနီးမှ တရားမဝင် ကျွန်းခွဲသား (၃၁၄)ချောင်း (၂၅. ၅၈၉၆) တန် ဝိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပါသည်။

နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများ၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် ဇူလိုင် မှ ဇွန်လ အထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

စဉ်	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	မှတ်ချက်
၁	ကျွန်း	တန်	၉၃၉	
၂	သစ်မာ	တန်	၄၆၆	
၃	အခြား	တန်	၁,၁၄၅	
	စုစုပေါင်း		**၂,၅၅၀**	

၄	မီးသွေး	တန်	၁,၄၁၀	

၅	ကား	စီး	၁၅၁	
၆	မြေတူးစက်/ မြေကော်စက်/ ကရိန်း	စီး	၀	
၇	ထော်လာကျီ/ ဒီနီးဒေါင်း / ထွန်စက်	စီး	၁၀	
၈	ဆိုင်ကယ်/ ဆိုက်တွဲယာဉ်	စီး	၂၉	
၉	စက်လှေ / ပဲ့ထောင် / ရေယာဉ်	စီး	၁၇	
	စုစုပေါင်း		၂၀၇	**စဉ်(၅)မှ(၉) ယာဉ်/ ယန္တရား**

၁၀	သစ်စက် / အင်ဂျင်	လုံး	၂၆	

PDF Compressor Free Version

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး

ဦးစိန်သက်၊ ညွှန်ကြားရေးမှူး (ငြိမ်း)

ရာသီဥတုပြောင်းလဲမှုကြောင့် မျက်မှောက်ကာလ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရခြင်း၏စစ်မြစ်သည် သစ်တောသစ်ပင်များ ပျက်စီးခြင်းကြောင့်ဖြစ်ရသည်ဟုအကြမ်းဖျင်းမှတ်ယူကြသည်။အမှန်တွင် သစ်တော သစ်ပင်ပျက်စီးခြင်းသာမက ပတ်ဝန်းကျင်ညစ်ညမ်းမှုပါပါဝင်သည်ကို ပညာရှင်များကအသိပေးထားသည့်အတွက် သန့်ရှင်းသောပတ်ဝန်းကျင်ဖြစ်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သိပ္ပံပညာရပ်ဆိုင်ရာ ကြိုတင်ခန့်မှန်းချက်အရ ရာသီဥတုပြောင်းလဲမှုကြောင့် ဆိုးကျိုးသက်ရောက်မှုများသည် ပိုမိုပြင်းထန်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လုပ်မှုနည်းပါးသည့် လူမှုအဖွဲ့အစည်းကို အလျင်အမြန်တည်ဆောက်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသအဆင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် နိုင်ငံအဆင့်ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေး အသိပညာ မြှင့်တင်ပေးမှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ (၂၀၁၉) [(Myanmar Climate Change Policy (2019)] မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ (၂၀၁၈–၂၀၃၀) နှင့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀) တို့ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သဘာဝအရင်းအနှီး ရေရှည်တည်တံ့အောင် စီမံခန့်ခွဲခြင်းသည် ပြည်သူများ၏အနာဂတ်အတွက် အခြေခံအချက်တစ်ခုဖြစ်ပါသည်။ သဘာဝအရင်းအနှီးများအား ရေရှည်တည်တံ့စေ၍ ပြည်သူလူထုအတွက် အခွင့်အလမ်းများပေးစွမ်းနိုင်လျှင် စီးပွားရေးစနစ်ကို ထိထိရောက်ရောက် တိုးတက်လာစေနိုင်မည်ဖြစ်ပါသည်။ သဘာဝအရင်းအနှီးများအား စနစ်တကျစီမံခန့်ခွဲမှုမရှိပါက ကျွန်ုပ်တို့စားသုံးသောအစားအစာ၊ သောက်သုံးသောရေနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးမည့်အရာများ အားလုံးကို ခြိမ်းခြောက်ခံရမည်ဖြစ်ပါသည်။ မြန်မာပြည်သူများ အစားအစာနှင့်ရေဖူလုံမှု၊ ရာသီဥတုပြောင်းလဲမှုလျှော့ပါးစေခြင်း၊ သပ္ပါယပြုခြင်းနှင့် နောင်လာမည့်မျိုးဆက်သစ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးတို့ကဲ့သို့သော သဘာဝအရင်းအနှီးများမှ ရရှိနိုင်မည့်အကျိုးကျေးဇူးများအား ရေရှည်တည်တံ့ကောင်းမွန်လာအောင် လုပ်ဆောင်ရန်အထူးလိုအပ်နေပါသည်။ မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်သော ဘေးအန္တရာယ်များတွင် မိုးခေါင်မှုဖြစ်စဉ်ပျံ့နှံ့မှုမြင့်တက်လာခြင်း၊ ဆိုင်ကလုန်း မုန်တိုင်း/ လေပြင်းတိုက်ခတ်ခြင်းတို့ ပြင်းထန်မှုနှင့် အကြိမ်အရေအတွက်များတိုးပွားလာခြင်း၊ မိုးရွာသွန်းမှုပုံသဏ္ဌာန်မတည်ငြိမ်မှုနှင့် စံချိန်တင်မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်စဉ်များ ရေကြီးရေလွှမ်းမှုများနှင့် ပင်လယ်ရေလှိုင်းကြီးမှုများ ဖြစ်ပေါ်မှု မြင့်တက်လာခြင်းတို့ပါဝင်ကြောင်း Myanmar Climate Change Alliance အဖွဲ့က ၂၀၁၉ ခုနှစ်တွင် ဖော်ပြခဲ့ပါသည်။ အနာဂတ်တွင်ကြုံတွေ့နိုင်သော ပြောင်းလဲမှုများသည်မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်တို့ဆိုင်ရာ ထုတ်လုပ်မှုများအပေါ် အကျိုးဆက်များစွာဖြစ်ပေါ်စေနိုင်ပါသည်ဟုသုံးသပ်ထားပါသည်။

ရာသီဥတုပြောင်းလဲမှုကို သိနားလည်ရန်အတွက် ရာသီဥတုနှင့် မိုးလေဝသတို့၏ ကွာခြားပုံကိုသိထားရန်လိုအပ်ပါသည်။ ထို့အတူ ကမ္ဘာပတ်လည်ကိုလွှမ်းခြုံထားသည့် ဓာတ်ငွေ့စုံအလွှာများကိုစုပေါင်း၍ လေထုအလွှာ (Atmosphere) ဟုခေါ်ဆိုကြောင်းကိုလည်းသိထားရန် အရေးကြီးပါသည်။ ရာသီဥတုနှင့် မိုးလေဝသတို့အကြားကွာခြားချက်မှာ အချိန်ကာလပင်ဖြစ်ပါသည်။ မိုးလေဝသဆိုသည်မှာ နေ့အလိုက်လေထုအခြေအနေကို ဖော်ပြခြင်းဖြစ်ပြီး ရာသီဥတုမှာ ဆယ်စုနှစ် သို့မဟုတ် ရာစုနှစ်များစွာကြာမြင့်သည့် ကာလရှည်အတွင်း လေထု၏အခြေအနေကိုဆိုလိုခြင်းဖြစ်ပါသည်။ ကမ္ဘာ့လေထုသည် များစွာသောဓာတ်ငွေ့အလွှာများ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ ၎င်းလေထုထဲတွင် အရေးပါသောဓာတ်ငွေ့မှာ (CO_2) ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပင် ဖြစ်ပါသည်။ စက်ရုံအလုပ်ရုံများ လည်ပတ်ကုန်ထုတ်ခြင်း၊ မော်တော်ယာဉ်အသုံးပြုခြင်း၊ သစ်တောများအား ခုတ်ထွင် ရှင်းလင်းမီးရှို့ခြင်းစသည့်

PDF Compressor Free Version

လူသားများ၏လုပ်ငန်းများကြောင့် လေထုထဲသို့ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှတ်စေပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် အခြားအလားတူဓာတ်ငွေ့များကို စုပေါင်းခေါ်ဆိုထားသည့် မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့များများပြားလာသည်နှင့်အမျှ လေထုထဲတွင်စုစည်းထားပြီး အပူချိန်တိုးလာစေပါသည်။ ရလဒ်အနေဖြင့် ကမ္ဘာကြီးပူနွေးရောက်မှုဟုခေါ်ဆိုပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်သည် အခြားဓာတ်ငွေ့များထက် ကမ္ဘာကြီးပူနွေးမှုကို ပိုမိုဖြစ်ပေါ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ဟုခေါ်သော ဓာတ်ငွေ့ပေါင်းစုံစုစည်းမှုတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုသည် အခြားဓာတ်ငွေ့များထက်ပိုသောကြောင့်ဖြစ်ပါသည်။ ထို့အပြင်ဓာတ်ငွေ့တစ်မျိုးခြင်းစီ၏ ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းပုံကလည်း ယင်းဓာတ်ငွေ့များ၏ မှန်လုံအိမ်အာနိသင်သက်ရောက်မှုတွင် ပါဝင်နိုင်မှုအတိုင်းအတာကို သက်ရောက်မှုရှိပါသည်။ ထို့ကြောင့် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပမာဏပြောင်းလဲပါက မိုးလေဝသစနစ်နှင့် ကမ္ဘာရာသီဥတုပုံစံအပေါ်တွင် မမျှော်မှန်းနိုင်သောအပြောင်းအလဲများဖြစ်ပေါ်စေနိုင်ပါသည်။ အပူချိန်ပိုများလေလေ မိုးလေဝသအခြေအနေများ ပိုမိုပြင်းထန်လေလေဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် မြို့ပြကြီးများအရှိန်အဟုန်ဖြင့် များပြားခြင်းနှင့်အတူ မြို့ပြလူနေမှုပုံစံ၏ဘေးထွက်ဆိုးကျိုးတစ်ခုဖြစ်သည့် စွန့်ပစ်အမှိုက်များ၏ ပမာဏသည်လည်း လျင်မြန်စွာ များပြားလာလျက်ရှိပါသည်။

အမှိုက်ပုံတွင် စွန့်ပစ်သည့်အစိုင်အခဲအမှိုက်များ (Municipal Solid Waste)တွင် ပစ္စည်းမျိုးစုံပါဝင်လျက်ရှိပါသည်။ ပလပ်စတစ်ပူးများ၊ အိတ်များနှင့် ပလတ်စတစ်ပစ္စည်းမျိုးစုံ၊ ပုလင်းနှင့်ပုလင်းကွဲများ၊ မှန်ကွဲများ၊ ပရိဘောဂအဟောင်းများ၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်းများ၊ စားကြွင်းစားကျန်များ၊ ခွေးသေကောင်၊ ကြောင်သေကောင်များစသည်တို့ပါဝင်သည်။ ထို့ကြောင့်ယင်းတို့ပုပ်သိုး၊ ဆွေးမြေ့သည့်အခါ ဓာတ်ငွေ့အများအပြားထွက်ရှိသည်။ ယင်းဓာတ်ငွေ့များတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် မီသိန်းဓာတ်ငွေ့(၅၀) ရာခိုင်နှုန်းစီခန့်ပါဝင်ပြီး အခြားဓာတ်ငွေ့များလည်း အနည်းငယ်စီပါဝင်ကြပါသည်။ မီသိန်းဓာတ်ငွေ့သည် မှန်လုံအိမ်ဓာတ်ငွေ့များအနက် ဒုတိယအရေးပါဆုံးဓာတ်ငွေ့ဖြစ်သည်။ အမှိုက်ပုံများမှ ထုတ်လွှတ်သည့် မီသိန်းပမာဏသည် တစ်ကမ္ဘာလုံးမှထုတ်လွှတ်သော မီသိန်းပမာဏစုစုပေါင်း၏ (၁၂) ရာခိုင်နှုန်းခန့်ရှိပြီး အမှိုက်ပုံများ၏ အပေါ်ပိုင်းမှထုတ်လွှတ်ခြင်းဖြစ်သည်။ မီသိန်းဓာတ်ငွေ့သည်အပူ(လှိုင်း)များကိုစုပ်ယူရာ၌ ကာဗွန်ဒိုင်အောက်ဆိုဒ်၏ အဆ(၃၀)ခန့်ရှိပါသည်။

မြန်မာနိုင်ငံ၏ နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်သော သဘာဝဘေးအန္တရာယ်များကို လျော့ပါးစေရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ကဏ္ဍအလိုက်ကြိုတင်ပြင်ဆင်နိုင်ရန် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀) ကို ရေးဆွဲချမှတ်ထားကြောင်း သယံဇာတနှင့်သဘာဝဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀)တွင် မဟာဗျူဟာပါ ဦးစားပေးကဏ္ဍခြောက်ရပ်ဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေးအတွက် ရာသီဥတုနှင့်သယံဇာတဖြစ်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ကြံ့ခိုင်သန်စွမ်းသည့်ဂေဟစနစ်ဖြစ်စေရေးအတွက် သဘာဝ သယံဇာတများအား ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်းကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်မှုကိုရရှိရန်အတွက် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လုပ်မှုနည်းသော စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့်စက်မှုလုပ်ငန်းများကဏ္ဍ၊ မြန်မာနိုင်ငံတွင်ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး အားလုံး ပါဝင်သော ရေရှည်တည်တံ့သည့် မြို့များတည်ထောင်ခြင်းကဏ္ဍ၊ ပြည်သူလူထုကျန်းမာရေးအတွက် ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်စီမံခန့်ခွဲခြင်းကဏ္ဍ၊ ကြံ့ကြံ့ခံသည့် လူမှုအဖွဲ့အစည်းတစ်ရပ်ဖြစ်စေရေးအတွက် ပညာရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍအလိုက် ဦးဆောင်တာဝန်ယူ ဆောင်ရွက်မှုများ။ ကဏ္ဍအလိုက် ဦးဆောင်တာဝန်ယူ ဆောင်ရွက်မည့် ဌာနများနှင့်အဖွဲ့အစည်းများ၊ ဆောင်ရွက်တိုးတက်မှု အခြေအနေအပေါ် သုံးသပ်နိုင်ရန် အညွှန်းကိန်းများကို အသေးစိတ်ထည့်သွင်းရေးဆွဲထားကြောင်းသိရှိရပါသည်။

မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လိုက်လျောညီထွေဖြစ်စေခြင်းနှင့် လျော့ပါးသက်သာစေခြင်းဆိုင်ရာစွမ်းဆောင်ရည်များကို နိုင်ငံတကာအထောက်အပံ့များဖြင့် ပိုမိုခိုင်မာအောင် အားဖြည့်ပေးနိုင်ပါသည်။ နိုင်ငံတကာ၏ သစ်တောကဏ္ဍဆိုင်ရာမဟာဗျူဟာများ၊ နည်းဗျူဟာများ၊ မူဝါဒများ၊ ဥပဒေမူဘောင်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ပိုမိုကောင်းမွန်သော အလေ့အထများ၊ ဒေသခံအသိပညာများ၊ အတွေ့အကြုံများနှင့် ဗဟုသုတများအားအသုံးပြု၍ ဒေသအဆင့်တွင် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေသောပစ္စည်းများ၊ နည်းလမ်းများ၊ နည်းစနစ်များ၊ အဖွဲ့အစည်းများနှင့် သစ်တောဂေဟဗေဒစနစ်၊ ဂေဟဗေဒစနစ်မျိုးစုံ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့၏ မျိုးရင်းမျိုးစိတ်များ၊ သစ်တောသစ်ပင်များအပေါ်မှီခိုရှင်သန်ရပ်တည်နေထိုင်သော ဒေသခံတိုင်းရင်းသားများ၊ ဒေသခံပြည်သူအစုအဖွဲ့များ၊ ဆက်စပ်ပါဝင်ပတ်သက်သူများအားလုံးအတွက် ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်သော စွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် ရေ့ရေးပြီးမံကိန်းလုပ်ငန်းစဉ်များကို မဟာဗျူဟာများပေါင်းစပ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

+++++

PDF Compressor Free Version

အသေးစားသစ်တောထွက်ပစ္စည်း ဟလာအခွန်ကောက်ခံခြင်း

မိမ်းဂိန်းနှင့်ဓာရင်းဘင်းဌာန

သဘာဝတောများမှ လူသားတို့အတွက် နေစရာ၊ စားစရာ၊ ဆေးဖက်ဝင်ပစ္စည်း အစရှိသည့် ပစ္စည်း အမယ်များစွာကို ဖြည့်ဆည်းပေးခဲ့သည်မှာ ရှေးခေတ်ကာလမှစ၍ ယနေ့အချိန်ထိပင် ဖြစ်ပါသည်။ ထိုသို့ပစ္စည်းများ ထုတ်လုပ်အသုံးချ၍ရသလို သဘာဝတောများမှ အပန်းဖြေ နားနေမှု၊ အောက်စီဂျင်ကဲ့သို့သောဓာတ်ငွေ့ကို 'သစ်တော သစ်ပင်များမှ' ထုတ်လုပ်ပေးလျက်ရှိပါသည်။ သစ်တောများမှထွက်ရှိသည့် (သို့) ထုတ်လုပ်အသုံးချသည့်ပစ္စည်းများကို သစ်တောထွက်ပစ္စည်းဟု သတ်မှတ်ခဲ့ကြပါသည်။ အဆိုပါပစ္စည်းများကို ထပ်မံ၍ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းဟု ထပ်မံခွဲခြားထားပါသည်။ သစ်၊ ထင်း၊ တိုင်၊ မျှောနှင့် မီးသွေးတို့သည် သစ်နှင့်ပတ်သက်သည့် သစ်တောထွက်ပစ္စည်းအမျိုးအစားတွင် ပါဝင်ပြီး ရှားစေး၊ ပြူးခေါက်၊ ငုခေါက်၊ သနပ်ခါး၊ လျော်၊ ဓနိ၊ သက်ကယ်၊ ပျားရည်၊ ပျားဖယောင်း၊ ဖာလာစေ့ စသည်တို့သည် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း (သို့) အသေးစားသစ်တောထွက်ပစ္စည်းအမျိုးအစားတွင် ပါဝင်ပါသည်။

ယနေ့ကာလတွင် သတ်မှတ်ထားရှိသည့် သစ်နှင့် သစ်မဟုတ်သောသစ်တောထွက်ပစ္စည်းတို့နှင့်ပတ်သက်၍ 'သစ်တောထွက်ပစ္စည်းများ' ၏အဓိပ္ပါယ်ကို ၁၉၀၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ(၃)၊ ပုဒ်မခွဲ(၆) ပုဒ်မခွဲငယ်(က)နှင့် (ခ)တွင် အောက်ပါအတိုင်းအဓိပ္ပါယ် ဖွင့်ဆိုထားပါသည်–

(၆)သစ်တောထွက်ပစ္စည်းဆိုသည်မှာ

(က)ကြိုးဝိုင်း သို့မဟုတ် ကြိုးပြင်တောမြေတို့၌ တွေ့ရှိသောသို့မဟုတ် ၎င်းတောများမှထုတ်ယူလာသော၊

(၁)သစ်ပင်များ၊ သစ်ရွက်များ၊ ပန်းများ၊ သစ်သီးများနှင့် အောက်တွင်မဖော်ပြထားသော သစ်ပင်များ၏ အခြားအစိတ်အပိုင်းများ သို့မဟုတ် ၎င်းတို့မှ ထွက်သောပစ္စည်းများ။

(၂)သစ်ပင်ကြီးမဟုတ်သော အပင်ငယ်များ(မြက်၊ နွယ်များ) ရေညှိ၊ ကျူပင်များတို့အပါအဝင်) နှင့် ၎င်းတို့၏ အစိတ်အပိုင်းများ သို့မဟုတ် ၎င်းတို့မှ ထွက်သောပစ္စည်းများ။

(၃)တောတိရစ္ဆာန်များနှင့် သားရေများ၊ အစွယ်များ၊ ချိုများ၊ အရိုးများ၊ ခွာများ၊ လက်သည်းများ၊ပိုးအိမ်များ၊ ပျားရည် ပျားဖယောင်း၊ ငှက်သိုက်များ၊ လင်းနို့ချေးများနှင့် တိရစ္ဆာန်များတို့၏ အခြားအစိတ်အပိုင်းများအားလုံး သို့မဟုတ် ၎င်းတို့မှ ထွက်သောပစ္စည်းများ။

(၄)မြေဆွေး၊ အပေါ်ယံမြေဆီလွှာ၊ ကျောက်ခဲနှင့် ဓာတ်သတ္တုများ (ဂ၀ံ၊ ထုံးကျောက်များ၊ ရေနံစိမ်းများနှင့် ကျောက်မိုင်းထွက်ပစ္စည်းများအားလုံး အပါအဝင်)။

(ခ)ကြိုးဝိုင်း သို့မဟုတ် ကြိုးပြင်တောမြေတွင် တွေ့ရှိသည်ဖြစ်စေ၊ ထိုတောများမှ ထုတ်ယူလာသည်ဖြစ်စေ၊ မယူလာသည်ဖြစ်စေ အောက်ပါပစ္စည်းများလည်း ပါဝင်စေရမည်၊

သစ်၊ မီးသွေး၊ ကြက်ပေါင်စေး၊ ရှား၊ သစ်ဆံ၊ သစ်စေး၊ သဘာဝအရောင်တင်ဆီအမျိုးမျိုး၊ သစ်ခေါက်၊ ချိုတ်၊ မဟူရာပန်းများနှင့် ဖန်ခါးသီးများ။

သစ်တောထွက်ပစ္စည်းအား ၁၉၉၄ ခုနှစ်၊ သစ်တောဥပဒေ၊ ပုဒ်မ(၂)၊ ပုဒ်မခွဲ(၈)နှင့် (စ)တို့တွင် အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်–

(၈)သစ်တောထွက်ပစ္စည်းဆိုသည်မှာ သစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေတွင်ပေါက်ရောက်နေသော သို့မဟုတ် တွေ့ရှိရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီးနှင့် ယင်းတို့မှထွက်ရှိသောပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် တောတိရစ္ဆာန်များ၊ ပိုးမွှားများ၊ ယင်းတို့၏ အစိတ်အပိုင်းများနှင့် ယင်းတို့မှ ထွက်ရှိသောပစ္စည်းများလည်း ပါဝင်သည်၊

(စ)အသေးစားသစ်တောထွက်ပစ္စည်းဆိုသည်မှာ ဤဥပဒေအရ အသေးစားသစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်ကြေညာထားသည့် သစ်တောထွက်ပစ္စည်းများကိုဆိုသည်၊

သစ်တောထွက်ပစ္စည်းအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ၊ ပုဒ်မ(၂)၊ ပုဒ်မခွဲ(၆)တွင် အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်–

(၆)သစ်တောထွက်ပစ္စည်းဆိုသည်မှာ သစ်တောနယ်မြေနှင့်အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေတွင် ပေါက်ရောက်

PDF Compressor Free Version

နေသော သို့မဟုတ် တွေ့ရှိရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီး၊ သစ်ဥသစ်ဖု၊ သစ်ခွ၊ အခြားကပ်ပါးပင်များနှင့် ယင်းတို့မှထွက်ရှိသောပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်များ၊ ပိုးမွှားများ၊ ယင်းတို့၏အစိတ်အပိုင်းများနှင့် ယင်းတို့မှ ထွက်ရှိသောပစ္စည်းများလည်းပါဝင်သည်။

အလားတူ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ၊ ပုဒ်မ(၂)၊ ပုဒ်မခွဲ(၃)တွင် အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်–

(၃)သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ကြေညာထားသည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို ဆိုသည်။

ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေအရ ၁၉၀၂ ခုနှစ်၊ သစ်တောဥပဒေတွင် သစ်တောထွက်ပစ္စည်းဟု တစ်မျိုးတည်းအဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းခဲ့သော်လည်း ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေတွင် သစ်တောထွက်ပစ္စည်းအမျိုးအမည်နှင့် အသေးစားသစ်တောထွက်ပစ္စည်းအမျိုးအမည်ကိုခွဲခြား၍ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေတွင် အသေးစား သစ်တောထွက်ပစ္စည်းအမည်ကို သစ်မဟုတ်သည့်သစ်တောထွက်ပစ္စည်းအမည်သို့ပြောင်းလဲ၍ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ သစ်တောထွက်ပစ္စည်းနှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို သစ်တောမြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသည့်မြေမှ ထွက်ရှိသည့်ပစ္စည်းဟု သစ်တောဥပဒေ(၃)ခုတွင် တစ်ညီတည်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ထိုသို့ပြဋ္ဌာန်းချက်အရ သစ်တောနယ်မြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်းနှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနက စီမံခန့်ခွဲခွင့်၊ အခွန်အခ ကောက်ခံခွင့် ရရှိနေခြင်းဖြစ်ပါသည်။

သစ်တောထွက်ပစ္စည်းနှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း အဓိပ္ပါယ်ဖွင့်ဆိုချက်အရ သစ်တောဦးစီးဌာနက စီမံခန့်ခွဲဆောင်ရွက်ရန် ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်များ သတ်မှတ်ခဲ့ပါသည်။ ၁၉၀၂ ခုနှစ်၊ သစ်တောဥပဒေ၊ ပုဒ်မ(၃၂)တွင် အစိုးရစီရင်ပိုင်ခွင့်ရှိသော မြေမှဖြစ်စေ၊ အခြား မည်သည့်မြေပေါ်မှဖြစ်စေ၊ စုသိမ်းထုတ်ယူရရှိသော ရှားစေး သို့မဟုတ် စုဆောင်းပြုပြင်၍ရသော ချိပ် သို့မဟုတ် ချိပ်ရိုင်းထွက်ပစ္စည်းမျိုးစုံ သို့မဟုတ် သစ်တောဥပဒေပုဒ်မ(၃)၊ ပုဒ်မခွဲ(၆)(ခ)တွင် ဖော်ပြပါရှိသော အခြားသစ်တောထွက်ပစ္စည်းများအပေါ်၌ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန်တော်ကောက်ယူနိုင်ရေးနှင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အချို့ဒေသများ၌ ရှားများကို အခွန်တော်ကင်းလွတ်ခွင့်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။

သစ်တောထွက်ပစ္စည်းများအား ဥပဒေနှင့်အညီ စီမံခန့်ခွဲနိုင်ရန် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ၊ ပုဒ်မ(၂၀)တွင် အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်–

၂၀။ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို သတ်မှတ်နိုင်သည်–

(က)အသေးစားသစ်တောထွက်ပစ္စည်း အမျိုးအမည်၊

(ခ) အခွန်နှုန်းနှင့် အခြားအခကြေးငွေများ၊

(ဂ) စီးပွားဖြစ်မဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံးအတွက် ခွင့်ပြုမိန့်မလိုဘဲ သစ်တောအရာရှိများက ထုတ်ယူခွင့်ပေးနိုင်သည့်သစ်တောထွက်ပစ္စည်းတစ်ခုချင်း၏အရေအတွက်၊

(ဃ)ခွင့်ပြုမိန့်ပါ စည်းကမ်းဖောက်ဖျက်မှုအတွက် တပ်ရိုက်မည့် ဒဏ်ကြေး၊

(င)စည်းကမ်းချက်များ။

သစ်တောထွက်ပစ္စည်းများအား ဥပဒေနှင့်အညီ စီမံခန့်ခွဲနိုင်ရန် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေတွင် ပြဋ္ဌာန်းထားသကဲ့သို့ ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ၊ ပုဒ်မ(၂၀)တွင်လည်း အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်–

၂၀။ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို သတ်မှတ်နိုင်သည်–

(က)သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း အမျိုးအမည်၊

(ခ) ခရိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအရ ထုတ်လုပ်ရန် သတ်မှတ်ကာလ ပြည့်မီသည့် ဇရိယာအတွင်း နှစ်စဉ်ထုတ်လုပ်ခွင့်ပြုမည့် သစ်မျိုးနှင့် ပမာဏ၊

(ဂ) အခွန်နှုန်းနှင့် အခြားအခကြေးငွေများ၊

(ဃ)သစ်တောထွက်ပစ္စည်း အမျိုးအစားအလိုက် ခွင့်ပြုပေးသင့်သည့် သက်တမ်း၊

(င) စီးပွားဖြစ် မဟုတ်သည့် အိမ်သုံး၊ လယ်ယာလုပ်ငန်းသုံး၊ ငါးဖမ်းလုပ်ငန်းသုံးစသည့် မိမိသုံး၊ သုတေသနနှင့် ပညာပေးလုပ်ငန်းသုံး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းသုံး သို့မဟုတ် ဘာသာရေးလုပ်ငန်းသုံးအတွက် ထုတ်ယူခွင့်ပေးနိုင်သည့် သစ်တောထွက်ပစ္စည်းတစ်ခုချင်း၏အရေအတွက်၊

(စ) ခွင့်ပြုမိန့်ပါ စည်းကမ်းဖောက်ဖျက်မှုအတွက် တပ်ရိုက်မည့် ဒဏ်ကြေး၊

(ဆ)စည်းကမ်းချက်များ။

သစ်တောဝန်ထမ်းများက သစ်တောထွက်ပစ္စည်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲရန် ဥပဒေ ပုဒ်မ များဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးခြင်းနှင့်အတူ သစ် မဟုတ်သည့် သစ်တောထွက်ပစ္စည်း အမျိုး

PDF Compressor Free Version

အမည်များကိုလည်း သတ်မှတ်ပြဋ္ဌာန်းရပါသည်။ ၁၉၉၂ ခုနှစ်၊သစ်တောဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က)အရ အသေးစားသစ်တောထွက် ပစ္စည်းအမျိုးအမည်၊ ကောက်ခံမည့်အခွန်နှုန်းထားများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးက ၈–၄–၁၉၉၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၅/၉၇ စာ အမှတ် ၂/၁ရ၀(စ)၉(၁)/ (၆၅၂/၉၇) (မိတ္တူပူးတွဲ) ဖြင့် ထုတ်ပြန်ကြေညာပြဋ္ဌာန်းခဲ့ပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာတွင် သစ်တောထွက်ပစ္စည်းများအပေါ် ကောက်ခံရမည့်အခွန်တော်နှုန်းများကို ဖော်ပြထားပြီး ဒေသပေါက်ဈေး၏ ၂၅ % ကောက်ခံရမည့် အခြားသစ်တောထွက်ပစ္စည်းအမျိုးအမည်စာရင်းကို နောက်ဆက်တွဲဇယား(၂)တွင် ဖော်ပြထားပါသည်။ ဒေသပေါက်ဈေး၏ ၂၅% ကောက်ခံရမည့် အခြားသစ်တောထွက်ပစ္စည်းအမျိုးအစားများ၏ ကောက်ခံရမည့်နှုန်းထားကို ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(ယခင်)၏ (၆)လတစ်ကြိမ် တင်ပြသဘောတူညီမှုရယူဆောင်ရွက်ရပါသည်။ အဆိုပါ ဒေသပေါက်ဈေး ၂၅% အခွန်တော်ကောက်ခံသော အခြားသစ်တောထွက်ပစ္စည်း (၃၃)မျိုးတွင် ဖာလာစေ့သည် အမယ်တစ်မျိုးအဖြစ် ပါဝင်ပါသည်။ ဖာလာခေါ် ချဉ်ပေါင်ဖာလာနှင့်ပတ်သက်၍ ဆက်လက်တင်ပြပါမည်။

သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့် အခြားသစ်တောထွက်ပစ္စည်းစာရင်းတွင် ပါဝင်သည့် ဖာလာသည် ဒေသအခေါ်အားဖြင့် ချဉ်ပေါင်ဖာလာဟု ခေါ်ဝေါ်သတ်မှတ်ထားပါသည်။ ချဉ်ပေါင်ဖာလာသည် ထမဆိုင်းပင် သို့မဟုတ် တံမြက်စည်းပင်နှင့် ဆင်တူပြီး ရွက်ကြောပြိုင် အပင်အမျိုးအစားဖြစ်ပြီး သစ်ပင်ကြီးများ အောက်တွင် ရှင်သန်နိုင်သည့် အပင်ငယ်မျိုးဖြစ်ပါသည်။ ရုက္ခဗေဒအမည်အားဖြင့် *Elettaria cardamomum* (Roxb)Maton ဖြစ်၍ Zingiberaceae မျိုးရင်းပင် အပင်မျိုးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ချဉ်ပေါင်ဖာလာကို နေပြည်တော်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ထုတ်လုပ်ပါသည်။ ကရင်ပြည်နယ်တွင် အများဆုံးစိုက်ပျိုးထုတ်လုပ်ပါသည်။ ကရင်ပြည်နယ်ရှိ သံတောင်ကြီးမြို့နယ်နှင့် ဖာပွန်မြို့နယ်တို့တွင် အများဆုံး ထုတ်လုပ်ပါသည်။ ဖာလာပင်သည် သဘာဝတောတွင် မူလကတည်းက အလေ့ကျပေါက်ရောက်သည့် အပင်ငယ်မျိုးဖြစ်ပြီး ဈေးကွက်တောင်းဆိုမှုနှင့် စိုက်ပျိုးရန်မြေနေရာ ရရှိမှုတို့အရ ဒေသခံပြည်သူများက တစ်စတစ်စ တိုးချဲ့၍ စိုက်ပျိုးထုတ်လုပ်ရောင်းချခဲ့ကြသည်မှာ ယနေ့အထိတိုင် ဖြစ်ပါသည်။ ချဉ်ပေါင်ဖာလာသည် အောက်ခံပေါင်းပင်မျိုးဖြစ်၍ အပြင့် ၁၀ လက်မမှ ၆ ပေအထိ ရှိတက်သော မြေတွင်းအမြစ်မှား (Creeper)အပင်မျိုးဖြစ်ပြီး အမြစ်မှားများမှ အပင်ငယ်များ ပေါက်ရောက်သည့် အပင်မျိုးဖြစ်ပါသည်။ အရွက်သည် အစိမ်းရောင်ရှိပြီး အရွက်ထိပ်ချွန်၍ ရွက်လွဲထွက်သည့် အပင်အမျိုးအစားဖြစ်ပါသည်။ အရွက်အလျား ၁၂ လက်မ ခန့်ရှိပြီး အနံ ၃.၅ လက်မခန့်ရှိ၍ ၄က်မွေးပုံစံရှက်ဖြစ်၍ ပြောင်ချောနေပါသည်။ အပွင့်သည် နှစ်စဉ် ဇွန်လတွင်ပွင့်ပြီး အပွင့်မှာငယ်၍ အဖြူရောင်ရှိပါသည်။ အပွင့်သည် အမြစ်မှားများမှ အပင်ခြေရင်းတွင် ကပ်၍ပွင့်တတ်ပါသည်။ အသီးသည် အပွင့်ပွင့်ပြီး နှစ်ပတ်ခန့်အကြာတွင် စတင်အသီးသီးပါသည်။ အသီးသည် ဆီးသီးအရွယ်ခန့်ရှိ၍ အစိမ်းရောင်ရှိပါသည်။ နှစ်စဉ် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အသီးများဆွတ်ခူး၍ အခြောက်လှန်းပါသည်။ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်နှင့် ဖာပွန်မြို့နယ်တို့တွင် ချဉ်ပေါင်ဖာလာတစ်ဧက ထွက်ရှိနှုန်းမှာ အသီးခြောက် (၂၀)ပိဿာမှ (၁၅)ပိဿာထိ၊ အစေ့(၁၀)ပိဿာမှ (၁၅)ပိဿာအထိ ထွက်ရှိပါသည်။

စိုက်ပျိုးသည့်ဒေသတွင် ဖာလာစေ့တစ်ပိဿာလျှင် ကျပ်(၅,၀၀၀)ခန့်ဖြစ်ပြီး မြို့သို့ရောက်ရှိပါက ကျပ်(၈,၀၀၀) မှ ကျပ်(၁၀,၀၀၀)ခန့်အထိ ရရှိပြီး လမ်းပန်းဆက်သွယ်ရေး အခြေအနေကြောင့် သယ်ယူမှုအခြေအနေအရ ချဉ်ပေါင်ဖာလာစေ့ တစ်ပိဿာပေါက်ဈေးနှုန်း အပြောင်းအလဲရှိပါသည်။ ဈေးကွက်တွင် ဖာလာအသီးခြောက်ကို အများအားဖြင့် ရောင်းချလေ့ရှိပြီး ကုန်သည်များ၏ လက်ဝယ်သို့ရောက်ရှိပြီး ဈေးကွက်တင်ပို့မှု အခြေအနေအရသာ အစေ့အဖြစ်ပြုပြင်၍ ရောင်းချလေ့ရှိပါသည်။ ၂၀၁၄ ခုနှစ်တွင် ချဉ်ပေါင်ဖာလာ တစ်ပိဿာလျှင် အခွန်တော် နှုန်း ကျပ်(၂၅၀)ဖြင့်ကောက်ခံခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ဖာလာ အခြောက်တစ်ပိဿာလျှင် အခွန်(၂၀၀)ကျပ် ကောက်ခံ ဆောင်ရွက်လျက်ရှိပါသည်။ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့တွင် သစ်တောမြေအတွင်း ဖာလာစိုက်ပျိုးဧက(၂၄,၀၁၄)ဧကရှိပြီး ဖာပွန်မြို့နယ်ရှိ သစ်တောမြေတွင် ဖာလာစိုက်ဧက (၁,၆၈၆) ဧက ရှိပါသည်။ ကရင်ပြည်နယ်၊ သစ်တောမြေအတွင်း စာရင်းကောက်ယူထားရှိသည့် ဖာလာစိုက်ဧက (၂၅,၇၀၀)ဧက ရှိပါသည်။ အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေတွင် ဖာလာစိုက်ပျိုးဧကအမှန်ကို ကောက်ယူထားခြင်းမရှိ၍ ကိန်းဂဏန်းတင်ပြနိုင်ခြင်း မရှိပါ။ အလားတူ ကယားပြည်နယ်နှင့် နေပြည်တော် တို့တွင်လည်း ဖာလာစိုက်ပျိုးသည့်ဧရိယာများကို စာရင်းကောက်ယူထားခြင်းမရှိပါ။

ကရင်ပြည်နယ်၊ မြို့နယ်နှစ်မြို့နယ်၏ ဖာလာထုတ်လုပ်မှုသည် စိုက်ဧကအရ ဖာလာသီးခြောက် တစ်နှစ်လျှင် ပိဿာချိန် ပျမ်းမျှ(၅၅၀,၀၀၀)ခန့် ထွက်ရှိသည်

PDF Compressor Free Version

ဟု ခန့်မှန်းရပါသည်။ သစ်တောမြေမှ ထွက်ရှိမှုကိုသာ တွက်ချက်တင်ပြခြင်းဖြစ်ပြီး အစိုးရကစီမံခန့်ခွဲခွင့်ရှိသော မြေမှထွက်ရှိမှုများလည်း ရှိနိုင်ပါသည်။ ထွက်ရှိသော ဖာလာသီးခြောက်များကို တစ်ပိဿာလျှင် အခွန်တော် ကျပ် (၂၀၀)နှုန်းဖြင့် အခွန်ကောက်ခံမည်ဆိုပါက ကျပ်သိန်း ပေါင်းထောင်ချီရရှိနိုင်ပါသည်။

ဖာလာသီးကို အခွန်ကောက်ခံရာတွင် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပြဋ္ဌာန်းချက်နှင့် အဝိပ္ပါယ်ဖွင့်ဆိုချက်များအရ သစ်တောမြေနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေမှထွက်ရှိသည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းတွင်ပါဝင်သည့် ဖာလာ(ခေါ်)ချဉ်ပေါင်ဖာလာကို သစ်တောဦးစီးဌာနက အခွန်တော်ကောက်ခံခွင့်ရှိပါသည်။ ၂၀၁၄ ခုနှစ်တွင် ဒေသခံများ၏ တောင်းဆိုမှုနှင့် လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုအရ သစ်တောနယ်မြေပြင်ပတွင် စိုက်ပျိုးထားသည့် သနပ်ခါးနှင့်ချဉ်ပေါင်ဖာလာစိုက်ကေတို့ကို သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်စေ၍ သစ်တောမြေပြင်ပ ပုဂ္ဂလိကပိုင်မြေနှင့် ကိုယ်ပိုင်ဥယျဉ်ခြံမြေများမှ စိုက်ပျိုးထွက်ရှိသည့် အသေးစား သစ်တောထွက်ပစ္စည်းများအပေါ် အခွန်တော်ကောက်ခြင်း မရှိဘဲကင်းလွတ်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထားရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ညွှန်ကြားရေးမှူးချုပ်ရုံး၊ သစ်တောဦးစီးဌာနက ၆-၅-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ လင/စခ/ ၀၀၃(၃၄၄-၆၇/၁၄)(မိတ္တူပူးတွဲ) ဖြင့် ထုတ်ပြန်ထားပါသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အရ ပုဂ္ဂလိကပိုင်မြေနှင့် ကိုယ်ပိုင်ဥယျဉ်ခြံများရှိ သနပ်ခါးပင်နှင့်ချဉ်ပေါင်ဖာလာစိုက်ကေများကို သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်မှသာလျှင် သစ်တောဦးစီးဌာနက အခွန်ကောက်ခံခွင့်မရှိဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့၏ သဘောထားရယူ၍သာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သစ်တောမြေအတွင်း စိုက်ပျိုးထုတ်လုပ်မှုများကို သစ်တောဦးစီးဌာနက အခွန်တော်ကောက်ခံခွင့်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ ပြဋ္ဌာန်းချက်များအရလည်း တရားဝင်ပါသည်။

သနပ်ခါးနှင့် ချဉ်ပေါင်ဖာလာကို ပြည်ပသို့ တင်ပို့ရာတွင် သစ်တောဦးစီးဌာန၏ ထောက်ခံချက်ရယူရန် ကိစ္စနှင့်ပတ်သက်၍ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပြန်ကြားခဲ့သည့် ကိစ္စရပ်တစ်ခုရှိခဲ့ပါသည်။ သနပ်ခါးနှင့် ဖာလာတို့ကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် သစ်တောထွက်ပစ္စည်းထဲတွင် ပါဝင်နေသည့်အတွက် သစ်တောဦးစီးဌာန၏ ထောက်ခံချက်များ၊ လျှောက်ထားရယူ တင်ပို့နေရကြောင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် မြန်မာ့အလှကုန်အသင်း (သနပ်ခါးကော်မတီ) တို့မှ လည်း ၎င်းကိစ္စကို အစည်းအဝေးများတွင် မကြာခဏ တင်ပြဆွေးနွေးလျက်ရှိပါသဖြင့် သနပ်ခါး၊ ဖာလာအပါအဝင် သစ်တောဥပဒေအရ ထောက်ခံချက်ရယူရန် လိုအပ်သည့် ထုတ်ကုန်ပစ္စည်းများ၏ စာရင်းနှင့် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များကို ပြုစုပေးပို့နိုင်ပါရန်၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အကြောင်းကြားမှုအပေါ် သစ်တောမြေနှင့် သဘာဝတောများတွင်ပေါက်ရောက်နေသည့် သနပ်ခါးနှင့်ဖာလာအပါအဝင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားခြင်း၊ ပြည်ပတင်ပို့ခြင်းကိစ္စရပ်များအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များအရ သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့် အခွန်တော်ငွေအားပေးဆောင်ရန် လိုအပ်ပါကြောင်း၊ သစ်တောဦးစီးဌာန၏ ထောက်ခံချက်ရယူရန် လိုအပ်ပါကြောင်း၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ သစ်တောဦးစီးဌာနက ၂၉-၅-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ လင/အခ/ ၀၀၁၈ (၆၇၂၇/၂၀၁၇)ဖြင့် ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ အကြောင်းကြားခဲ့ပါသည်။

တည်ဆဲသစ်တောဥပဒေအရလည်းကောင်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များအရလည်းကောင်း ဖာလာ သို့မဟုတ် ချဉ်ပေါင်ဖာလာသည် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းတွင်ပါဝင်ပြီး သစ်တောမြေ ပြင်ပတွင် စိုက်ပျိုးထားပြီး သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ထားမှသာ သစ်တောဦးစီးဌာနက အခွန်ကောက်ခံခွင့်မရှိဘဲ သစ်တောမြေမှထွက်ရှိသည့် ဖာလာကို သစ်တောဦးစီးဌာနက မလွဲမသွေ အခွန်ကောက်ခံရမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်၊ သစ်တောဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆)လအတွင်း ဖာလာအခွန်တော် ကောက်ခံရာတွင် ဖာလာ(၃၆၄၀)ပိဿာကောက်ခံရရှိကြောင်း၊ နယ်မြေဒေသ အခြေအနေကြောင့် လျှာထားချက်ပြည့်မီခြင်းမရှိကြောင်းလည်း သိရှိရပါသည်။ ဖာလာအများဆုံးထွက်ရှိသည့် ဒေသသည် ဥပဒေစိုးမိုးမှုမရှိသည့် ဒေသဖြစ်ပါက အခွန်ကောက်ခံရာတွင် အခက်အခဲရှိနိုင်သော်လည်း ဥပဒေစိုးမိုးသည့်ဒေသသို့ ရောက်ရှိလာသည့်ဖာလာများကို ရောက်ရှိသည့်ဒေသ သစ်တောဝန်ထမ်းများက အခွန်ကောက်ခံဆောင်ရွက်သင့်ပါသည်။ သို့မဟုတ်ပါက ဌာန၏အခွန်တော် နစ်နာနိုင်ပါသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့်ဖာလာကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့သို့ တင်ပို့နေသည်ဟုသိရှိရ၍ သယ်ယူရာလမ်းကြောင်း တစ်လျှောက်တွင်လည်း ကြေပ်မတ်ဆောင်ရွက်စေသင့်ပါသည်။ ။

PDF Compressor Free Version

မိုးခေါင်ခြင်း နှင့် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး

တောပင်ကို တော်တော်နုတ်ကြ
တောပြုတ်လိမ့် နောက်နောင်
တောပြုတ်လို့ တောခြောင်
မိုးခေါင်တော့မှာပဲ
မိုးခေါင်လို့ ရေမကြွယ်
သဲပင်လယ် ဖြစ်လိမ့်မလဲ။

ဇော်ဂျီ

သဲကန္တာရဖြစ်ထွန်းခြင်း

သစ်တောများသည် လူသားများအတွက် သစ်၊ ထင်း၊ ဝါး၊ ဆေး၊ အဝတ်အထည်၊ အစားအစာ၊ အစရှိသည့်သစ်တောထွက်ပစ္စည်းများသာမက ဇီဝမျိုးစုံ မျိုးကွဲများထိန်းသိမ်းခြင်း၊ ရေနှင့် လေကောင်း လေသန့်ရရှိစေရန် သန့်စင်ပေးခြင်း၊ ကမ္ဘာ့လေထုအား ပူနွေးစေပြီး ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ စုပ်ယူသိုလှောင်ပေးခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုအား တားဆီးပေးခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် အထောက်အပံ့ပြုလျက်ရှိပါသည်။ ထို့ကြောင့် 'သစ်တောများသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖြစ်သည်' ဟုဆိုနိုင်ပါသည်။

ဆရာဇော်ဂျီ၏ ကဗျာလေးသည် သစ်တောသစ်ပင်များ၏အကျိုးကျေးဇူးကိုဖေါ်ညွှန်းနေပြီး သစ်ပင် သစ်တောများကို စည်းမဲ့ကမ်းမဲ့ခုတ်ယူမှုများကြောင့် သစ်တောများပြုန်းတီးပြီး မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မြေဆီလွှာပျက်စီးပြီး နောက်ဆုံးတွင် သဲပင်လယ်၊ သဲကန္တာရများဖြစ်သွားနိုင်ကြောင်း ထိထိမိမိ ဆုံးမညွှန်ပြထားပါသည်။ မြန်မာနိုင်ငံသည် သယံဇာတများ ပေါများသည်ဆိုသော်လည်း အကန့်အသတ်ဖြင့်သာရှိပါသည်။ သစ်တောများ၏ နှစ်စဉ်တိုးပွားနှုန်းထက် ပိုမိုခုတ်ယူသုံးစွဲပါက သစ်တောများပြုန်းတီးပြီး ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ မိုးခေါင်ခြင်းနှင့် နောက်ဆုံးတွင် သဲပင်လယ်၊ သဲကန္တာရများ ဖြစ်ပေါ်လာနိုင်ပါသည်။ သဲကန္တာရဖြစ်ထွန်းခြင်းကြောင့် စိုက်ပျိုးသီးနှံအထွက်နှုန်း ကျဆင်းလာခြင်း၊ မွေးမြူရေးလုပ်ငန်းများအထွက်နှုန်း နည်းပါးလာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပြီး လူမှုစီးပွားရေး အခက်အခဲများတိုးပွားလာခြင်း၊ ဆင်းရဲနွမ်းပါးမှုမြင့်မားလာခြင်း၊ ကျန်းမာရေးချို့ယွင်းခြင်း၊ ပညာရေးနိမ့်ကျခြင်း စသည့်နောက်ဆက်တွဲပြဿနာများစွာဖြစ်ပေါ်လာပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်လာမည်ဖြစ်သည်။

ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combat Desertification-UNCCD) အဖွဲ့က သဲကန္တာရဖြစ်ထွန်းလာမှု ဝိသေသလက္ခဏာများကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်–

- ❖ မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ မိုးရွာသွန်းမှု အကြိမ်ရေ နည်းပါးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊
- ❖ လေထုနှင့်မြေထု အပူချိန်မြင့်မားမှုဒဏ် ကြာရှည်စွာခံစားရခြင်း၊
- ❖ အပူချိန် အတက်အကျလွန်ကဲခြင်း၊
- ❖ မြေဆီလွှာ ရေငွေ့ပျံမှုနှုန်းမြင့်မားခြင်း၊
- ❖ စိုထိုင်းဆနိမ့်ခြင်း၊
- ❖ မြေဆီခြောက်ခမ်းခြင်းနှင့် မြေအရည်အသွေး အဆင့်အတန်းနိမ့်ကျခြင်း
- ❖ ရေနှင့်လေတိုက်စားမှုကြောင့် အပေါ်ယံမြေဆီလွှာ တိုက်စားမှုများခြင်း။

PDF Compressor Free Version

သဲကန္တာရဖြစ်ထွန်းခြင်းနှင့်မိုးခေါင်ခြင်း အကျိုးသက်ရောက်မှုများ

သဲကန္တာရဖြစ်ထွန်းမှုသည် အဓိကကျသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သည်။ သစ်နှင့် ထင်းများ အလွန်အကျွံထုတ်ယူခြင်း၊ စိုက်ပျိုးမြေများချဲ့ထွင်ခြင်း၊ သတ္တုတူးဖေါ်ခြင်း၊ ဆည်တာတမံများတည်ဆောက်ခြင်း၊ စားကျက်ချခြင်း၊ မြို့ရွာများတိုးချဲ့တည်ထောင်ခြင်း စသည့် လုပ်ဆောင်ချက်များကြောင့် အပူပိုင်းဒေသ သစ်တောများ ပြုန်းတီးခြင်း၊ မြေဆီလွှာပျက်ဆီးခြင်းများဖြစ်ပေါ်ပြီး အပူပိုင်းဂေဟာစနစ်ပျက်စီးကာ သဲကန္တာရဖြစ်ထွန်း လာခြင်းဖြစ်သည်။ မြေဆီလွှာပျက်စီးခြင်း၊ မိုးခေါင်ပြီးပူပြင်းခြောက်သွေ့ခြင်းကြောင့် စားနပ်ရိက္ခာထုတ်လုပ်နိုင်မှုမရှိတော့သဖြင့်အဆိုပါဒေသနေပြည်သူများ လူမှုစီးပွားဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်ကြရသည်။

ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်းအရ ယနေ့အချိန်တွင် သဲကန္တာရဖြစ်ထွန်းလာသော ဝိသေသလက္ခဏာများကြောင့် ကမ္ဘာတဝှမ်းစိုက်ပျိုးနိုင်သော မြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းခန့်ထိ အရည်အသွေးကျဆင်းခဲ့ကြောင်း သိရပါသည်။ အပူပိုင်းဒေသများသည် သဘာဝအားဖြင့် ပူပြင်းခြောက်သွေ့ပြီး ထိရှလွယ်သောသဘောရှိပါသည်။ ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ ထုတ်ပြန်မှုများအရ သဲကန္တာရဖြစ်ထွန်းနိုင်သောအခြေအနေများကြောင့် နောင် (၁၀) နှစ်အတွင်း လူသန်းပေါင်း (၅၀) ကျော် အပူပိုင်းဒေသ နေရပ်ဒေသမှအခြားဒေသများသို့ ပြောင်းရွှေ့ကြရမည် ဖြစ်ကြောင်းခန့်မှန်းထားပါသည်။ ၂၀၅၀ ပြည့်နှစ်တွင် မိုးခေါင်မှုနှင့် ပူပြင်းခြောက်သွေ့မှုအကျိုးဆက်များသည် ကမ္ဘာလူဦးရေ၏ လေးပုံသုံးပုံအပေါ် သက်ရောက်နိုင်မည်ဟုလည်း ခန့်မှန်းထားပါသည်။ ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး မိုးခေါင်မှုကာလနှင့် အကြိမ်အရေအတွက်သည် ၂၉ ရာခိုင်နှုန်းတိုးလာခဲ့ပြီး၊ လူပေါင်း ၅၅ သန်းသည် မိုးခေါင်မှုဒဏ်ကို နှစ်စဉ်ခံစားရမည်ဖြစ်ကြောင်း၊ ၂၀၄၀ ပြည့်နှစ်တွင် ကလေး ၄ ဦးလျှင် တစ်ဦးနှုန်း ရေပြတ်လပ်မှုဒဏ်ခံစားရမည်ဖြစ်ကြောင်း၊ ၁၉၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မိုးခေါင်မှု၊ ပူပြင်းခြောက်သွေ့မှုကြောင့် လူပေါင်း ၂.၅ သန်း အပေါ် သက်ရောက်ခဲ့ပြီး ၁၁.၅ သန်း အသက်ဆုံးရှုံးခဲ့ရကြောင်း ဖေါ်ပြထားပါသည်။

အပြည်ပြည်ဆိုင်ရာ သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှု တိုက်ဖျက်ရေးနေ့

သဲကန္တာရဖြစ်ထွန်းမှုများသည် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးပျောက်ကွယ်ခြင်းများကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကြီးမားဆုံးသောစိန်ခေါ်မှုဖြစ်သည်။ ထို့ကြောင့် ၁၉၉၄ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း(UNCCD)ကို တည်ထောင်ခဲ့ပြီး ဆုံးဖြတ်ချက်အမှတ် A/RES/49/115 ဖြင့် နှစ်စဉ် ဇွန်လ(၁၇)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ရေးနေ့ (International Day Against Desertification, and Drought") ဟုသတ်မှတ်ခဲ့ပါသည်။ယခုနှစ်အတွက် ဆောင်ပုဒ်မှာ **'မိုးခေါင်မှုမှ လွတ်မြောက်ဖို့၊ သစ်ပင်အတူ စိုက်ကြစို့'** (Rising Up From Drought Together) ဖြစ်ပါသည်။

အပူပိုင်းဒေသတွင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်း၊ ရေသယံဇာတများ ထိန်းသိမ်းခြင်း၊ ရေဝေရေလဲ သစ်တောများထိန်းသိမ်းခြင်းဖြင့် သဲကန္တာရဖြစ်ထွန်းနိုင်မှုများကိုတိုက်ဖျက်ရန်နှင့် အပူပိုင်းဂေဟာစနစ်များ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြင့်တင် ဆောင်ရွက်ရန်ရည်ရွယ်ပြီး သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ရေးနေ့သည် ထင်ရှားသောအထိမ်းအမှတ်နေ့တစ်နေ့ဖြစ်ပြီး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကုလသမဂ္ဂသစ်တောဖိုရမ် အစရှိသည့်အဖွဲ့များက ကြီးမှူးရှေ့ နှစ်စဉ် ဇွန်လ ၁၇ ရက်နေ့ ရောက်တိုင်း 'ကုလသမဂ္ဂ သဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း' အဖွဲ့ဝင်နိုင်ငံအသီးသီးသည် အထိမ်းအမှတ်ပွဲများ ကျင်းပကာ သဲကန္တာရတိုက်ဖျက်ရေး အသိပညာပေးရေးလုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများ၊ တိုးချဲ့ပညာပေးရေးလုပ်ငန်းများကို ပိုမိုအာရုံစိုက် အလေးထားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှု တိုက်ဖျက်ရေးအတွက် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိကို ကုလသမဂ္ဂသဲကန္တာရနှင့် သဲကန္တာရတိုက်ဖျက်ရေး ဆယ်စုနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိကို ကုလသမဂ္ဂဂေဟာစနစ် ပြန်လည်တည်ထောင်ရေးဆယ်စုနှစ်အဖြစ်သတ်မှတ်ပြီး သစ်တောဂေဟာစနစ်များပြန်လည်တည်ထောင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ သဲကန္တာရဖြစ်ထွန်းမှုနှင့်မိုးခေါင်မှုတိုက်ဖျက်ရေးအတွက် ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်းက အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် တိုက်တွန်းထားပါသည်–

- သစ်တောများ ပြန်လည်တည်ထောင်ခြင်း ၊ သဘာဝတောများ ထိန်းသိမ်းခြင်း၊ ဓမ္မတာ မျိုးဆက်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊
- ရေများကိုချွေတာသုံးစွဲခြင်း၊ သန့်စင်ပြီး ပြန်လည်သုံးစွဲခြင်း၊ မိုးရေကို စနစ်တကျ စုဆောင်းအသုံးပြုခြင်းများအပါအဝင် ရေသယံဇာတများ ထိန်းသိမ်းခြင်းနှင့် စနစ်တကျစီမံခန့်ခွဲခြင်း၊
- လေတိုက်စားမှု၊ ရေတိုက်စားမှုများကာကွယ်ရန် အတွက် မြေဆီလွှာအကာအကွယ် အဖြစ်ရှင်သန်နိုင်မည့် ဒေသမျိုးရင်းအပင်များ၊ ကြီးမြန်သစ်ပင်များ၊ အပူဒဏ်ခံနိုင်သော အပင်များစိုက်ပျိုးခြင်း၊
- လယ်၊ယာအစပ်များတွင် သစ်ပင်များစိုက်ပျိုးခြင်း၊

PDF Compressor Free Version

အိမ်ခြံဝင်းအတွင်း Home Garden ကဲ့သို့ သစ်ပင်မျိုးစုံ တစ်နှင်တစ်ပိုင်စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မ စိုက်ခင်းများတည်ထောင်ခြင်း၊ ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်ခြင်း။

- သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနှင့် ကိုင်းချိုင်ခြင်းမှရရှိလာသော သစ်ရွက်၊ သစ်ကိုင်းများကို အပင်ခြေတွင်စုပုံပြီး မြေဆီလွှာအား အကာအကွယ်ပေးခြင်း။

မြန်မာနိုင်ငံနှင့် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး

မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၏ အပူပိုင်းဇုန်အတွင်းကျရောက်သော မြို့နယ်များသည် မိုးရေချိန်လက်မ ၄၀ အောက်သာရရှိပြီး အပူချိန် ၄၅.၂ ဒီဂရီဆဲလ်ဆီးယပ်ထိမြင့်မားပြီး ခြောက်သွေ့ကာလမှာလည်း နိုဝင်ဘာလမှ မေလအထိတိုင် ကြာရှည်ပါသည်။ မြေတိုက်စားမှုများပြီး အပေါ်ယံမြေဆီလွှာကုန်ခမ်းပြီးအပင်များ သဘာဝမျိုးဆက်ရန်ပင် ခက်ခဲလှပါသည်။ သစ်ပင်သစ်တောများနည်းပါးခြင်းကြောင့် အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးပြီး သဲကန္တာရဖြစ်ထွန်းနိုင်သည့်အခြေအနေများ (desert-like formation) ကိုတွေ့မြင်နိုင်ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလတွင် ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCCD)အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက Focal ဌာနအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ယနေ့အထိ 'ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း' (UNCCD)တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၇ နိုင်ငံရှိပြီး သဲကန္တာရဖြစ်ထွန်းမှုများ ဖြစ်ပေါ်နေသောနိုင်ငံပေါင်း ၇၀ တွင် နိုင်ငံအဆင့် သဲကန္တာရတိုက်ဖျက်ရေးစီမံချက်များရေးဆွဲပြီး အကောင်အထည် ဖော်နိုင်ရေး ပူးပေါင်းကူညီပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ' ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း' အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး အတွက်နည်းလမ်းမျိုးစုံဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျွန်များပြုစုထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းက သစ်တောစိုက်ခင်းများ စတင်တည်ထောင်ခဲ့ပြီး ၁၉၆၃ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ သစ်တောဦးစီးဌာနက ဆက်လက် တာဝန်ယူစိုက်ပျိုးလုပ်ကိုင်ခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် အထူးဒေသ (၉) ခရိုင်စိမ်းလန်းစိုပြည်ရေး၊ ၁၉၉၅ ခုနှစ်တွင် (၁၃) ခရိုင် စိမ်းလန်းစိုပြည်ရေးအဖြစ် လုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဖွဲ့စည်းတည်ထောင်ကာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ တစ်စိုက်မတ်မတ်ဆောင်ရွက်ခဲ့ပါသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန အနေဖြင့် နှစ် (၃၀) အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဘက်စုံစီမံကိန်း (၂၀၀၁–၂၀၀၂ မှ ၂၀၃၀–၂၀၃၁ ခုနှစ် အထိ) ရေးဆွဲပြီး သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျွန်များထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားအခြားလောင်စာများတိုးမြှင့်သုံးစွဲခြင်းနှင့် ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ အပူပိုင်းဒေသတောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သစ်တောထိန်းသိမ်းရေးအသိပညာပေးရေး၊ တိုးချဲ့ပညာပေးရေးလုပ်ငန်းများ ကိုဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဦးစီးဌာနအနေဖြင့်လည်း နှစ် (၃၀) အမျိုးသား သစ်တောကဏ္ဍပင်မစီမံကိန်း (၂၀၀၁–၂၀၀၂ မှ ၂၀၃၀–၂၀၃၁ ခုနှစ်အထိ)၊ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (၂၀၁၆–၂၀၁၇ မှ ၂၀၂၅–၂၀၂၆ ခုနှစ်အထိ)၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇–၂၀၁၈ ခုနှစ်မှ ၂၀၂၆–၂၀၂၇ ခုနှစ်အထိ) ရေးဆွဲလျက် အပူပိုင်းဒေသအပါအဝင် ဂေဟစနစ်အမျိုးမျိုးရှိ တောနိမ့်၊ တောပျက်များတွင် စီးပွားရေးစိုက်ခင်းများ၊ ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ၊ သီးနှံသစ်တောရောနှောစိုက်ခင်းများ၊ မြို့ပြသစ်တောများ တည်ထောင်ခြင်း၊ သစ်တောဥယျာဉ်များတည်ထောင်ခြင်း၊ မြစ်ချောင်း အင်းအိုင် ပတ်ဝန်းကျင်နှင့် ကမ်းရိုးတစ်လျှောက် သဘာဝသစ်ပင်သစ်တောဂေဟစနစ်များထိန်းသိမ်းခြင်း တို့ကိုဆောင်ရွက်ခြင်းဖြင့် အပူပိုင်းဂေဟစနစ်ပြန်လည်တည်ထောင်ရေးအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အပူပိုင်းဒေသ၏ သဘာဝတောကျွန်များအား သစ်တောဥပဒေ၊ ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေများနှင့်အညီစနစ်တကျစီမံအုပ်ချုပ်နိုင်ရန် သစ်တောကြီးပိုင်း၊ ကြီးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ အဖြစ် တိုးချဲ့ဖွဲ့စည်းပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်လျက် သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။

မိုးခေါင်မှုမှ လွတ်မြောက်ဖို့ သဲကန္တာရတိုက်ဖျက်ဖို့ သစ်ပင်အတူစိုက်ကြစို့

မြန်မာနိုင်ငံသည် ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အထိခိုက်လွယ်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြင်းထန်လွန်ကဲသော မိုးလေဝသအခြေအနေများကြောင့် သဘာဝဘေးအန္တရာယ်များနေရာအနှံ့ ကြုံတွေ့ခဲ့ရပါသည်။

စာမျက်နှာ (၁၇)သို့

PDF Compressor Free Version

အညာမြေ

မင်းဆွေ

အညာနွေ ရှည်လွန်းတယ် ....

အညာနွေ ကြာလွန်းတယ် ....

စိုင်းထီးဆိုင်ရဲ့သီချင်းလေးကတော့ အညာနွေကို ဖြတ်သန်းရမယ့် ဖေါ်ကွာသူဘဝလွမ်းချင်းလေးပါ။ အညာနေပူလွန်းလို့လည်း အညာနွေ ရှည်လွန်းတယ်လို့ ထင်ယောင်ခံစားနေရခြင်းရယ်ပါ။ တကယ်တော့ အညာနေသာလျှင် ပူလွန်းနေတာမဟုတ်သလို အညာနွေသာလျှင် ရှည်လွန်းနေတာလည်း မဟုတ်ရပေ။ ကမ္ဘာနှင့်အဝန်းမှာ တစ်နှစ်ထက်တစ်နှစ် ပျမ်းမျှအပူချိန်တိုးနေတာသာလျှင် ဖြစ်ပေသည်။ ဒါပေမဲ့ မြန်မာပြည်မှာ အညာမြေကဲ့သို့သော နိုင်ငံအလယ်ပိုင်း မိုးနည်းခြောက်သွေ့တောမြေဧရိယာများနှင့် ကမ္ဘာ့တိုက်ကြီးများအသီးသီး၏ မိုးနည်းခြောက်သွေ့တောမြေဧရိယာများတွင် အပူချိန်တိုးမြင့်လာတာနဲ့ အပူကာလပိုမိုကြာရှည်ခံစားနေရတာတွေကတော့ သိသာနေပြီ ဖြစ်ပေသည်။ ထို့ကြောင့် စိုင်းထီးဆိုင်၏ 'နွေရာသီ/အညာနွေ' သီချင်းလေးမှာ ပိုမိုခံစားဖွယ်ရာ ဖြစ်လို့နေပေသည်။

မြန်မာပြည်အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသ အညာမြေမှာ ယေဘုယျအားဖြင့် စိုက်ပျိုးသီးနှံများမှာ လည်း မိုးနည်းသီးနှံမျိုးများဖြစ်သည့် ဝါ၊ ပဲစဉ်းငုံ၊ နှမ်း၊ ကုလားပဲ၊ ပဲတီစိမ်း၊ ကြက်သွန်စသည့်သီးနှံများသာ အများဆုံးစိုက်ပျိုးကြရပေသည်။ သဘာဝပေါက်ပင်များအနေဖြင့် လည်း ရှား၊ ထနောင်း၊ တမာ၊ သန်း၊ ဒဟတ်၊ ထောက်ကြန့်၊ လိမ် စသည်တို့ကဲ့သို့သော တောခြောက်များသာ အများစုဖြစ်ကြပေသည်။ မြေဆီလွှာအနေအထားမှာလည်း ရှုံ့စေးထူထပ်များပြားသော စနယ်မြေ (Vertisols Soil) အမျိုးအစားများက အများစုဖြစ်ကြပေသည်။ မိုးအခါ ကာလစိုစွတ်နေတုန်းတွင် ပျော့ပြပြန့်ကားနေပြီး နွေအခါ ကာလခြောက်သွေ့ရာသီတွင် မြေသားများကျုံ့၍မာကြောကာ ပဝါကြားအက်များ ဖြစ်ပေါ်လေ့ရှိသည့် မြေဆီလွှာမျိုး ဖြစ်ပေသည်။ နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ ၅၀၀ မီလီမီတာမှ အပြင့်ဆုံး ၁၀၀၀ မီလီမီတာ (၂၀ လက်မမှ ၄၀ လက်မခန့်) အထိသာရရှိသော ဒေသများဖြစ်ကြပေသည်။ ပျမ်းမျှမိုးရေချိန်နည်းပါးသော်လည်း မိုးရွာသွန်းမှုပုံစံအမျိုးမျိုးကြောင့် အညာဒေသတွင် တဟုန်ထိုးစီးဆင်းသော ချောင်းများ အများအပြားတွေ့ကြရပေသည်။ အချိန်တိုအတွင်း မိုးရေချိန်ပမာဏများများရွာသွန်းသောအခါမျိုးတွင် ရှုံ့စေးများပြားသည့် ကျပ်တီးစနယ်မြေများမှ ရွာကျမိုးရေကို စုပ်ယူထိန်းသိမ်းထားနိုင်စွမ်းနည်းပါးပြီး မြေပြင်ပေါ်မှ တစ်ဆင့် မြောင်းငယ် ချောင်းငယ်များ၊ ထိုမှ ချောင်းကြီးများသို့ လျင်မြန်သောအရှိန်ဖြင့် စီးကျဝင်ရောက်ပြီး တဟုန်ထိုးစီးဆင်းသောချောင်းများဖြစ်လာကြပါသည်။

အညာဒေသ အပူပိုင်းခြောက်သွေ့ဧရိယာများတွင် သဘာဝသစ်တောသစ်ပင် ပေါက်ရောက်ဖုံးလွှမ်းမှုကလည်းကျဲပါးသည်ဖြစ်ရာ ရွာကျမိုးရေကို ဖမ်းယူထိန်းသိမ်းထားနိုင်စွမ်းနည်းပါးလှပေသည်။ အညာဒေသ ဆက်သွယ်ရေးကားလမ်းများတစ်လျှောက် တံတားတည်ဆောက်နိုင်မှု မရှိသေးသည့် ရေကျော်များကိုလည်းကောင်း၊ သဲချောင်းအဖြတ်များကိုလည်းကောင်း များစွာတွေ့ရှိနေရပေသေးသည်။ သဲချောင်းများတွင် ချောင်းဖျားခ် မိုးရွာသည့်အခိုက် တောင်ကျချောင်းရေ တဟုန်ထိုးစီးဆင်းနေသဖြင့် ချောင်း၏ဟိုဖက်သည်ဖက်မှာ ကားများရပ်စောင့်နေကြရသည်ကို မကြာခဏ ကြုံဖူးပြီးဖြစ်ပါသည်။ မကွေးမြို့နှင့် ရေနံချောင်းမြို့ကြား ဒေါင်းသေ(ဒေါင်းနေ)ချောင်းမှာ ယခုကဲ့သို့ တံတားကြီးဆောက်လုပ်ပြီးစီးခြင်းမရှိသေးခင်က ထင်ရှားသည့် ဥပမာတစ်ခုဖြစ်ပေသည်။ ချောင်းညာဖက်မှာ မိုးညို့လာလျှင် မကြာမီချောင်းရေများ တဟုန်ထိုး စီးဆင်းကျလာရာ ချောင်းအတွင်း သဲသောင်ပြင်ပေါ်မှာ နားနေသည့် ဒေါင်းငှက်ပင်လျှင် ပျံသန်းလို့မလွတ်ဟု ဒေသခံတွေက ပြောကြပါသည်။ သို့သော် အညာချောင်းရေမှာ ကြာကြာ စီးဆင်းမနေပါ။ အချိန်အတိုင်းအတာတစ်ခုအထိ ကားရပ်စောင့်နေပေးလိုက်ပြီးလျှင် ချောင်းရေများ တဖြည်းဖြည်းနည်းပါးကျဆင်းသွားပြီး ကားများပြန်လည် ကူးဖြတ်မောင်းနှင်နိုင်ပြီဖြစ်ပေသည်။ ချောင်းရေစီးကျနေသခိုက်



PDF Compressor Free Version

မှာတော့ အလွန်အန္တရာယ်ကြီးပေသည်။ ချောက်မြို့နှင့် ပုဂံမြို့သစ်အကြား၊ ရွှေပုံတောင်နှင့် စဉ်ကူးကျေးရွာကြီး အနီး ဖြတ်သန်းရသည့်သဲချောင်းမှာလည်း ယခုထက်တိုင် တံတားမရှိသေး၍ အထူးဂရုပြုနေရပေသည်။

အညာဒေသ၏ချောင်းများမှာ အများအားဖြင့် ချောင်းခြောက်များသာဖြစ်ကြပြီး မိုးရွာသည့် အခိုက်အတန့်များတွင်သာ ရေစီးဆင်းမှုရှိကြပေသည်။ ကျန်ကာလများမှာ သဲချောင်းများအဖြစ်သာတည်ရှိနေကြသည်။ ချောင်း၏အညာဖက် ရေဝေတစ်လျှောက်၌ တိုက်စားမှုများကြောင့် မိုးရွာသည့်အခါ ချောင်းရေနှင့်အတူ သဲများပါလာပြီး ပို့ချမှုကြောင့် သဲသောင်ပြင်များ များစွာ ဖြစ်ထွန်းနေကြပေသည်။ ဤသည်မှာ အညာဒေသ ခြောက်သွေ့တောမြေများ (Drylands) တို့၏ကျေတွေ့ရမှုများ ဖြစ်ပေသည်။

ခြောက်သွေ့တောမြေများသည် ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသများတွင်သာမက ကမ္ဘာတိုက်ကြီးများအားလုံးတွင်လည်း နေရာဒေသအလိုက်အသီးသီးတွင် များစွာတွေ့ရှိရပေသည်။ အာဖရိက၊ အာရှနှင့် အရှေ့အလယ်ပိုင်းဒေသများတွင် ထင်ရှားသောဥပမာများအနေဖြင့်တွေ့ရပြီး၊ မြက်ခင်းပြင်များ၊ ချုံပုတ်တောရိယာများနှင့်အချို့တွင် သစ်ပင်ကြီးများပေါက်ရောက်မှုရှိသည့် သစ်တောမြေများလည်းပါဝင်ကြပေသည်။ ကမ္ဘာ့မြေရိယာ၏ ၄၀% ခန့်သည် ခြောက်သွေ့တောမြေ (Drylands) များ ဖြစ်ကြပြီး လူဦးရေ သန်းနှစ်ထောင် ကျော်ခန့် (2 billion) မှီတင်းနေထိုင်ရာဖြစ်ကြောင်း လေ့လာ သိရှိရပါသည်။ တစ်ကမ္ဘာလုံး စိုက်ပျိုးရေးလုပ်ငန်းများ၏ ၄၄% ကျော်နှင့် တစ်ကမ္ဘာလုံး မွေးမြူရေးလုပ်ငန်းများ၏ ၅၀% ကျော်မှာ ခြောက်သွေ့တောမြေများတွင် ဖြစ်ကြ ပါသည်။ ခြောက်သွေ့တောမြေများတွင် လူသားတို့၏ မှန်ကန်သင့်လျော်မှုမရှိသောအပြုအမူများကြောင့် မူလကပင် အရည်အသွေးနိမ့်ပါးနေသော မြေဆီလွှာများမှာ ပိုမို၍ အဆင့်အတန်းနိမ့်ကျစေခြင်း (land degradation) ကို ဖြစ်ပေါ်စေနေပါသည်။ သစ်တောများကို ခုတ်ထွင်၍ ပျက်စီးပျောက်ကွယ်စေခြင်း၊ အလွန်အကျွံစားကျက်ချခြင်း၊ မြေဆီလွှာအရည်အသွေး ရေရှည်တည်တံ့မှုမရှိသော သီးနှံစိုက်ပျိုးမှုနည်းစနစ်များကို လုပ်ဆောင်နေကြခြင်း စသည်တို့သည် ခြောက်သွေ့တောမြေများ၏ မြေဆီလွှာအဆင့်အတန်းကျဆင်းစေခြင်း အကြောင်းအရင်းများဖြစ်ကြပေသည်။ မြေဆီသြဇာလျော့ကျခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ မြေ၏ချဉ်ငံဓာတ်ပြောင်းလဲခြင်း၊ မြေဆီလွှာအတွင်းရှိ ကာဗွန်၊ နိုက်ထရိုဂျင်နှင့် ရေပါဝင်လည်ပတ်မှုတို့ ပြိုကွဲ ပျက်စီးခြင်း စသည်များသည် ခြောက်သွေ့တောမြေများ၏ မူလမြေဆီလွှာအဆင့်အတန်း ကျဆင်းခြင်း (land degradation) ပင် ဖြစ်ပေသည်။

မြေဆီလွှာ ဇီဝမျိုးစုံမျိုးကွဲများအနေဖြင့် မြေဆီလွှာအတွင်း ဘက်တီးရီးယားနှင့် ဇီဝပိုးမွှားများ၊ အင်းဆက်များ၊ မှိုများ စသည်တို့ရှိနေကြပြီး land degradation ကြောင့် ၎င်းပိုးမွှားများလည်း ကွယ်ပျောက်ခြင်းတို့ ဖြစ်လာကြရပေသည်။ ခန့်မှန်းတွက်ချက်မှုများအရ မြေဆီသြဇာကောင်းမွန်ဆဲဖြစ်သောမြေဧရိယာ ဟက်တာသန်း(၂၀) ခန့်သည် နှစ်စဉ် မြေဆီလွှာအဆင့်အတန်းကျဆင်းခြင်းနှင့် ကြုံတွေ့နေရကြောင်းသိရှိရပါသည်။ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် နောင်လာမည့် (၂၅)နှစ်ခန့် အကြာတွင် တစ်ကမ္ဘာလုံးဆိုင်ရာ အစားအသောက်ထုတ်လုပ်မှု၏ ၁၂ % ခန့်အထိ ထိခိုက်ကျဆင်းလာနိုင်ကြောင်း IUCN ၏လေ့လာမှုများအရ သိရှိရပါသည်။ အပူပိုင်းခြောက်သွေ့တောမြေများ၏ မြေဆီလွှာအဆင့်အတန်းကျဆင်းခြင်းသည် ကန္တာရဖြစ်ထွန်းမှုဆီသို့ ဦးတည်နေခြင်းဖြစ်ပါ သည်။ ထို့ကြောင့် ကန္တာရဖြစ်ထွန်းမှုတားဆီးရေးလုပ်ငန်း စဉ်များကို အပူပိုင်းခြောက်သွေ့တောရိယာများတွင် အထူးအလေးပေး၍ ဆောင်ရွက်ရန်လိုအပ်နေပေသည်။

အထက်တွင်ဖော်ပြခဲ့သလို အပူပိုင်းခြောက်သွေ့တောမြေများ၌ ရံဖန်ရံခါမှသာ ပြင်းထန်များပြားစွာ ရွာသွန်းသောမိုးကြောင့်လည်း မြေဆီလွှာတိုက်စားမှုများ ဖြစ်ပေါ်ပြီး မြေအတန်းအစား ကျဆင်းရခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ဤနေရာတွင် မြေဆီလွှာတိုက်စားခြင်းအကြောင်းကိုလည်း အနည်းငယ်တင်ပြချင်ပါသည်။ မြေဆီလွှာတိုက်စားခြင်း ဖြစ်ပေါ်စေသည့် အကြောင်းချင်းရာများတွင် ရေသည်လည်းကောင်း၊ လေသည်လည်းကောင်း၊ ကမ္ဘာမြေဆွဲအားသည်လည်းကောင်း၊ ရေခဲမြစ်တို့သည်လည်းကောင်း၊ ဓာတုဗေဒပစ္စည်းများသည် လည်းကောင်း ပါဝင်ကြသော်လည်း အဓိကတိုက်စားမှု အများဆုံးမှာ ရေကြောင့်သာလျှင် ဖြစ်ပေသည်။ အပူပိုင်းခြောက်သွေ့တောများ၌ ရေခဲမြစ်ကြောင့် တိုက်စားခြင်းမရှိသလို၊ ကမ္ဘာမြေဆွဲအားကြောင့် တိုက်စားခြင်းအနေဖြင့်လည်း ရှားပါးပေသည်။ ဓာတုဗေဒပစ္စည်းများကြောင့် တိုက်စားခြင်းမှာလည်း လူသားတို့၏ တိုက်ရိုက်အပြုအမူအရသာဖြစ်ပေါ်ရသည်ဖြစ်၍ ရှားပါးပါသည်။

အပူပိုင်းခြောက်သွေ့တောများတွင် မြေဆီလွှာတိုက်စားမှုပုံစံများကို အောက်ပါအမျိုးအစားများအနေဖြင့် အများဆုံးတွေ့ရှိရပေသည်–

- မိုးရေပေါက်မှ တိုက်စားခြင်း (Rain Drop or Splash Erosion) သည် မိုးရေပေါက်များမှ အကာအကွယ်မရှိသော မြေမျက်နှာပြင်ပေါ်သို့ တိုက်ရိုက်ကျ ရောက်ပြီး မြေမှုန်များနှင့် အကြေအမွများကို လွင့်စင်သွားစေသည့် တိုက်စားခြင်းအစ ဖြစ်ပါသည်။
- အပြင်လိုက် တိုက်စားခြင်း (Sheet Erosion) သည် ရွာကျမိုးရေများက မြေမျက်နှာပြင်အောက်သို့ စိမ့်ဝင်ထိုးဖောက်နိုင်ခြင်းမရှိပဲ အပေါ်ယံမြေလွှာ အပြင်လိုက် အချပ်လိုက် ရွှေ့ပါတိုက်စားခြင်းဖြစ်ပါသည်။
- ရေစီးကြောင်းငယ်ကလေးများ ဖြစ်ပေါ်တိုက်စားခြင်း (Rill Erosion) သည် အပေါ်ယံမြေလွှာ၌ အနက် ၁ လက်မပင် မပြည့်သော ရေစီးကြောင်းငယ်များဖြစ်ပေါ် တိုက်စားခြင်းဖြစ်ပါသည်။

PDF Compressor Free Version

- ရေစီးမြောင်း လျှိုချောက်များဖြစ်ပေါ်တိုက်စားခြင်း (Gully Erosion)သည် ၎င်းရေစီးကြောင်းများ တစ်လျှောက် အတားအဆီးပြုလုပ်ဟန့်တားပေးခြင်း မရှိပါကပိုမိုနက်ပြီး ပိုမိုကျယ်ပြန့်လာမည့်ရေစီးချောက်များ ဖြစ်ပေါ်လာစေနိုင်သော တိုက်စားခြင်းမျိုးဖြစ်ပါသည်။
- မြစ်/ချောင်း ကမ်းပါးတိုက်စားခြင်း (Stream Bank Erosion) သည် စီးဆင်းနေသော ရေအလျင်မှ မြစ်/ချောင်းတို့၏ ကမ်းပါးပေါက်ရောက်ပင်များနှင့် မြေသားများကိုပါ တိုက်စားသွားခြင်းဖြစ်ပါသည်။
- ကျောက်ကြေမြေများတိုက်စားခြင်း (Scree Erosion) သည် တောင်ကုန်းတောင်စောင်းဧရိယာများမှ ကျောက်အကြေအမွများနှင့် ကျောက်စရစ်ခဲငယ်များ လျှောကျ တိုက်စားစုပုံခြင်းဖြစ်ပါသည်။
- တွင်းနှင့်လိုဏ်ခေါင်းများဖြစ်ပေါ်တိုက်စားခြင်း (Tunnel Erosion) သည် မြေတွင်းခေါင်းပေါက်များ၊ ဆွေးမြေ့သွားသော သစ်မြစ်နေရာများကို ရေဝင်တိုက်စားရာမှ ဖြစ်ပေါ်ကြီးမားလာကြခြင်းများဖြစ်ပါသည်။
- အပူပိုင်းခြောက်သွေ့တောမြေများတွင် လေတိုက်စားခြင်း (Wind Erosion) လည်း ဖြစ်ပေါ်တတ်ပါသည်။ မြေမှုန်များကို လေအရှိန်ဖြင့်တိုက်စားသယ်ယူသွားပြီး အခြားတစ်နေရာရာတွင် စုပုံအနည်ကျဖြစ်ပေါ်မှုများ ရှိပါသည်။ Aeolian Erosion ဟုလည်း ခေါ်ဆိုကြပါသည်။

အပူပိုင်းခြောက်သွေ့တောမြေများတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေအတန်းအစား လျော့ကျခြင်းတို့ ဆက်လက်ဖြစ်ပေါ်နေပါက ကန္တာရမြေအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားတော့မည်ဖြစ်ရာ ကျွန်ုပ်တို့ မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းခြောက်သွေ့တောမြေများတွင်လည်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များဖြစ်သည့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းခြင်း၊ ထင်းအစား အခြားလောင်စာတိုးမြှင့် သုံးစွဲရေးဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသများတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်လုပ်ကိုင်ပေးခြင်း စသည်တို့ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ အဓိကထားဆောင်ရွက်ရင်း မြေဆီလွှာတိုက်စားမှုလျော့ကျရေး အစီအစဉ်များကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိပေသည်။ ရာသီဥတုပြောင်းလဲ၍ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရေနှင့်မြေဆီလွှာ ထိန်းသိမ်းရေးတို့မှာ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့မှချည်း ဆောင်ရွက်နေရုံနှင့် ပြီးမြောက်အောင်မြင်မည်မဟုတ်ပေ။ ၎င်းဒေသများတွင် နေထိုင်ကြသူ ဒေသခံပြည်သူများနှင့်တကွ စီးပွားရေးအရ၊ လူမှုရေးအရ စသည် စသည် ဆက်စပ်ပတ်သက်နေကြသူအားလုံးတို့က အသိစိတ်ရှိရှိဖြင့် ပူးပေါင်းပါဝင် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုပါကြောင်း တင်ပြလိုက်ရပေသည်။

စာမျက်နှာ (၁၄)မှအဆက်

သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်များသည် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကို တိုးပွားစေ၍ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ ဖေါ်ဆောင်ရန်ဖြစ်သည်။ သစ်တောများမှ အထောက်အပံ့ပြုသော သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသာမက ငွေကြေးအားဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတန်ဖိုးများကို အထူးအလေးထား၍ သစ်တောများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ကြရန်လိုအပ်သည်။

ကုလသမဂ္ဂ ဂေဟစနစ်ပြန်လည်ထိန်းသိမ်းရေးဆယ်စုနှစ်(၂၀၂၁-၂၀၃၀) သည် ယနေ့ ရင်ဆိုင်နေရသော သဲကန္တာဖြစ်ထွန်းမှုများ၊ ပတ်ဝန်းကျင်ဆိုင်ရာယိုယွင်းပျက်စီးမှုများ၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲ မျိုးသုဉ်းပျောက်ကွယ်မှုများကို တားဆီးနိုင်မည့်၊ ကုစားနိုင်မည့် ထူးခြားသည့်အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အကျိုးဆက်စပ်ပတ်သက်သူများ၊ ပုဂ္ဂလိကကဏ္ဍများ၊ ပြည်သူများ အားလုံးပူးပေါင်းပြီး ရာသီဥတုပြောင်းလဲမှု လျှော့ချရေး၊ အပူပိုင်းဒေသမိုးခေါင်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းနှင့် သဲကန္တာရတိုက်ဖျက်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းအပါအဝင် ဒေသနှင့်ကိုက်ညီသည့် ဂေဟစနစ်ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဂေဟစနစ်ပြန်လည်ထိန်းသိမ်းရေး ကမ္ဘာ့အရွေ့နှင့်အတူ လိုက်ပါဆောင်ရွက်နိုင်ဖို့ အထူးလိုအပ်သည်။ မတူညီသော ဂေဟစနစ်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးကို နည်းလမ်းမျိုးစုံဖြင့် ထိန်းသိမ်းဖို့၊ ပြန်လည်တည်ထောင်ဖို့အစီအစဉ်များ စနစ်တကျ ချမှတ်ဆောင်ရွက်ရန်လိုအပ်ပါသည်။ သစ်ပင်သစ်တောများနှင့် ဂေဟစနစ်များ၏ အစစ်အမှန်တန်ဖိုးကို နားလည်ပြီးတစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြဒေသအလိုက် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းပြီး ဂေဟစနစ်ကို ပြန်လည်ဖြည့်တင်းဖို့ လိုအပ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူ ပိုင်းဒေသ၏ ပူပြင်းခြောက်သွေ့မှု၊ သဲကန္တာရဖြစ်ထွန်းနိုင်မှုအခြေအနေများကို တိုင်းရင်းသားညီအစ်ကို၊ မောင်နှမများ၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် စိမ်းလန်းစိုပြည်သော၊ ရာသီဥတုမျှတကောင်းမွန်သော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသောဒေသကြီးဖြစ်လာစေရန် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းဖြင့် ပိုင်းဝန်းဆောင်ရွက်ကြပါစို့ဟုတိုက်တွန်းရင်း **'အပြည်ပြည်ဆိုင်ရာ သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှု တိုက်ဖျက်ရေးနေ့'** အား ဂုဏ်ပြုအပ်ပါသည်။

ကိုးကား။ အပူပိုင်းဒေသစိမ်းလမ်းစိုပြည်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာ အချက်အလက်များ (၂၀၂၂) နှင့် နှစ် (၂၀) ပြည်အထိမ်းအမှတ် မှတ်တမ်းစာအုပ် (၁၉၉၉-၂၀၁၈) https://www.unccd.int

PDF Compressor Free Version

ရိုးမထဲက ခြောက်လှန့်သံ (၂)

ယခင်လမှအဆက်

ဒေါ်ကျော်စိုး (ဂဃ)

ကိုဘစိုး ကတ္တရာခင်းချောမွေ့သောလမ်းမကြီး တစ်ခုပေါ်ရောက်နေသည်။ ဘေးမှာလည်း ရောင်စုံမီးနဲ့လူတွေ စည်ကားပါဘိ၊ သစ်လွင်သပ်ရပ်သော အိမ်အသီးသီးက လူများ၊ လမ်းမပေါ်အလည်လာသူများ မီးရောင်စုံနဲ့ လှပသောကားတန်းကြီးကို စောင့်ကြည့်နေ၏။ ကားတန်းကြီး ဖြတ်ပါပြီ။ ကားတိုင်းပေါ်မှာ ပလွင်ကြီးလိုပန်းဖော်ရွေရောင် အလှခုံတစ်ခုစီပေါ်က ပခုံးသားဖော် လက်မောင်းဖော် ရှေ့ခေတ်နဲ့ ခေတ်မီ ရောနှော design ဖော်ထားတဲ့ တောက်ပသောဝတ်စုံဝတ်ထားတဲ့ ချောမောလှပတဲ့ မင်းသမီးလေးက ပြုံးကြည့်နေ၏။ အမှန်တော့ ကိုဘစိုးကိုသာ မဟုတ်ကြည့်သူတိုင်းကို ပြုံးပြနေတာ ၁ ယောက် ၂ ယောက် ၃ယောက်.... ၂၇ ယောက် နောက်ဆုံးပေါ်လာတာက-ချောမောလှပတဲ့ မိန်းမပျိုလေး မျက်နှာက ပြုံးရာမှတည်၊ တည်ရာမှ ရူပုပ် ကိုဘစိုး၏အိမ်သူ ဇနီးသည်မျက်နှာ အဖြစ်ပြောင်းသွားပြီး .. ရှင်က မိန်းမကွယ်ရာ သာယာနေတယ်ပေါ့လေ.. ဖြတ်ကနဲ လန့်၍ နိုးသွား၏။ ဘေးကြည့်တော့ တပည့်ကျော် စိုးဝင်း ထမင်းချက်ဖို့ မီးထိုးပြင်နေပြီ၊ ဖြစ်ပုံက မနေ့ညက တန်ဆောင်မုန်းလပြည့်နေ့၊ တောထဲမှာတန်ဆောင်တိုင်ကျရော်။ မီးပုံဘေး စုဝေးပိုင်းဖွဲ့ မီးပုံထဲ ဝါးဆစ်များ ပစ်ထည့်ဖောက် စိတ်ဖြေရစဉ်.... မနှစ်က တန်ဆောင်တိုင်စိတ်ကရောက်၏။

ဌာနက တာဝန်တစ်ခုဖြင့် ကိုဘစိုးတို့ Thai ကိုရောက်ကြတော့ ၁၉၉၀ November ထိုင်းရိုးရာ တန်ဆောင်တိုင်ပွဲနဲ့တိုး၏။ ၄င်းတို့က မြို့အသီးသီးက အလှပဝေးတွေနဲ့ အပေါ်မှာရေးသလို မြို့ထဲလည့်အလှပြ ရှေ့ကကခုန်ပေါ့.... သူတို့က smile land လို့ ဂုဏ်ဖော်တတ်တာနဲ့အညီ ....ထိုမိန်းကလေးတို့သည် လမ်းဘေးက အားပေးသူတို့ကိုပါးညောင်းလောက်အောင် ပြုံးပြကြလေသော အခါ ကိုရွှေဗမာတို့က လှသော်လည်း ချေသောမျက်နှာကြားညှပ်တွေ့ရတဲ့ ကိုယ့်မြေနဲ့မတူလို့ ရွှေဘောတော် ကျကြချေ၏။ ထိုစွဲလန်းမှုက တောနက်ထဲက တန်ဆောင်တိုင်ညထိဖြေဖျော်သည်ထင်.... ထိုစဉ်က Thai ရောက်ဖူးသူများ ပြန်လာတော့ ဘေးလူအမြင်ကတ်လှအောင် Thai မှာနေခဲ့ရတာတမ်းတကြ၏။ ၁၉၉၁ September မြန်မာပြည် ပြန်ရောက်ကြ၏။ ဒါကြောင့် ခုသင်းသတ်ရာသီမှာ.... အလုပ်ဆောင်ရွက်ဖို့ ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ မြို့နယ်အသီးသီးက ဝန်ထမ်းတွေ ထုတ်နုတ်စုစည်းရသောအခါ ခရိုင်နှစ်ခုလုံး ပူးတွဲကိုင်နေတဲ့ ခရိုင်ဝန် အကိုကြီး ဦးမြင့်စိန်က Thai သွားထားတဲ့ကောင်တွေ ခု သင်းသတ်အလုပ်ထဲ အကုန်ထည့်ဟု မှတ်ချက်ပြုလေတော့၏။ မှတ်ဟ.. Thai မှာ September ထိပျော်မြူးခဲ့တဲ့ကောင်တွေ November ကစလို့ တောနက်ထဲ အနည်းဆုံး ၄ လ နေစေသတည်းပေါ့၊ အစ်ကိုသက်နောင် ဦးလွင်မြင့်တို့ အတူတူပါ... အစ်ကို ဝေလွင်က မိန်းမကြောက်ရလို့ Thai မသွားရပေမဲ့ ပါလာ။

ဒီလိုနဲ့ သင်းသတ်ပင်ရှာတာ ၃ ပတ် ကျော်ပြီ၊ ပထမဆုံးအကွက်လည်း ပိတ်ကာနီးပါပြီ။ ကိုဘစိုးတို့ အကွက်ထဲ ကျွန်းသင်းပင်ရှာရတာရှားဆဲပါ။ တစ်ပတ် ၆ ရက်အလုပ်လုပ် Sunday တစ်ရက်နား၊ သင်းသတ်ပင်ရရှိမှုနဲ့ ချန်ပင်စာရင်းတို့ကို တစ်ပတ်စာရင်းချုပ်ပြုစု သင်းသတ်ခေါင်းဆောင်ချုပ်ထံတင်ပေးရပါတယ်၊ သူက အဖွဲ့တွေရဲ့စာရင်းချုပ်ပြုစု မြို့ကဦးစီးအရာရှိထံ ဆက်သားလွှတ်ပို့ရပါတယ်၊ မြို့က ဦးစီးက တောထဲဝန်ထမ်းတွေ လိုတာစီစဉ်ပေး၊ ရိက္ခာ ဆေးဝါးပို့ပေးတာနဲ့ ခရိုင်ဝန်ဆီ.... သင်းသတ်ပင်စာရင်းပို့ရပါတယ်၊ ခရိုင်ဝန်ကလည်း target ၆၀၀၀ အချိန်မီ ပြည့်အောင် တွန်းအားပေးသလို အခြေအနေကိုလည်း အထက်အဆင့်ဆင့် တင်ပြရပါတယ်၊ ဒါက အပတ်စဉ်အလုပ်ပါ။ တောထဲနေပြီး ကိုယ်ထင်ရာ နေထိုင်ပြုမူနေလို့မရအောင် control လုပ်ထားတာပါ၊ နားရက်ကျန်တဲ့အချိန်တော့ တစ်ပတ်စာ အဝတ်တွေလျှော်ဖွပ်ကြပေါ့၊ ကြည်လင်အေးမြသောရေစီးနေတဲ့ချောင်းမှာ အဝတ်လျှော်ရတာတော့ မြို့လိုမဟုတ်ဘဲ သက်သာကောင်းမွန်ပါတယ်။

တောထဲမှာ အားသာချက်လေးတွေလည်း ရှိပါတယ်၊ ကိုဘစိုးက တိုက်ကြီးသား သားငါးပေါ်တဲ့အရပ် အနောက်ဖက် တော်လတီ၊ တော်လတဲ့၊ သုံးဆယ်ချောင်းဖက်၊ သရက်ချောင်းတောရွာတွေကနေ သားငါးပေါင်းစုံ လတ်လတ်ဆတ်ဆတ်စားဖူးတယ်။ စိုက်ခင်းလုပ်တော့ ရွာတွေနီးတဲ့တောထဲက ချောင်းတွေထဲက သားငါးတွေလည်း စားဖူးတယ်၊ ဒါပေမဲ့ ခုသင်းသတ်လာတဲ့ ပဲခူးရိုးမတောနက်ကြီးထဲ ချောင်းတွေကနေဖမ်းရတဲ့ ငါးဒေါက် ဆိုတဲ့ ငါးမျိုးလောက်ချိုတာ စားကောင်းတာ မကြုံခဲ့ပါဘူး၊ ကောက်ကောက်နွယ်ဆိုတာလည်း ပဲဟင်းထဲ ရောချက်စားရင် ကောင်းမှကောင်း....နောက်တစ်ခုက တောကောင်စာတွေ၊ forester ဆိုတော့ ရတာစားရပါတယ်၊ ကိုယ့်မှာက ရိက္ခာက ငါးခြောက်အာလူးပဲ ဒါပဲပါတာ.... ပဒတ်ကလေးများရရင်တောက်တောက်စင်း ရေတ်သီးလေးနဲ့ကြော်စား၊ စားဖူးသွားရင် မောင်ကျန်တစ်တို့၊ ပွေးသားကတော့ အခေါက်က ဝက်သားနဲ့တူ .... အသားက အမဲသားအရသာ အတိုင်းပါပဲ.... တောကြက်၊ ရစ်၊ တောကြောင်တွေလည်း ရတတ်ရဲ့ .... သေနတ်သမားလေးပါရင် တောဝက်၊ ကျီ.. ကံကောင်းရင် ဆတ်သားရတတ်ပါတယ်။

ဆိုးတာကတော့ တောနက်ရင် ပင်မ ရိက္ခာပြတ်တတ်တာပါ၊ ကျနော်တို့ တောတက်စက လူ ၆၀စာ ရိက္ခာကို သစ်ထုတ်ရေးအကူအညီနဲ့ ဆင် ၆ ကောင်နဲ့ လိုက်ပို့တာပါ၊ အိပ်ယာလိပ်လိုဟာမျိုးလည်း ဆင်ပေါ်တင်ရတော့ ၂ပတ်ကျော်မှာ ဆန်ပြတ်ပါတော့တယ်၊ ဆင်ကနီးစပ်ရာ ရွာကနေ တစ်ပတ်တစ်ခါလာဖို့ စီစဉ်ထားတာပါ၊ ဒါပေမဲ့ လာရမဲ့ရက်ရောက်မလာဖြစ်နေတော့.... ကျနော်တို့အဖွဲ့ ခေါင်းဆောင်တွေ တိုင်ပင်ပြီး.... ဆန်ကိုလျှော့ ပဲထမင်းချက်ရပါတော့တယ်.. အဲဒီညကျော်ဖြတ်ပြီး နောက်နေ့

PDF Compressor Free Version

ထပ်ချက်ချိန် ဒီနေ့မှ မလာရင် ဘယ်လိုလုပ်ရပါ့ပေါ့.... ခုခေတ်လို ဖုန်းလိုင်းလည်းမရပါ။ ၃ နာရီလောက်က စမျှော်ကြတာ၊ မှောင်ခါနီး ၅ နာရီကျော် ဆင်ခလောက်သံကြားမှ မီးပျက်ရာကနေ လျှပ်စစ်မီးလာရင် အော်သလို တစ်ဖွဲ့လုံး ဝေးကနဲ့ ထအော်ကြ.... ဆင်မှာပါလာတဲ့ ဝင်းသရက်ဆန်အရက်လေးမော့ရင်း အငတ်ဘေးလွတ်ပြီ ပျော်ခဲ့ကြရပါတော့တယ်။

စကားမစပ် အုတ်ဖိုမြို့နယ် အရှေ့ဖက် ချင်းရွာ ဝင်းသရက်က ဆန်အရက်က သောက်ဖူးသမျှ တောအရက်ထဲမှာ အဝင်ကောင်း ရစ်ရှိန်ကောင်းလှပါတယ်.... (အမှန်တကယ်ကြိုက်သူများ ဒီလောက်ရေးရင်သိပါတယ်)

အကွက်ပိတ်ခါနီး ဖြစ်ရပ်တစ်ခုက နောက်တံဆိပ်ရိုက် တပည့်ကျော်ညွန့်ဝင်း ၄က်ဖျားဝင်လို့ အနီးစပ်ဆုံး ထန်းကုန်းရွာကို ဆေးကုပြန်လွှတ်ရပါတယ်၊ သူသာ မဟုတ် အခြားအဖွဲ့တွေက ဝန်ထမ်းအချို့လည်း ဖျားကြလို့ ပြန်ပို့ရပါတယ်၊ forester တွေအတွက် ၄က်ဖျားကအကြီးမားဆုံးရန်သူပါပဲ၊ ဆေးကြိုတင်သောက်ကြသော်လည်း မကင်းကြပါ၊ အခန့်မသင့်ရင် ဦးနှောက်ထဲပိုးရောက် ရူးကြောင်ကြောင်ဖြစ်သွားတာတွေ၊ အသက်ဆုံးပါးသွားတာတွေ အထိခံစားရပါတယ်၊ အချို့ဆို နှစ်စဉ်အချိန်ကျတဲ့လ ဆေးရုံ တက်ဆေးကုရပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် အခြေအနေတော့ မတူကြပါ.... ကိုတစိုးတော့ ကံကောင်းကာ ၄က်ဖျားမိဖူးပေမဲ့ အပြင်းအထန်မဖြစ်ခဲ့.... ရေယာခန့်မှန်း ၁၀၀ကျော်အတွင်းသာ ကျွန်းသင်းပင် ရှာရတော့မှာမို့ ကျန်တဲ့ တပည့်ကျော် စိုးဝင်းနဲ့ပဲ အကွက်နင်းသွားဖို့ဖြစ်လာပါတယ်။

အလုပ်သမားတွေကလည်း ရှာရသမျှအပင် သင်းသတ်ပြီးဖြစ်လို့ အပင် တစ်နေ့ ပျမ်းမျှ ၂၀ လောက်ရမှ သူတို့လိုက်ခဲ့တော့မယ်ဆိုတော့ တောအစွန်ကို နှစ်ယောက်ထဲသွားယုံပေါ့....

ဒါနဲ့ .... မနက်ခင်းတခုမှာတော့ ဆရာ တပည့် နှစ်ယောက်ထဲ ကျောပိုးအိတ်ခါးချိတ်ဖား ၄' ၆" တုတ် ကိုယ်စီနဲ့ထွက်ခဲ့ကြပါတယ်.. သစ်တောသမားတစ်ယောက်ဟာ အရေးကြုံကာကွယ်ဖို့ နွယ်ခြုံတွေ ရှင်းလင်းဖို့ ၉" အသွားခန့် ဂေါ်ရခါးဓားပုံစံကို အိတ်နဲ့ထည့် ခါးချိတ်ဆောင်ထားရပါတယ်၊ သွားရင်း ချောင်းထဲ ကြောပေါ်ခြေရာတွေကြည့် ဘာကောင်လဲဟ .. ခန့်မှန်းကြည့်ရတာလဲ game တစ်ခုပါပဲ၊ ဒါနဲ့ အကွက်ထဲရောက် ယခင်နေ့ ဆုံးထားတဲ့နေရာကနေ ပြန်အစပြုလို့ စိုးဝင်းက ကွန်တိုအတိုင်း ကျွန်းပင် စတိုင်းပါတယ်၊ ကိုယ်က အလယ်ကနေစောင့် စာရင်းမှတ်ပါတယ်၊ သူကရွှေ့လျားတိုင်းနေရသူ ကိုယ်ကလိုက်လျှောညီထွေလိုက်ရွှေ့ စာရင်းသွင်းရပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် ပေ ၅၀ လောက် လှမ်းကြပါတယ်၊ တောနက်ထဲမှာ နှစ်ယောက်တည်းပေါ့၊ ကျန်တဲ့အဖွဲ့တွေလား.... သူတို့လည်း သီးခြားစီ ကိုယ်နဲ့ ၂ ဝိုင်လောက်ဝေးရာမှာ.... အဲဒီမှာ ပထမ တစ်ခေါက် ကြောထိပ်ပေါ်အရောက်မှာ ဇာတ်လမ်းစပါတယ်၊ ကွန်တို ရစ်ပြန်ဆင်းရမဲ့ ချောင်းနားကနေ ဖြောင်း ဖြောင်း ဖြောင်း ဆိုတဲ့ အသံကြားလိုက်ကြရပါတယ် .... အသံက ကျနော် တို့ ၄' ၆" တုတ်နဲ့ ဝါးရုံကိုရိုက်ရင်မြည်တဲ့ အသံမျိုး၊ ဒါပေမဲ့ ပိုကျယ်တယ်... လူလားဟ... မဖြစ်နိုင်၊ ဒီတောက လူသွားလူလာဖြတ်သောတောမဟုတ်၊ ဒါနဲ့ ဝက်ဝံတွေ ဘာတွေ လက်နဲ့ ဝါးရုံရိုက်တာလား လှမ်းကြည့်တော့လည်း ဘာမှမတွေ့...စိတ်ထဲ တောထဲမှာ အသံမလံဖြစ်တတ်ပါတယ်လေ.. ဆိုပြီး ကြောထိပ်ကနေ 'စိုးဝင်းရေ အပင်တိုင်းရင်း အောက်ပြန်ဆင်းမယ်ဟေ' ဆက်တိုင်းရင်း ချောင်းနားပြန်ရောက်ပါတယ်...ဘာမှမတွေ့ရပါ။ ခုန တိုင်းပြီး နေရာဘေးကကပ်ပြီး အပေါ်ကြောထိ အပင်ပြန်တိုင်းသွားရမှာပါ၊ အဲဒီအချိန်မှာပဲ–'ဖြောင်း ...ဖြောင်း ...ဖြောင်း'

ကိုယ်အပင်တိုင်းရင်း ပြန်ရောက်သွားရမဲ့ ကြောပေါ်က အသံကြားရပြန်တာပါ၊ ဒါတော့ သိပ်မဟုတ်တော့ဘူး၊ ဒါပေမဲ့ဟန်ကိုယ်ဖို့ပေါ့ ... စိုးဝင်းကိုလည်း ဘာမှ ဒီအသံ အကြောင်း မပြောဘူး။ ဒီကောင်လည်း မျက်နှာပျက်နေပြီ၊ 'အပင်တိုင်းရင်းပြန်တက်မယ်ကွာ... ဒါပြီးရင် ကြောထိပ် ခဏနားကြတာပေါ့' ...အပင်တိုင်းရင်း စာရင်းမှတ်ရင်း တဖြည်းဖြည်းတက်သွား...ကြောနားနီးလေ စိတ်တထင့်ထင့်၊ ဘွားကနဲ ဘာများပြလိုက်မလဲဟဲ့ပေါ့၊ သိပ်ကလည်း မယုံချင်သေး...ငါများနားကြားလွဲသလားပေါ့။ဒါပေမဲ့ ကြောပေါ်ရောက်တော့ဘာမှမတွေ့ ...သာသာယာယာပဲ. ပါလာတဲ့ ရေဗူးလေးမော့ ၅ မိနစ်လောက် ထိုင် အပင်တိုင်းရင်း ပြန်ဆင်းသွားမယ်ကြံရုံရှိသေး ကိုယ် ပြန်ရောက်မဲ့ ချောင်းစပ်ကနေ.. 'ဖြောင်း ... ဖြောင်း ... ဖြောင်း '

ဟား ... ဒါတော့ သေချာသွားပြီ

ဒီတစ်ခါတော့ စိုးဝင်းကို ဖွင့်မေးလိုက်တယ်... 'မင်း အသံကြားလား'... 'သုံးခါစလုံး ကြားတယ်ဆရာ' 'အေး ငါတို့ အလုပ်ရပ်မယ် ပြန်ကြမယ် အရမ်း မကြောက်နဲ့' ဒါနဲ့ ဆရာ တပည့်နှစ်ယောက် ကြောပေါ်ကနေ ချောင်းထဲကို အသံကြားရာကို ရှောင်ကွင်းဆင်းပြန်ကြပါတယ်... ကိုယ်တွေကို ဒီလောက် အသံပေး ထွက်သွားစေချင်တော့ မှတော့ ဒီနေ့အဖို့ ပြန်ကြရုံပေါ့...

လွတ်ရာ ဆင်ချောင်းမ ရောက်တော့ ....

'စိုးဝင်း ဘယ်လိုလဲကွ'

'ကျနော် ဒုတိယတစ်ခါကတည်းက ပြန်အတက် သံမှဒ္ဒေ ရွှတ်နေပြီ' တော်ပါသေးရဲ့ ... ကြောက်ပြီးဆင်းပြေးရင် ကိုယ်တစ်ယောက်ထဲကျန်ခဲ့မှာ...

'ဟာ ... ဆရာတို့ ဒီနေ့စောကြပါလား'

စောတယ်လုပ်မနေနဲ့ ကိုယ်တော်တွေ နက်ဖြန်ကစပြီး ရသလောက် အပင်လိုက် သင်း မလုပ်နိုင်ပြန်တော့၊ ဒီလိုတော့လည်း အလုပ်သမားများက အကျိုးအကြောင်းသိပြီး ... မနေကြရှာပါ၊ တစ်ပါတည်းလိုက်ကြပါတယ်... ကျနော်တို့ အရှုံးမပေးခဲ့ပါဘူး နောက်နေ့ အပင်စာရင်းကောက် သင်းသတ် ပြန်စစ် နောက်တံဆိပ်ရိုက် တစ်ပါတည်းလုပ်ခဲ့တာ နောက် ၅ ရက်ခန့်အကြာ ပထမဆုံး အကွက် ပိတ်သိမ်း ကျွန်းသင်းအလုပ်ပြီးခဲ့ပါတယ် ...

စစချင်းမှာ ဖော်ပြခဲ့သလို... ကိုဘစိုးတို့ ကျွန်းသင်းသတ်အဖွဲ့ အစဆုံးနေရာမှာ လူပေါင်း ၆၀လောက် ဆင်ချောင်းမကြီးဘေး အတူစခန်းချ ကိုယ်တာဝန်ကျ မဲပေါက်ရာနေရာအသီးသီး ကျွန်းသင်းသတ်ဆောင်ရွက်

PDF Compressor Free Version

ခြင်းဟာ ၁၉၉၀ December လဆန်းလောက်မှာ ရည်ရွယ်ထားတဲ့ ၇' ၆" အထက်ကျွန်းပင် ၆၀၀၀ အနက် ၄ ပုံ ၁ ပုံခန့်တော့ပြီးဆုံးခဲ့ပါပြီ ...နောက်ထပ်နေရာရွှေ့ရင်တော့ တစ်စုတည်းနေလို့မရတော့ပါ၊ မိမိအဖွဲ့တာဝန်ကျရာအကွက်အနီးကို အသီးသီးပြောင်းရွှေ့အလုပ် ဆက်ဖို့ဖြစ်ပါတယ်၊ ကိုဘစိုးတို့နဲ့ နေရာနီးကပ်တဲ့အဖွဲ့ တစ်ခုနဲ့ပေါင်းပြီးနေရာရွှေ့ကြရပါတယ်၊တဲနှစ်လုံး ၁၀ ပေ ခန့်အကွာဆောက်ကြပါတယ်၊ တည်နေရာအနေအထားက တဲနှစ်လုံးရဲ့ အရှေ့ဖက် ၁၅ ကိုက်လောက်အကွာမှာ ဆင်ချောင်းမထဲ စီးဝင်တဲ့ ချောင်းငယ်တစ်ခုရှိပါတယ်၊ သောက်ရေ သုံးရေလွယ်အောင်ပါ၊ ကျန် ၃ ဖက်က တောင်ကုန်းတွေ ဝိုင်းနေပါတယ်... သင်းသတ်သွားရင် ချောင်းကိုဖြတ်ပြီး အရှေ့ဖက်အကွက်ထဲသွားရပါတယ်၊ အခြားအဖွဲ့တွေကလည်း ကိုယ်နဲ့ ၂ မိုင် ၃ မိုင် ဝေးရာတွေကို ခွဲထွက်စခန်းချသွားပါတော့တယ်....

အရင်တုန်းကတော့ အဖွဲ့တွေအများကြီးမို့ ညဖက်သာသာယာယာပါ ....စိုးရိမ်မှုမရှိပါဘူး.... ခုကတော့ တဲနှစ်လုံး လူ ၁၀ယောက်ထဲ ညဖက်အကြောက်ဆုံးက တောဆင်ရိုင်းအုပ်လာမှာကိုပါ.... အဲဒီအချိန်က ကျားလည်းရှိသေးတယ်ယူဆရပြီး .... ကျားသစ်၊ ဝက်ဝံတွေက ပေါများပါသေးတယ်.... လူနည်းသွားပြီမို့ သားငါး အစားအသောက် အရနည်းသွားပါပြီ၊ ကိုဘစိုးတို့ ၂ ရက် လမ်းလျှောက်လာရတဲ့ ခရီးကလည်း နောက်က သစ်ထုတ်ကားလမ်းတွေထိုးလာပြီမို့ ဆင်နဲ့ ရိက္ခာပို့စနစ်မဟုတ်တော့ဘဲ.... ရွာကနေဈေးဝယ် သစ်ထုတ်ကားနဲ့ ရန့်ိုင်သမျှလိုက် စခန်းတွေဆီ အထမ်းဆက်သားနဲ့ ရိက္ခာပို့စနစ်ပြောင်းလိုက်တာမို့ ဝင်းသရက် ဆန်အရက်တွေ ဘာတွေလည်းမပါတော့ပါ.... ရိက္ခာခြောက်နဲ့ စခန်းသွားရမှားပါပြီ... ရိက္ခာပို့အထမ်းလာလို့ တပည့်က ရုံးပတေသီးနဲ့ ငရုတ်သီးချက်လေးချက်ကျွေးရင်ပဲ ပူပူနွေးနွေးချက်ချင်းစားလို့လားမသိစားကောင်းပ .... အစားအသောက်နဲ့ ဖိမ်ခံစရာ မရှိတော။ ညဖက် လူနည်း တဲနည်းလို့ သားကောင်ကြီးတွေကြောက်လာရပြီ .... ဒီတော့ တစ်နေ့တာ လှုပ်ရှားရမှုက ရှင်းပါတယ်.... မနက်၅နာရီထ၊ တမယ်ကောင်းချက်ပြုတ် (ငါးခြောက်နဲ့ညှားတာကမျှား) ထမင်းအဝစား .... ၆နာရီ စထွက် သင်းပင်၊ ချန်ပင်စာရင်းကောက် တောထဲက ၃နာရီပြန်ထွက်.... ၃ နာရီခွဲ ၄ နာရီကြာပြန်ရောက် ချောင်းထဲရေချိုး.... တပည့်တွေက ညနေစာချက်ပြုတ် .... ညစာတော့ ဟင်းပိုကောင်း.... အချိန်ရတော့ ပဟင်းလေး ဘာလေးပါ စားရ .... ၆နာရီ ညစာစား ..အမှောင်ပျိုးစ တဲနှစ်လုံးနား မီးဖို အဲဒါက အရေးကြီးတယ်၊ ညဖက် သားကောင်ကြီးကြောက်လို့... ဝါးဆစ်ပိတ် မီးပုံထဲပစ်ထည့်.. ဖောင်း.... ဒိုင်း အသံပေး.. ဆင် ကျား ကျားသစ် ဝံ အပေါင်း ဝေးရာညောင်းကြလေသတည်းပေါ့၊ မီးဖိုဘေး တုံးခုထိုင် အအေးဒဏ်လည်းကာကွယ်ရင်း ရှေးဟောင်း နှောင်းဖြစ်ပြောကြ.... အိမ်အလွမ်းသယ်ကြ၊ ည၈ နာရီကျော်ဆိုကိုယ့်တဲ ကိုယ်ပြန်တက်ကြ ဘုရားရှိခိုးသူလည်း ရှိခိုးပေါ့၊ forester များ ဘာသာရေးလည်း မမေ့တတ်ပါ၊ ည ၉ နာရီထိုးရင် တစ်ခုတည်းသော ဖိမ်ခံစရာလေး လာပါပြီ ဗျာ....

အဲဒီအချိန်တုန်းက စမ်းသပ်ဆိုပြီး မြဝတီက ရေဒီယိုလှိုင်းကနေသီချင်းလွှင့်တာပါ.... ည ၉ နာရီ ကနေ ၉ နာရီခွဲထိ ဆက်တိုက်ရေဒီယို သီချင်းကောင်းတွေလွှင့်ပေးတာ .... သီချင်းနံမည် အဆိုတော်တွေတောင် မပြောဘူး....ဆက်တိုက်သီချင်းကြီးပဲလွှင့်တာ၊ မပြောလည်း အများသိကြပါတယ်....လူကြိုက်များ သီချင်းတွေမို့ပါ.... ဦး/ဒေါ် မတပ်တော့ဘဲ ပြောရရင် ကိုသန်းလှိုင်၊ ကိုတင်လှိုင်၊ သန်းဖေလေး၊ စန္ဒယားချစ်ဆွေ၊ တွံတေးသိန်းတန်၊ မောင်မောင်ညွန့်၊ ကိုစောငြိမ်း၊ မာမာအေး၊ တင်တင်မြ၊ ချိုပြုံး အပါအဝင် နံမည်ကြီးသီချင်းတွေလာတာ .... အဲဒါလေး နားထောင် ရေဒီယိုလည်း သီချင်းပိတ်၊ ကိုဘစိုးတို့လည်း အိပ်မောကျခြင်းရောက်ပါတော့တယ်.... တစ်နေကုန် လမ်းလျှောက် တောင်ပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ အိပ်မပျော်ခံနိုင်ရိုးလား.... တစ်ခါတလေတော့ လည်း ညဥ့်နက်သန်းခေါင် တစ်ရေးနိုးရင် ငါတို့တဲနား ကျားရောက်နေလား ဆင်အုပ်ရောက်နေလားနဲ့ အသံပလံနားထောင် စိုးရိမ်နေတာမျိုးလည်းရှိတတ်ပါတယ်.... တောဆင် ဆန်လာနှိုက်လို့ ပြေးရတဲ့အဖြစ်ကလည်း တောနေသူတွေမှာ ရှိတတ်တာတွေ သိနေတာကြောင့်ပါ....

တစ်နေ့တော့ ကြောလမ်းသွားရင်း ခြေရာကြီးတစ်ခု ထင်ထင်ရှားရှားလျှောက်ထားတာ တွေ့ရပါတယ်.... လက်သည်းရာနဲ့ ခပ်ကြီးကြီးမို့ ကျားခြေရာဖြစ်နိုင်ခြေရှိပါတယ်.. ၄' ၆" တုတ်နဲ့ တဖြောင်းဖြောင်းရိုက် အသံပြုရပါသေးတယ်.. ခြေရာလတ်လတ်ဆတ်ဆတ်မို့ပါ... ညနေစောင်းလာရင် ကြောက်ရတာကျားသစ်ပါ၊ သစ်ပင်ကိုင်း ပေါ်ကခုန်အုပ်ဖို့ ချောင်းမှာစိုးတာပါ....ခြေရာလက်ရာ အတိုင်းသားမြင်ရတာ ဆင်ခြေရာကြီးပါ...နောက်အကွက် စစချင်းစိုးဝင်းနဲ့ နှစ်ယောက်တည်းသွားရတာပါပဲ.. ဒီတောမှာ သင်းကွဲဟိုင်းဆင်ကြီးတစ်ကောင်ရှိတယ်၊ ဒေသအပြောအရသိထားရပါတယ်... အချို့ခြေရာတွေက မိုးတွင်းကတည်းက ခြေရာထင်ကျန်နေတာပါ... ခြေရာတော်တော်ကြီးတာမို့ ဟိုင်းဆင်ခြေရာလို့ ယူဆရတာပါ.. ဟိုင်းဆင်ဆိုတာ ဆင်မှာတော့ ဘုရင်ပါ .. နှာမောင်းပိုကြီး ပိုအားကောင်းလို့ စွယ်စုံဆင်တွေပါကြောက်ရပါတယ်.. သူ့အစွယ် ဟိုက နှာမောင်းအားကောင်းကောင်းနဲ့လိမ်ချိုးမှာလေ.. တစ်ခါသားမှာတော့ ဆရာ တပည့် နှစ်ယောက် ဝါးရုံထူထူတောတစ်နေရာ ဆင်ခြေမှာပတ်တဲ့ သံကြိုးတရွတ် ခွဲသံကြားလိုက်ရတယ်..

ခု အကွက်အောက်ဖက်နားတွေမှာ သစ်ထုတ်ရေးဆင်တွေပါရောက်နေပြီမို့တစ်ကြောင်း၊ သစ်ထုတ်ရေးက ဆင်ဆိုးတွေကို သံခလောက်တပ်တာတို့ ချိန်းကြိုးတန်းလန်းထားတာတို့ ရှေ့ခြေ ၂ ချောင်း သံကြိုးနဲ့ ထုံးခတ်လွှတ်တတ်တာတွေရှိတော့ သစ်ထုတ်ရေး ဆင်ဆိုး စားကျက်လွှတ်ထားရင်း ဒီဖက်ကျွံလာလားပေါ့ .. နှစ်ယောက်သား ဝါးရုံခြေရင်းပြေးဝပ်ကြတာ... ဒါနဲ့ နားစွင့်တော့ ချရောက် ...ချရောက်နဲ့ အသံပေါ်လာလိုက် ပျောက်သွားလိုက်..ကိုယ်တွေလည်း သိပ်မလှုပ်ရဲ၊ နောက်မှ အပေါ်ဖက်ကလိုလို ကြားပြန်လို့ ကြည့်မှ သစ်ပင်ကိုင်းပေါ်ကဌက်တစ်ကောင်ပါ၊ အသံက ဆင်ခြေထောက်ချိန်းကြိုးအသံလိုတွက်နေတာအံ့ဩပါ့ဗျာ၊ သေချာမှ ဆရာတပည့် နှစ်ယောက် ကျွန်းပင် ဆက်တိုင်းနိုင်ပါတော့တယ်... ဟိုင်း

PDF Compressor Free Version

ဆင်ကြီး ငုံ့ နောက်က ပေါ်လာမလားဟဲ့လို့ စိုးရိမ်ခဲ့မှု ကအကြီးဆုံးပါပဲ၊ ဒီလိုနဲ့ အဲ့ဒီအကွက်ပြီးလို့ တတိယနေရာ စခန်းပြောင်းခဲ့ပါတယ်...

သင်းသတ်ပင်တွေလည်း တော်တော်ပြီးခဲ့ပါပြီ... စိုးရိမ်စိတ်တွေကြားက အန္တရာယ်တော့ ကြီးကြီးမားမား မရှိခဲ့ပါဘူး... ဒါတောင်နီးစပ်ရာအဖွဲ့က ကိုမြတ်စိုးနဲ့ နားရက်မှာ နှစ်ယောက်တည်း တောထဲလျှောက်ကြည့်ကြရင်း တစ်နေရာမှာ ချောင်းစပ်ချောင်းနံရံနားသီလျှောက်လာကြတုန်း အပင်တစ်ပင်နားအရောက်မှာ... ရုတ်တရက် သူက ပြေးပြေးဆိုပြီးထွက်ပြေး.. ကိုယ်ကလည်းပြေးလိုက်... နောက်မှသိရတာ အရှေ့ကသွားတဲ့သူက အပင်ပေါ်က တောကြီးမြွေဟောက်မြင်လိုက်ရတာ... ကိုယ်တွေဖက် ဦးတည်နေပြီ... တောကြီးမြွေဟောက် တောထဲ အထိခံလိုက်ရလို့ကတော့ ဆေးမီဖွယ်မမြင် ... ကိုမြတ်စိုးတို့က တောတွင်းအတွေ့အကြုံပိုကြွယ်ပါတယ်... ဘယ်ရောက်နေလေပြီမသိ...ကိုဘစိုးတောင် ပင်စင်ယူ ၃ နှစ်ထဲ၊ သူတို့ဆို ၆ နှစ် ၇ နှစ်ထဲရောက်လောက်ရောပေါ့။ သတိရမိပါတယ်... ဇီးကုန်းမှာလည်းအတူတူပျော်ဖက်တွေပါ။

၁၉၉၂ January လကုန် February လဆန်းမှာ တောထဲရောက်တာ ၃ လကျော်ခဲ့ပါပြီ... ပြဿနာက ၄က်ဖျားနှိပ်စက်မှုဒဏ်ပါ... အဖွဲ့ခေါင်းဆောင်တွေအပါအဝင် တွဲဖက်ဝန်ထမ်းအချို့ ၁၉၉၁ December အတွင်းကစလို့ ဖျားလို့ပြိုပြန်ဆေးကုရ ၂ပတ် ၃ပတ်လောက်မှ ပြန်လာရ အချို့က ပြန်ကိုမလာနိုင်ကြ... ရှိတဲ့သူတွေ အင်အားပြန်စုဖွဲ့...ဖျားတဲ့အဖွဲ့မလုပ်နိုင်တဲ့အကွက် ကူလုပ်ကြခဲ့ဆောင်ရွက်ရပါတော့တယ် ... ကိုဘစိုးတောင် ပထမဆုံးအကွက်က သင်းပင်အရနည်းခဲ့ပေမဲ့ ... နောက်ပိုင်းကိုယ့်အကွက်အပြင် ဖျားလို့ပြန်နေတဲ့ ဦးလွင်မြင့်အကွက်ပါ ဆောင်ရွက်ပေးခဲ့ရပါတယ်။

ဒီလိုနဲ့ ၁၉၉၂ February အကုန်မှာ လုပ်ချိန် ၄ လ အပင် Target ၆၀၀၀ မှန်းခဲ့ပေမဲ့ သင်းပင် ၅၀၀၀ ကျော်သာ ရသေးပြီး၊ အဖွဲ့ခေါင်းဆောင်အချို့နဲ့ ဝန်ထမ်းတွေ ၄က်ဖျားနှစ်ခါမိ ပြန်ရသူနဲ့၊ အရင်မဖြစ်သေး ခုဖြစ်ပြန်ရသူနဲ့ မူလ ၁၂ ဖွဲ့ကနေ ၆ ဖွဲ့စာလောက်ပဲ ရှိပါတော့တယ်... ခေါင်ဆောင်ချုပ်ဦးမိုးကလည်း အသက်ကြီးပြီမို့ base camp တစ်ခုမှာထိုင်ပြီး ကျန်အပင် ၁၀၀၀ နီးပါးအတွက် ကိုဘစိုး အပါအဝင် ၆ ဖွဲ့ စုပေါင်း ကွင်းနင်းတိုင်းတာ ကျွန်းသင်းသတ်ဖို့ဆုံးဖြတ်လိုက်ကြပါတယ်...

ဒီလိုနဲ့ အားတင်းဆောင်ရွက်ကြရာမှာ March လလယ်ရောက်လာတော့ ချောင်းတွေမှာ ရေပြတ်စပြုပါပြီ...ယခင် စမ်းရေလေးတွေစီးနေတာရပ်စပြုပါပြီ... လက်ယက်တွင်းဖော် ရေသုံးနေရပါပြီ... ဒုတိယပတ်ထဲမှာ အဖွဲ့ထဲက ကိုစိုးနိုင်က ... ' ဆရာ ကျနော်တို့ ဆွဲစိလိုက်တော့မယ်'... သူပြောတာကျနော်သဘောပေါက်ပါတယ်၊ ကျနော်တို့သင်းပင်နဲ့ချန်ပင်စာရင်းကောက်ရာမှာ တောင်ကြောပေါ်နဲ့ချောင်းကို မူတည်ဖွဲ့ထားလေ့ရှိတဲ့အကွက်မှာ ကြောပေါ်တက်လိုက် ချောင်းစပ်ဆင်းလိုက် ကွန်တိုရစ်အပင်တိုင်းရပါတယ်...ရေစီးမကျော်ရ၊ မြောင်မကျော်ရပါ... ဒါမှ အပင်မကျန်ပဲ လုပ်ကွက်ကို အဆုံးမှာငုံမိပါတယ်... အဲဒလိုသွားရတာ မသက်သာလှပါ... ကော့ညွတ်တိုးရင် ပိုဆိုးပါတယ်... ကော့ညွတ်ဆိုတာ တောင်ကြောပေါ်က ကြည့်ရင် အောက်မှာချောင်းဖြစ်သွားပြီထင်ရပေမဲ့ ခါးသိမ်သွားပြီး လူတစ်ယောက်လျှောက်သာလောက် ရောက်ခါမှ ဟိုဖက်ကို တောင်ကုန်းတစ်ခုဆက်သွားတာပါ...အဲဒီမှာ အပင်တွေ ထပ်စာရင်းကောက်ရပြန်တာပေါ့... အောက်ကချောင်းက ကွေ့သွားတာပေါ့ ...ချောင်းစပ်ထိ ဆင်းတိုင်းရတာပါ... ချောင်းကိုတော့ မကျော်ရပါ...ဒါတွေက forester တိုင်း နားလည်ထားတဲ့ ကြော မြောင် ချောင်းဖွဲ့စည်းမှုတွေပါ... အဲဒီတော့ ကိုစိုးနိုင်ပြောချင်တာက ကွန်တိုရစ်ရတာ တက်လိုက် ဆင်းလိုက် လူပင်ပန်းအချိန် ပိုကုန်ဖြစ်နေလို့ ကြောကနေ ချောင်းထိမဆင်းတော့ဘဲ ကြောမတစ်လျှောက်သွား...ကြောသာရာ နေရာလေးတွေ ဆင်းတိုင်း သင်းပင် အပြန်ပြည့်အောင်ပါ... ဒါကလည်း အများပင်ပန်းနေပြီ ရေပြတ်တော့မယ်... ထပ်ဖျားသူတွေ ပေါ်လာနိုင်တာကြောင့် စေတနာသဘောမျိုးသာ ဖြစ်ပါတယ်... ဒါပေမဲ့ ကိုဘစိုး လက်ခံရခက်ပါတယ်။ report ရေးတဲ့အခါ မြေပုံမှာတော့ ချောင်းထိ မဆင်းပဲ အကွက်နင်းကြောင်း အပြည့်ပြရမှာမို့ ...နောင်တစ်ပတ် သင်းသတ်လှည့်မဲ့ နှစ် ၂၀၊ ၃၀ လောက်အထိ မတိုင်းဖြစ်တဲ့ သင်းသတ်ပင် အနာဂတ်ချန်ပင်စာရင်းတွေ ကျန်သွားမှာပါ။ 'ကိုစိုးနိုင်ရေ ... ကျနော်တို့ ဖွဲ့လေးထပ်ထည့်ကြရအောင်' သူလည်း နားလည်လက်ခံသွားပါတယ်။

ဒီလိုနဲ့ March တတိယပတ်အကုန် စတုတ္ထပတ်အစ တစ်နေ့မှာ အပင် ၁၀၀ နီးနီးလေးပဲလိုတဲ့ အခြေအနေရောက်ပါပြီ၊ ရေကလည်း ချောင်းထဲမှာ လက်ယက်မရတော့... တွင်းတူးယူရတဲ့အခြေအနေဆိုက်ပါပြီ... ကိုစိုးနိုင်ကော အခြားဝန်ထမ်းအချို့ကပါ ပြောလာပါတယ်...

'ဆရာ အကွက်ထဲ မလိုက်ပါနဲ့တော့ဆရာ...ကျနော်တို့ဖြတ်လိုက်ပါ့မယ်' ... 'အေးဗျာ ဖြတ်ကြတာပေါ့'

တစ်ခါတရံမှာ ကိုဘစိုးတို့ အခြေအနေ အချိန်အခါတော့ လိုက်လျောညီထွေရှိတတ်ရပါသည်။

လုပ်ငန်းကြီးတစ်ခုမှာ လွဲချော်မှု ရာခိုင်နှုန်း အနည်းငယ်တော့စက်ရှုပ်မဟုတ်သော လူများအတွက်လိုပါသည်။ လူသားဆန်ရပါမည်။ လွဲချော်လှ ဇကအနည်းငယ်လေးသာပေါ့။ (senior ကြီးအချို့အတွက်တော့ controversial ဖြစ်နိုင်ပါသည်)

ကိုဘစိုး သူတို့ကို လွတ်လပ်စေလိုက်ပြီး ၃ ရက်မြောက်မှာတော့ သင်းသတ်ပင် ၆၀၀၀ ပြည့်မြောက်အောင်ပွဲဆင်ခဲ့ပါတော့တယ်... အပြန်ခရီးက အလာလောက် မပင်ပန်းတော့ပါ။ သစ်ထုတ်ရေးလမ်းစခန်းတို့က နီးရာရောက်နေပြီမို့ ကိုဘစိုးတို့အဖွဲ့ရိုးမပေါ်မှ ၁၂ မိုင်ခန့်ခရီးနှင် ...သစ်ထုတ်ရေးစခန်းရောက်... တစ်ညအိပ်မမြင်တွေ့ရကြာပြီဖြစ်တဲ့ ဂိုယာရမ်နဲ့ ညအောင်ပွဲခံ... နောက်နေ့ သစ်ထုတ်ရေးကားနဲ့ အုတ်ဖိုရောက် အုတ်ဖို ဦးစီး အစ်ကိုဦးဌေးဝင်း၊ သူ့အိမ်မှာ တစ်ညပွဲထပ် လုပ်... နောက်နေ့ မူလတာဝန်ကျရာ နတ္တလင်းကို ဦးအယ်လ်မိုး... ဒီဖက်ပြန်ရတဲ့ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်းအဖွဲ့တွေနဲ့ TE ကြီးစီးပြန်ခဲ့ပါတော့တယ် ...ကိုယ့်ဘဝ တစ်ကွေ့ forester ညီအစ်ကိုများနဲ့ ရည်မှန်းချက်တစ်ခု အောင်မြင်ဖြတ်သန်းခဲ့ရတဲ့ပီတိ... ကိုဘစိုး တစ်ယောက် အပြုသတိရမိနေမှာပါ...

အားလုံးကို သတိရ ချစ်ကြည်စွာ...

PDF Compressor Free Version

လွမ်းဆွတ်သတိရခြင်း (၇)

ချစ်ဦး (၉၂)

ကျွန်တော်လည်း တိရစ္ဆာန်ဥယျာဉ် ညွှန်ကြားရေးမှူးဖြစ်တာ တစ်နှစ်လောက်ကြာခဲ့ပြီ။ ကျွန်တော့်အတွက်တော့ သစ်တောပညာတောင် နဲ့နဲ့စပ်စပ်မသိသေးတာ။ တိရစ္ဆာန်နဲ့ပတ်သက်တဲ့အသိပညာကတော့နတ္တိပဲပေါ့။ ဒါပေမဲ့ သူ့ဆန်စားရဲမှုဆိုတော့ အလုပ်နဲ့ပတ်သက်ပြီး တာဝန်ရှိလာပြီဆိုတော့ ကြိုးစားထမ်းဆောင်ရတော့တာပါပဲ။ မြန်မာနိုင်ငံထဲမှာတော့ တိရစ္ဆာန်ဥယျာဉ် (၃)ခုရှိပါတယ်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်က (၁၉၀၆)ခုနှစ်က စဖွင့်တာဆိုတော့ နှစ်ပေါင်း (၁၀၀)ကျော်ရှိပြီ။ သမိုင်းကြောင်း ရှည်လျှပြီလို့ ပြောလို့ရတာပေါ့။ တိရစ္ဆာန်ဥယျာဉ်ထဲက အချို့အသောက်အဦတွေဆို Blue mark ရထားပြီးတောင် ရှိပါတယ်။ ရတနာပုံတိရစ္ဆာန်ဥယျာဉ်ကတော့ (၁၉၈၉)ခုနှစ်မှ စတင်ဖွင့်တာဆိုတော့ နှစ်ပေါင်း (၃၃)နှစ်ရှိပါပြီ။ တိရစ္ဆာန်ဥယျာဉ်တွေမှာတော့ ဒေသမျိုးရင်း နို့တိုက်သတ္တဝါတွေ၊ တွားသွား သတ္တဝါတွေ၊ ကျေးငှက်သတ္တဝါတွေအပြင် နိုင်ငံခြားမှတင်သွင်းတဲ့ တိရစ္ဆာန်တွေနဲ့ မျိုးစုံအောင်ပြသထားပါတယ်။

နေပြည်တော်တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်ကတော့ နေပြည်တော်ကို မြို့တော်အဖြစ် ပြောင်းရွှေ့လာပြီးနောက်ပိုင်းမှာ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ဥယျာဉ်ရဲ့တည်နေရာကတော့ ရန်ကုန်–မန္တလေး ကားလမ်းနံဘေး မိုင်တိုင်အမှတ် (၂၃၀)နံဘေးမှာ တည်ရှိပါတယ်။ ဆက်စပ်ပြီး ဆာဖာရီဥယျာဉ်နှင့် နက္ခတ်တာရာပြခန်းတို့လည်း ရှိပါတယ်။ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)ကို (၂၀၀၈)ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ဥယျာဉ်ရဲ့အကျယ်အဝန်းကတော့ (၂၄ရ.၇၉) ဧကကျယ်ဝန်းပါတယ်။ တောအမျိုးအစားကတော့ အင်တိုင်းတောအမျိုးအစားဖြစ်ပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်တက်စဉ်ကာလကတော့ ဥယျာဉ်မြေနေရာဟာ အကျဉ်းဦးစီးဌာနရဲ့ ကျောက်ထုတ်စခန်း မြေနေရာဖြစ်ပါတယ်။ ၁၉၈၅–၈၆ ခုနှစ် တတိယနှစ် ပညာသင်နှစ်ကာလမှာ ဘူမိဗေဒပညာရပ်နဲ့ပတ်သက်လို့ ကွင်းဆင်းလေ့လာရေးကို ဆရာဦးတင်လှိုင် (ဘူမိဗေဒဌာန လက်ထောက်ကထိက နောင် ပင်လုံတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်)နှင့်အတူ အကျဉ်းစခန်းကိုသွားရောက်ပြီး ကွင်းဆင်းလေ့လာဖူးပါတယ်။ Granite လမ်းခင်းကျောက်တွေထုတ်တာပါ။ ကျောက်တောင်တွေကိုမိုင်းနဲ့ခွဲပြီး လိုတဲ့အရွယ် ကျောက်ခဲတွေရအောင် ကျောက်တွေထုတာပေါ့။ အတော်ပင်ပန်းခက်ခဲတဲ့အလုပ်တွေပါ။

တိရစ္ဆာန်ဥယျာဉ် (၃)ခု ရှိတဲ့အနက် ကျွန်တော် သွားရောက်မှုအများဆုံးနေရာကတော့ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်ဖြစ်ပါတယ်။ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်၊ ရန်ကုန်၊ ရတနာပုံ)၊ ဆာဖာရီဥယျာဉ်နှင့် နက္ခတ်တာရာပြခန်းတို့ကို သစ်တောဦးစီးဌာနကနေ ထူးထူးရေးဒင်းကုမ္ပဏီလီမိတက်ကို ၂၀၁၁ ခုနှစ် ကနေ ၂၀၂၄ ခုနှစ် အထိ စာချုပ်နှင့်ငှားရမ်းထားပါတယ်။ သစ်တောဦးစီးဌာနကတော့ ကြီးကြပ်စစ်ဆေးတဲ့တာဝန်ကို ဆောင်ရွက်ပါတယ်။ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်မှာဆိုရင် နိုင်ငံခြားမှ တင်သွင်းရတဲ့ ကြံ့၊ ကျားဖြူ။ ခြသေ့ဖြူ။ ခြသေ့ညို။ ကျားဝါ၊ သစ်ကုလားအုတ်၊ ဘို့တစ်လုံးကုလားအုတ်၊ နှူးသမင်၊ မြင်းကျား၊ ညာလာသမင်၊ ကက်ဆိုဝါရီငှက်၊ ပင်ဂွင်းငှက်၊ ရေမြင်းအစရှိသည့် တိရစ္ဆာန်များအပြင် ပြည်တွင်းမျိုးစိတ် ဆင်၊ ပန်ဒါနီ၊

PDF Compressor Free Version

ကြယ်လိပ်၊ ဆတ်၊ သမင်၊ ဒရယ်စသည့် ပြည်တွင်းမျိုးစိတ်များအပါအဝင် မျိုးစိတ်ပေါင်း (၈၄) မျိုးအား မွေးမြူပြုသထားရှိပါတယ်။ ထို့ပြင် ငါးပြတိုက်မှာလည်း ပြည်တွင်း၊ ပြည်ပ ငါးမျိုးစိတ်ပေါင်း (၆၈)မျိုးအား မွေးမြူပြုသထားရှိပါတယ်။

တစ်ချို့တိရစ္ဆာန်မျိုးစိတ်များဟာ သူတို့ရဲ့ မူရင်းဒေသမဟုတ်တဲ့အတွက် ဒေသနဲ့လိုက်လျောညီထွေဖြစ်ပြီး ရှင်သန်နေထိုင်နိုင်အောင် အချိန်ယူရသလို သူတို့ရဲ့အသက်ရှင်သန်နေထိုင်နိုင်ရေးအတွက်လည်း လိုအပ်တဲ့ အခြေအနေတွေကို ဖြည့်ဆည်းပေးရပါတယ်။ ပန်ဒါနီနှင့် ပင်ဂွင်းငှက်တွေဆိုလို့ရှိရင် လိုအပ်တဲ့အပူချိန်ရရှိအောင် အမြဲတမ်းလေအေးစက်တွေနှင့်အပူချိန်ကို ထိန်းညှိပေးထားရပါတယ်။

တစ်ချို့တိရစ္ဆာန်တွေဟာ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်လို့ တစ်ကောင်နှင့်တစ်ကောင် သစ္စာရှိကြတာ လူတွေထက်တောင်သာတာတွေ့ရပါတယ်။ ဥပမာ အောက်ချင်းငှက်လို အကောင်မျိုးပေါ့။ ဒါနဲ့ပတ်သက်လို့ ၁၉၉၉ ခုနှစ်လောက်က ကျွန်တော် တောအုပ်ကြီးရာထူးနဲ့ ပုလဲမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာနမှာ တာဝန်ထမ်းဆောင်စဉ်ကာလကပေါ့။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက အစ်ကိုကြီး ဦးမြင့်စိန် (၁၉၇၁ ဆင်း)ပါ။ မုံရွာခရိုင် လက်ထောက် ညွှန်ကြားရေးမှူးက အစ်ကိုကြီး ဦးအောင်ဗိုလ် (အကြီးတန်း ၁၉၆၉ ဆင်း)ပါ။ ကျွန်တော်တည်ထောင်တဲ့ မြောက်ယမားဆည်နံဘေးက ရေဝေရေလဲစိုက်ခင်းကို လာရောက်စစ်ဆေးစဉ်ကာလကပေါ့။ ဆည်ကို လှေနဲ့ဖြတ်ကူးနေတုန်း လက်ထောက်ညွှန်ကြားရေးမှူးက ညွှန်ကြားရေးမှူးကို စကားပြောပါတယ်။ မင်းကြီး ဟသ်ာ (၃)ကောင်မှာ (၁) ကောင် အဖေါ်ကွဲနေတယ်တဲ့။ ညွှန်ကြားရေးမှူးက ကိုအောင်ဗိုလ် ရာစိတ်ပူမနေပါနဲ့ အချိန်တန်ရင် သူ့ဘာသာသူဖြစ်သွားမှာပါတဲ့။ ဟသ်ာတို့ ပင်ဂွင်းတို့ ငှက်တွေဟာ တစ်ခြားငှက်တွေနဲ့ သဘောသဘာဝမတူကြပါဘူး။ တစ်ကောင်နဲ့ တစ်ကောင် သစ္စာရှိကြပြီး တစ်စုံ (Pair)လိုက်နေကြပါတယ်။ တစ်ကောင်သေဆုံးသွားမှသာ နောက်တစ်ကောင်နဲ့တွဲပါတယ်။ လူတွေထက်တောင် သစ္စာရှိမှုအပိုင်းမှာ သာတာတွေ့ရပါတယ်။

ပြည်တွင်းမျိုးစိတ်တွေဖြစ်တဲ့ ကြယ်လိပ်၊ ဆတ်၊ သမင်၊ ဒရယ် စသည့်တိရစ္ဆာန်များဟာ ပေါက်ဖွားမှုနှုန်းကောင်းပါတယ်။ ဒါပေမဲ့ မျိုးနီးခြင်း သွေးစပ်ပေါက်ဖွားခြင်း (inbreeding)တွေ ဖြစ်လာတဲ့အတွက် မျိုးရိုးဗီဇညံ့ဖျင်းမှုတွေပေါ်ပေါက်လာစေပါတယ်။ သမင်တွေဆို ဦးချိုတွေဟာ ပုံပန်းမကျတဲ့ ပုံစံတွေပေါ်လာပါတယ်။

ဥယျာဉ်တွေထဲမှာတော့ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်ဟာ မျိုးဆက်ပေါက်ဖွားမှု အလွန်ကောင်းပါတယ်။ ကျယ်ကျယ်ဝန်းဝန်း နေရတာလည်းပါတာပေါ့။ ဆင်တွေ ဆိုလျှင် ကျယ်ကျယ်ဝန်းဝန်းနေရတော့ ဆင်လေးတွေ ပေါက်ဖွားပါတယ်။ အလားတူ ဆာဖာရီဥယျာဉ်ထဲက ဘို့တစ်လုံး ကုလားအုတ်တွေ၊ တိရစ္ဆာန်ဥယျာဉ်ထဲက မြင်းကျားတွေလည်း ပေါက်ဖွားပါတယ်။ ကျားတွေကို မျိုးစပ်တာလည်းလုပ်တာ ရတနာပုံတိရစ္ဆာန်ဥယျာဉ်မှာတော့ ကျားမလေးတစ်ကောင် ပေါက်ဖွားမှုရှိပါတယ်။ ကြွေ့တို့ ခြေသုံ့ဖြူတို့ ကျားဖြူတို့ကတော့ မိတ်လိုက်တာတွေ ရှိပေမဲ့ အကောင်ပေါက်ဖွားမှုမရှိပါဘူး။ ဘာကြောင့်လဲဆိုတာကတော့ ဆန်းစစ်ဖို့လိုအပ်နေပြီဖြစ်ပါတယ်။

တောရိုင်းတိရစ္ဆာန်များဖြစ်သည့်အတိုင်း ၎င်းတို့၏ကျန်းမာရေးကို နေ့စဉ်ကြည့်ရှုစောင့်ရှောက်နေရပါတယ်။ လူတွေမှာတော့ လုလို့ဝလို့ဆိုပေမဲ့ ဝတိုင်းလည်း ကျန်းမာရေးမကောင်းရင် မဟုတ်လှပါဘူး။ ဆိုရိုးစကားအရသာပြောကြတာပါ။ တိရစ္ဆာန်တွေမှာလည်း အလားတူပါဘဲ။ တိရစ္ဆာန်တွေမှာဝလို့ အဆီတွေများလျှင် ကျန်းမာရေးထိခိုက်နိုင်တဲ့အတွက် အဆီချပေးရပါတယ်။ တောရိုင်းတိရစ္ဆာန်တွေမှာလည်း မာန်ဆိုတာရှိပါတယ်။ ဥပမာ ခြေသုံ့လို အကောင်မျိုးပေါ့။ ကျွန်တော်တာဝန်ကျပြီးမှ ရတနာပုံတိရစ္ဆာန်ဥယျာဉ်ကနေ ခြေသုံ့ဖြူအမတစ်ကောင် သေဆုံးသွားပါတယ်။ သူတို့က နေမကောင်းရင်တောင် ခေါင်းထောင်ပြီးနေကြပါတယ်။ ပထမကတော့ နောက်ခြေထောက်တွေဆွဲနေတော့ အာရုံကြောဆေးတွေကို မှုတ်ပြောင်းနဲ့ ပစ်ပြီး ကုသနေရာကနေ နောက်ပိုင်းလဲသွားတော့ ဆေးသွင်းကုသသော်လည်း အချိန်မမီတော့ပါဘူး။ သေသွားမှ ရင်ခွဲစစ်ဆေးကြည့်တော့ ကင်ဆာကြိတ်တွေ တွေ့ရတော့တာပါပဲ။ မြင်းကျားတွေကတော့ အစာမချေဖျက်နိုင်တဲ့ ရောဂါတွေနဲ့သေဆုံးမှုရှိသလို တစ်ချို့ကလည်းသားမဖွားနိုင်တဲ့ ရောဂါတွေနဲ့ သေဆုံးမှုတွေ ရှိနေပါတယ်။ လူတွေလိုပါပဲ။ 'ယောက်ျားဖောင်စီးမိန်းမမီးနေ' ဆိုသလိုပေါ့။

တောရိုင်းတိရစ္ဆာန်တွေရဲ့ အားနည်းချက်ကတော့ ရောဂါဖြစ်တာကိုသိပြီးတဲ့အချိန်ကျမှ ဆေးကုသရင် အချိန်မမီတာများတာကိုတွေ့ရပါတယ်။ အလားတူ ကျွေးမွေးတဲ့ အစားအစာတွေ သန့်ရှင်းလတ်ဆတ်ဖို့၊ အလေးချိန်ပြည့်မီဖို့၊ နေရာထိုင်ခင်းတွေ သန့်ရှင်းဖို့ဆိုတာလိုအပ်သလို လိုအပ်တဲ့အကောင်အရေအတွက်ထက် မပိုဖို့ကလည်း အရေးကြီးပါတယ်။ တိရစ္ဆာန်ဥယျာဉ်တွေမှာ တိရစ္ဆာန်အမျိုးအစားစုံလင်စွာ ပြသနိုင်မှသာ တိရစ္ဆာန်ရုံအဆင့်အတန်းတိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်။

တိရစ္ဆာန်ဥယျာဉ်တွေထဲမှာ မွေးမြူထားတဲ့ တောရိုင်းတိရစ္ဆာန်တွေဟာ သဘာဝအတိုင်းနေထိုင်နိုင်ခြင်း မရှိတဲ့အတွက် Animal right (တိရစ္ဆာန်အခွင့်အရေး)တွေ ဆုံးရှုံးနေသလိုဖြစ်နေပါတယ်။ ဒါပေမဲ့ တာဝန်ရှိသူတွေ အနေနဲ့သူတို့ရဲ့လိုအပ်ချက် Welfare တွေကို ပြည့်စုံအောင် ဆောင်

PDF Compressor Free Version

ရွက်ပေးရမှာဖြစ်သလို တိရစ္ဆာန်လေးတွေ ပျော်ရွှင်စွာနေ ထိုင်နေရေးအတွက်လည်း ဖန်တီးပေးရမှာဖြစ်ပါတယ်။

ညွှန်ကြားရေးမှူးချုပ်ရုံးမှာကတော့ အပတ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးရှိပါတယ်။ ကျွန်တဲ့ ညွှန်ကြား ရေးမှူးတွေကတော့ သူတို့လုပ်ငန်းအလိုက် အသီးသီး တင်ပြခြင်း၊ ဆုံးဖြတ်ချက်ရယူခြင်းများဆောင်ရွက်ကြပါတယ်။ ကျွန်တော့်အလုပ်ရောက်ရင်တော့ ဘယ်ဥယျာဉ်မှာ ဘယ် တိရစ္ဆာန်ကတော့ မွေးတော့မယ်။ ဘယ်တိရစ္ဆာန်က ကိုယ် ဝန်ဆောင်နေပြီ။ ဘယ်တော့မွေးတော့မယ်ဆိုတာတွေကို တင်ပြပါတယ်။ တစ်ခါတရံ ခန့်မှန်းချက်တွေ လွဲချော်သွား တာလည်းရှိပါတယ်။ ကိုယ်ဝန်အတု(Pseudo pregnancy) ဖြစ်တာတွေလည်း ဖြစ်တတ်တာကိုး။ ပြီးမှ တိရစ္ဆာန်တွေ သေဆုံးရင်လည်း သေဆုံးတဲ့အကြောင်းကိုလည်း တင်ပြ ပေါ့။ တန်ဖိုးကြီးမျိုးစိတ်တွေဖြစ်တဲ့ ပင်ဂွင်းငှက်တို့ ဒေါင်းတို့ ဆိုရင်တော့ ဥဖောက်စက်နဲ့ဖောက်ပါတယ်။ ပင်ဂွင်းငှက် လေးတွေဟာ တစ်ခါဥလျှင် (၂) လုံးပဲ ဥပါတယ်။ ငယ်စဉ် က သိတဲ့အသိကတော့ ဆင်တွေရဲ့ ကိုယ်ဝန်ဆောင်ကာလ ဟာ (၂၁) လလို့ သိထားပါတယ်။ ဒါပေမဲ့ တိရစ္ဆာန်ဥယျာဉ် ညွှန်ကြားရေးမှူးဖြစ်လာမှ တိရစ္ဆာန်ထိန်းတွေ၊ တိရစ္ဆာန် ဆရာဝန်တွေကို မေးမြန်းကြည့်တော့ ကိုယ်ဝန်ဆောင် ကာလ (၁၈) လ ကျော်ရင်လည်း မွေးတတ်တယ်လို့ပြော ပါတယ်။ သိပ္ပံနည်းကျ စမ်းသပ်ချက်မဟုတ်သော်လည်း လနုနုနဲ့မွေးရင် ဆင်မလေးတွေ မွေးတယ်လို့ သိရပါတယ်။ ဆင်တွေမှာတော့ ပုံမှန်ဆိုရင် ဆင်အုပ်ထဲက အားအကြီး ဆုံးခေါင်းဆောင်ဖြစ်တဲ့ ဆင်ထီးကြီးကပဲ အခြားဆင်မ များနဲ့မိတ်လိုက်တာများပါတယ်။ ပထမမျိုးဆက်မှာ အ ကြောင်း မဟုတ်ပေမဲ့ ဒုတိယမျိုးဆက်ကျလျှင် ဆွေမျိုးနီး စပ်ခြင်း မိတ်လိုက်တဲ့ ဖြစ်စဉ်တွေရှိလာနိုင်ပြီး မျိုးရိုးဗီဇ ညံ့ဖျင်းသွားမှာ စိုးရိမ်ရပါတယ်။ ဒီဖြစ်စဉ်များ မပေါ်ပေါက် စေရေးအတွက် အချက်တစ်ချက်အနေဖြင့် စဉ်းစားသင့် ပါတယ်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာတော့မိုးရာသီမှအပ ကျန်ရာသီများတွင် စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ် ရက်များတွင် ဥယျာဉ်သို့ လာရောက်အပန်းဖြေသူများအား ဆင်ပြပွဲ၊ မျောက်ပြပွဲများဖြင့် ပြသပါတယ်။ ကြည့်ရှုသူ များမှ အခကြေးငွေပေးဆောင်ရခြင်းမရှိပါ။ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်တွင်လည်း လိုအပ်ပါက ကြည့်သည်များ ကြည့်ရှုနိုင်ရေးအတွက် ဆင်ပြကွက် (၁၀) ကွက်ခန့်အား လေ့ကျင့်သင်ကြားထားမှုရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ၂၀၁၁ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ သင်တန်းတက်ရောက်စဉ် ကာလက အခြေအနေကို ပြန်ပြောင်းသတိရမိပါတယ်။ ကျွန်တော်တို့ နိုင်ငံပေါင်းစုံက သင်တန်းသားတွေကို ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်နှင့် လန်ပန်းမြို့ကိုသွားတဲ့ လမ်းနံဘေးက ဆင်ထိန်းသိမ်းရေးစခန်း (Elephant Conservation Centre)ကို ဝင်ရောက်ပြသပါတယ်။ ဝင်ကြေး ကို သင်တန်းကပဲ ပေးဆောင်တော့ ဝင်ကြေးနှုန်းကို မသိ လိုက်ရပါဘူး။ ထိုင်းနိုင်ငံဟာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတဲ့ တိုင်းပြည်ဖြစ်တော့ ပြည်တွင်း ပြည်ပခရီးသွားတွေပေါများ ပါတယ်။ တချို့ ဆင်ပြကွက်တွေဟာ မြန်မာနိုင်ငံမှာ ပြသ နိုင်ပေမဲ့ ဆင်တွေ ပန်းချီဆွဲတဲ့ပြကွက်ကိုတော့ မြန်မာ နိုင်ငံမှာ ပြသနိုင်ခြင်းမရှိသေးပါဘူး။ လေ့ကျင့်ထားတဲ့ ဆင်တွေဖြစ်တဲ့အတွက် ဆင်တွေဟာ နှာမောင်းနဲ့ ပန်းခိုင် တွေ ဆင်ပုံတွေ ရေးဆွဲနိုင်ပါတယ်။ ဆင်တွေရေးတဲ့ ပန်းချီ ကားတွေကို ဧည့်သည်များအား ဘတ် ၅၀၀ (မြန်မာကျပ် နှင့်ဆို ၃၀၀၀၀ ကျော်)နှင့် ရောင်းပါတယ်။ ဆင်စီးရင် ဘတ် ၃၀၀ ပေးရပါတယ်။ မြန်မာနိုင်ငံအနေနှင့် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေးအတွက် ထိုင်းနိုင်ငံကို အတုယူစရာ ကောင်းလှပါတယ်။

တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးအခြေအနေကို ကြည့်ရှုစောင့်ရှောက်ရာမှာ ဥယျာဉ်အတွင်းမှာ တာဝန်ကျ တဲ့ တိရစ္ဆာန်ထိန်းတွေရဲ့ အခန်းကဏ္ဍက အရေးပါလှ ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူစောင့်ရှောက်တဲ့ တိရစ္ဆာန်ရဲ့အလေ့အထကို ထိန်းသိမ်းရတဲ့ တိရစ္ဆာန်ထိန်း ကပဲနားလည်သလို တိရစ္ဆာန်တွေကလည်း ၎င်းတို့ရဲ့ သခင် တိရစ္ဆာန်ထိန်းပြောတာကိုဘဲ နာခံကြပါတယ်။ တိရစ္ဆာန်ဆရာဝန်များရဲ့ အခန်းကဏ္ဍကလည်း မသေးလှ ပါဘူး။ ဥယျာဉ်အတွင်းမှာရှိတဲ့ တိရစ္ဆာန်မျိုးစုံရဲ့ ကျန်းမာ ရေးကို အမြဲမပြတ် ဂရုပြုစောင့်ရှောက်ကုသနေရလို့ပါဘဲ။

တိရစ္ဆာန်ဥယျာဉ်များတည်ရှိခြင်းဖြင့် ပြည်သူများ စိတ်အပန်းဖြေ အနားယူနိုင်ရုံသာမက ဗဟုသုတရှာဖွေ သူများအတွက်လည်း ဗဟုသုတရှာဖွေရာ နေရာတစ်ခု ဖြစ်ပါတယ်။ ဥယျာဉ်များ သန့်ရှင်းသာယာလှပရေး အ တွက် ထူးထူးရေးဒင်းကုမ္ပဏီလိမိတက်နှင့် သစ်တောဦးစီး ဌာနတို့မှ ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

ဇီဝမျိုးစုံ၊ ကြွယ်ဝမှု
သဘာဝတောတွေ ထိန်းသိမ်းစို့။

PDF Compressor Free Version

MRRP လုပ်ငန်းများအထောက်အကူပြု သစ်တောစိုက်ခင်းများ ရှင်သန်အောင်မြင်စေရေး စိုက်ပျိုးပြုစုခြင်းဆိုင်ရာ မှတ်သားဆောင်ရွက်ချက်များ

ယခင်လမှအဆက်

ကော်ကော်မင်း -၉၆ (စီမံ)

အပင်များရှင်သန်ကြီးထွားခြင်း

အပင်များသည် လေထဲမှကာဗွန်ဒိုင်အောက်ဆိုဒ်ကို အရွက်အောက်မျက်နှာပြင်ရှိ လေရူပေါက်ကလေးများဖြင့်စုပ်ယူပြီး အမြစ်ကစုပ်ယူရရှိသည့် ဟိုက်ဒရိုဂျင်(H) နှင့် အောက်စီဂျင် (O) တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ရေ (H_2O)နှင့်ပေါင်းစပ်ကာ နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ အလင်းဓာတ်အစာချက်လုပ်ခြင်းဖြစ်စဉ် (Photosynthesis) ကိုပြုလုပ်ပြီး အဆိုပါဖြစ်စဉ်မှ အပင်အတွက် သကြားဓာတ်၊ ကဆီဓာတ်တို့ဖြစ်သော ကာဗွန်ဟိုက်ဒရိတ်ကိုရရှိပြီး အပင်ဆဲ(လ်)သစ်များဖြစ်ပေါ်စေခြင်း၊ ဆဲ(လ်)ကွဲပြားမှုကို ဖြစ်ပေါ်စေခြင်းတို့ဖြင့် အပင်၏အကိုင်းသစ်၊ အရွက်သစ်နှင့် အမြစ်သစ်များကိုဖြစ်ပေါ်စေကာ အပင်ရှင်သန်ကြီးထွားလာပါသည်။ သို့ပါ၍ အာဟာရဓာတ် (၃)မျိုးသည် အပင်ဖွဲ့စည်းတည်ဆောက်ရာတွင် အလွန်အရေးပါပြီးများစွာလိုအပ်ပါသည်။ အပင်၏ခန္ဓာထဲတွင် ဤအာဟာရဓာတ် (၃)မျိုးသည် အများဆုံးလိုအပ်သည့် အာဟာရများဖြစ်ပြီး အပင်တစ်ပင်ကို ကာဗွန် ၄၅% ၊ အောက်စီဂျင် ၄၅% နှင့် ဟိုက်ဒရိုဂျင် ၆% တို့ပါဝင်ဖွဲ့စည်းထားပြီး ကျန်အာဟာရဓာတ်များမှာ ၄% ပင်ရှိပေသည်။ မြေသြဇာအသုံးပြုခြင်း (Utilization of Fertilizar)စိုက်ပင်များ ရှင်သန်ကြီးထွားရေးအတွက် ပေါင်းရှင်းခြင်းနှင့်အတူ အပင်အတွက် လိုအပ်သောမြေသြဇာများ မှန်ကန်စွာအသုံးပြုရန်လိုအပ်မည်ဖြစ်ပါသည်။ မြေသြဇာနှင့်ပတ်သက်၍ အနည်းငယ်တင်ပြလိုသဖြင့် အပင်များအတွက် အဓိကဖြစ်သည့်အများဆုံးလိုအပ်သော အာဟာရဓာတ်များကို သိရှိရန်လိုမည်ဖြစ်ပါသည်။ အပင်များသည် ကောင်းစွာရှင်သန်ကြီးထွားနိုင်ရေး အာဟာရကိုမှီခိုရသောကြောင့် အပင်များအတွက် လိုအပ်သောအာဟာရများနှင့် ထိုအာဟာရဓာတ်များ၏ လုပ်ဆောင်ချက်များကို ကောင်းစွာသိရှိရန်ဖြစ်ပါသည်။ အပင်များအတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်အမျိုးပေါင်း(၂၀)ခန့် တွေ့ရှိထားပြီးဖြစ်၍ အဓိကလိုအပ်သော အာဟာရဓာတ်များ(Primary Macro Elements, PME)၊ ဒုတိယအများလို အာဟာရဓာတ်စင်များ (Secondary Macro Elements)နှင့် အနည်းလိုအပ်သည့် အာဟာရဓာတ်စင်များ(Meiro Elements) ဟူ၍ အုပ်စု(၃)မျိုးခွဲခြားတွေ့ရှိရပြီး အပင်များရှင်သန်ကြီးထွားစေရေး အဓိကသိထားသင့်သည့် အဓိကလိုအပ်သောအာဟာရဓာတ်များ (PME)အကြောင်းကို အနည်းငယ်ဖော်ပြလိုပါသည်။

အပင်စိုက်ပျိုးသူတိုင်း သိထားသင့်သည့် အခြားဓာတ်များနှင့်နှိုင်းစာလျှင် ပမာဏများစွာလိုအပ်သည့်ဓာတ်များမှာ ကာဗွန်(C)၊ ဟိုက်ဒရိုဂျင် (H)၊ အောက်စီဂျင် (O)၊ နိုက်ထရိုဂျင်(N) ၊ ဖောဖရပ်(စ်)ခေါ် မီးစုန်းဓာတ် (P)၊ ပိုတက်စီယမ် ခေါ် ပြာဓာတ်(K)တို့ဖြစ်ပြီး အပင်တို့အတွက် မရှိမဖြစ်လိုအပ်သောဓာတ်စင်များဖြစ်ပါသည်။ ထိုဓာတ်စင်(၆)မျိုးအနက် ကာဗွန် (C)၊ ဟိုက်ဒရိုဂျင် (H)၊ အောက်စီဂျင် (O)တို့သည် အပင်များ၏ဖွဲ့စည်းပုံအရ လိုအပ်သောဓာတ်များ (Structural Elements) ဖြစ်ပြီး သဘာဝ (လေနှင့်ရေ)မှ ရရှိနေသောကြောင့် စိုက်ပျိုးသူများက တကူးတကကျွေးရန် မလိုအပ်သောကြောင့် သတိမထားမိကြဘဲ ဤဓာတ်(၃)မျိုးမရှိက အပင်များသည် လုံးဝရှင်သန်နိုင်မည်မဟုတ်ပေ။

အပင်များရှင်သန်ကြီးထွားမှုအတွက် အဓိက လိုအပ်သော အာဟာရဓာတ်စင်များ (Primary Macro Elements)မှာ နိုက်ထရိုဂျင် (N) ယူရီးယားဓာတ်မြေသြဇာ၊ ဖောစဖော့ရပ်(စ်) ခေါ် မီးစုန်းဓာတ် (P) နှင့် ပိုတက်စီယမ် (K)ခေါ် ပြာဓာတ်တို့ဖြစ်ပြီး အပင်စိုက်ပျိုးသူအများစုက အဓိကကျွေးသော ဓာတ်စင်များဖြစ်ပါသည်။ နိုက်ထရိုဂျင်ဓာတ်(N)သည် အပင်၏ အရွက်၊ အညွှန့်၊ ပင်စည်နှင့် အကိုင်းအခက်စသည့် ပင်ပိုင်းဆိုင်ရာကြီးထွားဖွံ့ဖြိုးမှုကို တိုးတက်ကောင်းမွန်စေခြင်းကိုလည်းကောင်း၊ ဖော့ဖရပ်(စ်) ခေါ် မီးစုန်းဓာတ်(P)သည် အပင်၏အသီး၊ အစေ့နှင့်အပွင့်ဖြစ်ပေါ်စေမှုကိုလည်းကောင်း၊ ပိုတက်စီယမ်(K)ခေါ် ပြာဓာတ်သည် အမြစ်မှ အစာစုပ်ယူမှုစနစ်တို့ဖြစ်ပေါ်စေပြီး အမြစ်ကိုအားပေးစေခြင်းကိုလည်းကောင်း အပင်ကြီးထွားမှုအတွက် အဓိကဓာတ်စင်များဖြစ်ပါသည်။ သို့ပါ၍ မိမိတို့စိုက်ပျိုးသောအပင်များကို ကြီးထွားဖွံ့ဖြိုးစေရေး ဓာတ်မြေသြဇာကျွေးရာတွင် N,P,K အချိုးကို သိရှိလိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

မြေသြဇာအကျိုးရှိစွာအသုံးချရေးဆောင်ရွက်ချက်

သစ်တောအပင်များကြီးထွားစေရေးအတွက် အပင်၏မြေသြဇာလိုအပ်ချိန်တွင် လိုအပ်သောမြေသြဇာဓာတ်ပါဝင်မှုအရ ဖြည့်ဆည်းပေးနိုင်ဖို့ အထူးဆောင်ရွက်ရမည်ဖြစ်ပြီး ဓာတ်မြေသြဇာတွင်လိုအပ်သည့် N,P,Kအချိုးကိုအတိအကျသိရှိနိုင်သည့်အတွက် စိုက်ကွက်၏မြေနမူနာစမ်းသပ် တွေ့ရှိချက်များအရလည်းကောင်း၊ အပင်များ

PDF Compressor Free Version

၏ လက္ခဏာအရလည်းကောင်း ကိုက်ညီသည့်မြေသြဇာ အသုံးပြုရန်လိုအပ်ပါသည်။ အာဟာရများကို အပင်က ကောင်းစွာ ထိထိရောက်ရောက်စားသုံးနိုင်ရန် မြေသြဇာ ကျွေးရာတွင် အချက်(၄)ချက်နှင့် ကိုက်ညီမှန်ကန်စွာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က)အပင်သည် အစာစားသုံးမှုတွင် အပင်အမျိုးအစားနှင့် ကြီးထွားမှုအဆင့်အလိုက် ကွာခြားမှုရှိပြီး အပင်ကြီး ထွားမှုလိုအပ်သောအရွယ်တွင် ပင်ပိုင်းကြီးထွားမှုကို အားပေးသော မြေသြဇာကိုလည်းကောင်း၊ အသီးအ ပွင့်အဆင့် မျိုးပွားရန်အချိန်တွင် မျိုးပွားမှုကိုအားပေး သောမြေသြဇာကိုလည်းကောင်း အမျိုးအစားမှန်ကန်စွာ ကျွေးရန်လိုကြောင်း၊ သစ်တောစိုက်ခင်းများ အောင်မြင် မှုရရှိရန်အတွက် စတင်တည်ထောင်သည့်နှစ်တွင် စိုက် ပင်များ လျင်မြန်စွာကြီးထွားဖွံ့ဖြိုးစေရေးအတွက် နိုက် ထရိုဂျင်ဓာတ် (N) အချိုးများစွာပါဝင်သော မြေသြဇာ ကို အသုံးပြုရန်ဖြစ်ပါသည်။

(ခ)သစ်ပင်များသည် အစာကိုကောင်းစွာစားသုံးနိုင်ရန် ရေ ရှိဖို့လိုအပ်ပြီး ရေမရှိပါက စားသုံးနိုင်မည်မဟုတ်ပေ၊ သစ်ပင်များသည် အစာခဲ၊ မြေသြဇာခဲများကို စားသုံး ခြင်းမဟုတ်ဘဲ အစာရည်ကိုသာ သောက်သုံးခြင်းဖြစ် သောကြောင့် ရေအစိုဓာတ်ကောင်းစွာရရှိချိန် (အစို ဓာတ် ၇၀%) မိုးရာသီ မြေသြဇာကျွေးရန် ဖြစ်သည့် အလျောက် စားသုံးနိုင်သည့်အချိန်တွင် အစာကျွေးရန် ဖြစ်ပါသည်။

(ဂ) အပင်များသည် သစ်မျိုးကြီးထွားမှု၊ သက်တမ်း၊ ရာသီ ဥတုနှင့်အရွယ်အစားတို့အပေါ်မူတည်ပြီး အစာအာဟာရ စားသုံးမှုကွာခြားမှုရှိ၍ အပင်ကိုလည်းအရွယ်အစား အလိုက် ကျွေးရမည့်မြေသြဇာအမျိုးအစားနှင့် ပမာဏ တို့အသီးသီးရှိပြီး လိုအပ်သည့်အရွယ်အဆင့်တွင် ပမာဏ မှန်ကန်စွာ ကျွေးရန်ဖြစ်ကြောင်း၊ လိုအပ်သည့်အဆင့် တွင် လိုအပ်သောပမာဏကိုထည့်ပေးရန် မသိပါက ပို၍ကျွေးခြင်းထက် လျော့၍ကျွေးခြင်းက ပိုသင့်တော် ပြီး သုတေသနအကြံပြုချက်များအရ မြေသြဇာကျွေး ခြင်းကို လိုက်နာဆောင်ရွက်သွားရန်နှင့် စတင်စိုက် ပျိုးသည့်နှစ်တွင် တစ်ကြိမ်လျှင် မြေသြဇာ(၅၀) ဂရမ် (ထမင်းစား ဇွန်း ၂ ဇွန်း) ကျွေးရန်ဖြစ်ပါသည်။

(ဃ) သစ်ပင်များအား အစာကျွေးရာတွင် အပင်ရင်း၌စုပုံ ၍ကျွေးတတ်ပြီး အပင်ရင်း၌ရှိသော အမြစ်များအစာ အာဟာရကို စုပ်ယူပေးသော အမြစ်မွေးများနည်းပါး သည့်အတွက် အစာကိုကောင်းစွာစုပ်ယူနိုင်မည်မဟုတ် ပေ။ အမြစ်များတွင် အစာစုပ်ယူဖို့ အမြစ်မွေးများ ပိုမိုရှိသဖြင့် အမြစ်အဖျားပိုင်းတွင် အစာစုပ်ယူမှု ကောင်းသောကြောင့် အမြစ်အဖျားပိုင်းသည် မည် သည့်နေရာတွင်ရှိ၍ မည်သည့်နေရာတွင် အစာကျွေး ရန်သိရှိရန်လိုအပ်ပေမည်။ မြေအောက်တွင် မမြင် နိုင်သောအမြစ်များသည် မြေပေါ်၌ မြင်နိုင်သော အ ကိုင်းအခက်များ ဖြာထွက်သလောက် (ရွက်အုပ်အဖျား ပိုင်း)အမြစ်များလည်း ဖြာထွက်သည့်အပြင် ဤသည် ထက်လည်း ပိုနိုင်သည်ဟုလည်းရှိပေသည်။ ယေဘုယျ အားဖြင့် သစ်ကိုင်းသည် ၆ ပေအရည်ဖြာထွက်နေလျှင် ၎င်းအရည်ကို (၃)ပိုင်းပိုင်းပြီး ပင်စည်နှင့်နီးကပ်သည့် အပိုင်းကိုချန်၍ ကျန်သည့်(၂)ပိုင်းအတွင်း (၄ပေမှ ၆ပေ အတွင်း)နှင့် စိုက်ခင်းတည်ထောင်သည့်နှစ်တွင် အပင် စတင်စိုက်ပျိုးပြီး(၃)ပတ်ခန့်အကြာ အမြစ်စွဲချိန် နောက် ပိုင်း အပင်ခြေမှ ၆လက်မ မှ ၉ လက်မခန့် အတွင်း မြေသြဇာကျွေးသည့်နေရာမှန်ဖြစ်ကြောင်း၊ မြေသြဇာ ကျွေးရာတွင် မြေပေါ်မှာချခြင်းထက် အပင်ပတ်လည် ဖိုခနောက်ဆိုင် ကျင်းငယ်များတူးမြှုပ်ကျွေးမှသာ အမြစ် များက ပိုမိုစားသုံးနိုင်သည့်အပြင် လေလွင့်ဆုံးရှုံး မှုကိုလျော့နည်းစေပြီး ပိုမိုထိရောက်မှုရှိပါသည်။

သစ်တောစိုက်ခင်းများအောင်မြင်ရေး ပဏာမဆန်းစစ်ချက်

သစ်တောစိုက်ခင်းများ၏ ပဏာမအောင်မြင်မှုမှာ စတင်စိုက်ပျိုးတည်ထောင်သည့်နှစ် (ပထမနှစ်)တွင် အသုံး အဖြတ်ပေးခြင်းဖြစ်သည့်အတွက် ပထမနှစ်တွင်ထိထိ ရောက်ရောက်ပြုစုနိုင်မှသာ ရှင်သန်ကြီးထွားသောစိုက်ခင်း သည် တစ်နှစ်အတွင်းမှာပင် စိုက်ကွက်အတွင်းရှိ ပေါင်းပင် များနှင့် အပြိုင်(သို့) ပေါင်းပင်များ၏အထက်သို့ ကြီးထွား မြင့်တက်နေမည်ဖြစ်သောကြောင့် လာမည့်နှစ်များတွင် ပေါင်းပင်များ၏အန္တရာယ်ကို စိုးရိမ်ရန်မလိုတော့ပေ။ သို့အ တွက် အောင်မြင်သောသစ်တောစိုက်ခင်းရရှိစေရေးစတင် တည်ထောင်သည့်ပထမနှစ်အတွင်း မြေနေရာရွှေ့ချယ်ခြင်း မှစ၍ စိုက်ပင်များရှင်သန်ကြီးထွားစေရေး ပြုစုထိန်းသိမ်း ခြင်းလုပ်ငန်းများသည် အလွန်ပင်အရေးကြီးကြောင်း သိရှိ ကြသည်နှင့်အညီ ပြောင်းလဲလာသောခေတ်စနစ်များနှင့် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော ရာသီဥတု၊ မြေဆီလွှာ အာဟာရများကို ချင့်ချိန်သုံးသပ်၍ ပြုပြင်ဆောင်ရွက်သင့် သည်များကို ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ သို့မှ သာ အောင်မြင်ဖြစ်ထွန်းသော သစ်တောစိုက်ခင်းများ ရရှိလာနိုင်သဖြင့် မျက်မှောက်ကာလတွင် စိုက်ခင်းတည် ထောင်ခြင်းလုပ်ငန်းများကို ဂရုပြုဆောင်ရွက်သွားနိုင်ကြ ပါစေကြောင်း၊ သစ်တောသစ်ပင်များသည် Long-term, Long-standing ဖြစ်သည့်အလျောက် သစ်တောစိုက်ခင်း လုပ်ငန်းများကို အလုပ်ဖြင့်သက်သေပြဂုဏ်ယူနိုင်ကြပါစေ ကြောင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်း၊ သစ်ပင်စိုက် ပျိုးခြင်းဖြင့် ထာဝရကုသိုလ်ရရှိနိုင်ပါကြောင်း သစ်တော စိုက်ခင်းများအောင်မြင်စေရေး အထောက်အကူရရှိနိုင်စေ ရန် လေ့လာသိသမျှ ရေးသားတင်ပြလိုက်ရပါသည်။

++++

PDF Compressor Free Version

ဆန်ဖြူ ဆန်ကောင်း

ကိုနွေဖြိုးဦး (မြောင်)

ဆန်ဖြူ၊ဆန်ကောင်း ထောင်းခါမှသီ လို့ မြန်မာ စကားပုံရှိသည်။

ကျွန်တော်ကတော့ ဆန်ဖြူ၊ဆန်ကောင်း စားကောင်း၏ ဟူ၍သာ မှတ်ထားသည်။

ကျွန်တော်တို့ငယ်ငယ်က ပြောင်းဆံ နှင့် ဆန်ရော ချက်သည့်ထမင်းကို စားခဲ့ဖူးသည်။

ပြောင်းဆံထမင်း ကြမ်းကြမ်း သည် ဘယ်လိုမှ စားလို့အဆင်မပြေ...

အမေ ဘာ့ကြောင့် ပြောင်းဆံ နှင့် ဆန် ရော ချက်သည်ကို နားမလည်...

ဆန်ဖြူ၊ဆန်ကောင်း ချက်လျှင် စားကောင်းမည် ကို အမေ မသိ၍တော့ မဟုတ်နိုင်...

အမေ့ ကိုတော့ ပြန်မမေးဖြစ်ခဲ့။

++++++

သင်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်စဉ် နိုင်ငံရပ်ခြားရောက်ခိုက် ဆန်ဖြူ၊ဆန်ကောင်း ဆိုတာကို ပြန်လည် အမှတ်ရစေဖို့ ကြုံခဲ့ရသည်။

စားရတဲ့ ဆန်သည် စားကောင်းရုံမက နည်းနည်း စားရံမျှဖြင့် တင်းတိမ်စေသည်။

အီသွားခြင်း ပြည့်အင့်သွားခြင်း မဟုတ်ဘဲ...

စားကောင်းပြည့်စုံသွားခြင်း ဟု အနီးစပ်ဆုံး ဖော်ပြရမည်ထင်သည်။

ဆန်ဖြူ၊ဆန်ကောင်း ဆိုတာ ဒီလိုပါလား လို့ အသိတစ်ခု တိုးလာခဲ့ရသည်။

++++++

စိုက်ခင်းတာဝန်ခံ တောအုပ်ကြီး ဘဝ က...

စိုက်ခင်းလုပ်သားများအား စိုက်ခင်းဆန် ခွဲဝေ ပေးသည့် အဖြစ်အပျက်တစ်ခု ပြန်ပြီးအမှတ်ရမိသည်။

ကုန်သွယ်လယ်ယာ က ထုတ်ပေးသည့် ဆန် အများစုသည် ကြမ်းကြမ်း ဝါညစ်ညစ် မြီးတုံး ငစိန် စသည့် ဆန်ကြမ်းများသာ ထုတ်ပေးလေ့ရှိသည်။

တစ်ကြိမ်မတော့ ကျွန်တော်ကိုယ်တိုင် ဆန်ဂိုဒေါင် သွားပြီး ဆန်ထုတ်ရန် အခွင့်ရသည့်အတွက် ဂိုဒေါင်မှူး နှင့် ဝင်တွေ့ကာ ဆန်ဖြူ၊ဆန်ကောင်း ထုတ်ပေးပါရန် တင်ပြရာ ဒေသအခေါ် ရက် ၁၀၀ ဟုခေါ်သည့် ဆန်ဖြူ ဆန်ကောင်းများ ထုတ်ပေးလိုက်ပါသည်။

ကိုယ့်ကိုယ်ကို အကျေနပ်ကြီးကျေနပ်ကာ ပြန်လာ ခဲ့ပြီး တပည့် လုပ်သားတွေကို ဝမ်းသာအားရ ခွဲဝေပေး လိုက်သည်။

ကိုယ့်လုပ်ရပ်အတွက်ကို ဂုဏ်ယူလို့မဆုံး။

++++++

ဒီလိုနဲ့ တစ်ပတ်လောက်အကြာ စိုက်ခင်းရွာထဲ အလည်သွားပြီး ထုတ်ပေးတဲ့ ဆန် စားကောင်းကြောင်း ပြောသံလေး နားထောင်လိုက်မဟဲ့ လို့ ...

ကိုယ့်အတွေးနဲ့ ကိုအသွား...

တပည့် လုပ်သားတစ်ယောက် ပြောသံကြားလိုက် ရတော့မှ ကျွန်တော့်အထင်နဲ့ အမြင် တက်တက်စင်အောင် လွဲမှားနေကြောင်း သိလိုက်သည်။

++++++

'နောက်တစ်ခါ ဆန်ထုတ်လျှင် ဒီလိုဆန်မျိုး မထုတ်ခဲ့ပါနဲ့ ဆရာ... ဆရာ့ဆန် က အစာကြေ လွယ် တယ်... ကျုပ်တို့လို အလုပ်ကြမ်းသမားတွေနဲ့ မကိုက် လှဘူး... အခါတိုင်းထုတ်ပေးနေကြ အစာမကြေလွယ်တဲ့ မြီးတုံးဆန်ပဲ ကောင်းပါတယ် ဆရာရယ်'... ဆိုတဲ့

တပည့်ကျော်ရဲ့ မှတ်ချက်စကားကြားလိုက်ရတဲ့ ကျွန်တော့်မှာ ရယ်ရအခက် ငိုရအခက်နဲ့ ...

အခုအချိန်ထိ ပြန်တွေးတိုင်း ကျေနပ်စရာကောင်း သည့် အဖြေမရသေး။ ။

(စိုက်ခင်းတာဝန်ခံဘဝအမှတ်တရ)

PDF Compressor Free Version

၁၉၉၅ ခုနှစ်များဆီကပေါ့..။ ရာသီကတော့ ဆောင်းအကုန်နွေကူးစ ဂိမန္တရာသီရော်ရွက်ဝါလေမှာဝဲလို့ ငှက်များနှင့်အတူလေဟုန်စီးစသမယပေါ့....

ရဲရဲလန်ပွင့်နေတဲ့ ပေါက်နဲ့ လက်ပံမော်ဒယ်မတွေကို ဝါကြင်ကြင် သစ်ရွက်ခြောက်ကြီးက ကြောင်စီစီ မျက်နှာပေးနဲ့ ငေးကြည့်နေချိန်....

သီချင်းကြီးတစ်ပုဒ်ကို ချဲ့ချဲ့ နွဲ့နွဲ့သီဆိုနေသူ အခေါင်အဖျား ဥသြပျို့ကို လက်ပံပင်ဆက်ရက်တစ်အုပ်က ရက်ပ်တစ်ပုဒ်နဲ့ဆုတ်ဆုတ်ပဲ့ပဲ့ဆဲနေကြ၊

လှည်းကူးမြို့ ငမိုးရိပ်ဆည် တည်ဆောက်ရန် (Catchment Area) ကိုအပြောင်ရှင်းဖို့ရာ သစ်ထုတ်ရာသီကာလ.....

ငမိုးရိပ်ချောင်းဆိုတာက တော့ပဲခူးရိုးမ၊ 'စိန်တောင်'ကို ချောင်းဖျားခံ၍ အရှေ့ဘက်ကစီးဆင်းလာတဲ့ 'မဟူရာချောင်း' နှင့် အနောက်ဘက်က စီးဆင်းတဲ့ 'ပေါင်းလင်းချောင်း' တို့ဟာ ဖောင်ကြီးမြို့အနီးမှာ ဖူးစာဆုံပေါင်းဖက်ကြပြီး ငမိုးရိပ်ချောင်းကြီးကို မွေးဖွားသန့်စင်ခဲ့ခြင်းဖြစ်ပါသည်။ ငမိုးရိပ်ဆည်ကြီးကိုတော့ 'ပေါင်းလင်းမင်းသားကြီး'နှင့် ''မဟူရာ မင်းသမီးလေး''တို့ဆုံရာမှာ တည်ဆောက်ခြင်းဖြစ်ပါသည်။

ရေဝပ်ဧရိယာက သစ်တွေကို MTE ကထုတ်ယူခဲ့ခြင်း ဖြစ်ပါသည်။ ဆင်တွေကိုတော့ ပုဂ္ဂလိက ဆင်တွေကိုသာ အသုံးပြုခြင်းဖြစ်ပြီး ဆင်သူဌေး သုံးဦးပိုင် ဆင်ဝိုင်း (၃) ဝိုင်း၊ စုစုပေါင်း ဆင်အကောင်(၈၀) ကျော်နှင့် တစ်ရာသီ အပြီးထုတ်ခြင်း ဖြစ်ပါသည်။

ဆင်ပိုင် ''ယဉ်မြိုင်'' ဆိုတာက အသက် (၂၇)ခန့်၊ လူပျို၊ ပဲခူးမြို့သားပါ။ ဘိုးဘွားစဉ်ဆက် ဆင်ပိုင်ခဲ့သူဖြစ်ပါသည်။ သူ့ဆင်တစ်ဝိုင်းတည်းဖြင့် ဆင်(၃၉)ကောင်ပါရှိပါသည်။ သူ့ဆင်ဝိုင်းတွင် ''ဦးစောထိုဝါး''၊ (အသက် ၆၃ နှစ်ခန့်၊ အသားဖြူ၊ အရပ် ၅ပေ ၆လက်မခန့်၊ မပိန်မဝ ခန္ဓာကိုယ်ကျစ်လစ်၊ ကျန်းမာရေး အလွန်ကောင်းသူ) ဖထီးတစ်ယောက်လည်း ပါပါသည်။

ဖထီးသည် ဆင်ပိုင် ယဉ်မြိုင့် အမေဖြစ်သူ၏ အစ်ကိုကြီးဖြစ်ပြီး ဆင်ဝိုင်းတစ်ဝိုင်းလုံး၏ အုပ်ချုပ်သူ ရံဖန်ရံခါ ထမင်းချက် / ဆင်ဦးစီး/ ပဲ့ချိတ်စသဖြင့် နေရာစုံ ကစားနိုင်သူ ဆင်ပိုင်ကြီးတစ်ဦး၊ စိတ်သဘောဖြူစင်ပြည့်ဝလှပါသည်။

မိမိသည် ထိုဧရိယာက DR ဖြစ်ပါသဖြင့် MTE ထုတ်လုပ်မည့် သစ်များကို အကောက်ရိုက်မည့်အဖွဲ့များ တံဆိပ်ရိုက်မှတ်ရာတွင် မှန်ကန်မြန်ဆန်စေရေးအတွက် (နှီးပတ်ခြင်း၊ ထိပ်လွှဲခြင်း၊ နံပါတ်စဉ်ထိုးခြင်း၊ သစ်ကွင်းတစ်ကွင်းမှ အခြားတစ်ကွင်းသို့ ကူးပြောင်းစခန်းချခြင်း၊ အကောက်ရိုက်မှတ်အဖွဲ့နှင့် အထက်ရုံးချိတ်ဆက်ပေးခြင်းတို့ကို မှားယွင်းမှုမရှိရန် စီမံဆောင်ရွက်ပေးရသူ ''ရှေ့ပြေး''(Darkrunner) တစ်ယောက် ဖြစ်ပါသည်။

ရှေ့နောက် 'လွန်းထိုးနေရသူ' ဖြစ်ပါ၍ ပင်ပန်းပါသည်။ ထိုစဉ်က MTE နယ်တာဝန်ခံမှာ ဦးကျော်မြိုင်(ကရင်အမျိုးသားကြီး BFS အကြီးတန်းဆင်း) ဖြစ်ပါသည်။ ယခင်နှစ်များကလည်း သူနှင့်အတူ တာဝန်ထမ်းဆောင်ဖူးပါသည်။ စိတ်ရင်းဖြူစင်သူဖြစ်၍ ကျနော့်အပေါ်တွင် ညီငယ် တစ်ယောက်လို သံယောဇဉ်ရှိလှသူဖြစ်ပါသည်။ ပေါင်းလင်းချောင်းကမ်း၏ ဝဲ/ယာ တွင် ဝါးချောင်း၊မွေးနီ၊ ပုတ္တ၊ လယ်ဇတုံ၊ တောင်ထန်းပုံရွာများ တည်ရှိပြီး တစ်ရွာနှင့်တစ်ရွာ တစ်နာရီခွဲခန့် လမ်းလျှောက်ရပါသည်။

ယဉ်မြိုင်၊ ဖထီးတို့၏ဆင်ဝိုင်းမှာ ပုတ္တရွာနှင့် လယ်ဇတုံးရွာကြား MTE သစ်တိုက်ကားလမ်းဟောင်းနှင့် မနီးမဝေး၊ ပေါင်းလင်းချောင်းမကြီး အနီးတွင်ဖြစ်ပါသည်။ စခန်းမကြီး ဖြစ်၍ ကျယ်ဝန်းပါသည်။ ဝါးများအသုံးပြု တည်ဆောက်လျက် တာလပတ်မိုးဖြစ်ပါသည်။ အိပ်ရန် အဆင့်မှာ "L" ပုံ ဖြစ်ပါသည်။ တဲအလယ်တွင် ထမင်းစား စားပွဲနှင့် တန်းလျားရှိ၍ သစ်သားဘောကာများ ခင်းထားပါသည်။

စားပွဲပေါ်တွင် ရေနွေးကျိုသည့် ရေနွေးခရား အိုးမဲကြီးနှင့် လက်ဖက်ချိုးတက်နေသည့် ဝါးခွက်များ ထန်းလျက်မှုန်း၊ ခါးချိတ်ခား၊ ဦးထုတ်ဟောင်း၊ ကွမ်းထုပ်၊ ဆေးလိပ်ထုပ်၊ ဆေးလိပ်အတိုအစများနှင့် ရှပ်ယှက်ခတ်နေပါသည်။ တဲ၏နောက်ဘက်တွင် ဝါးရုံအုပ်များရှိ၍ အောက်တွင် မီးဖို၊ ဝါးရုံပင်ကိုအမှီပြုထားသော ပန်းကန်စင်၊ ဓားသွေးကျောက်၊ ရေသယ်ရာတွင်အသုံးပြုသော ကြသောင်း ဝါးကျည်ထောက်ကြီးများ၊ ထမင်းရည်ငွဲထား ခွေးစာခွက်များ၊ ကြက် ဘဲများ လှောင်ထားသော အုပ်ဆောင်းကြီး

PDF Compressor Free Version

များ၊ ဝါးရုံမှတ်ဆိတ်များတွင် တွဲလဲ ချိတ်စွဲအခြောက်ခံထားသော ရှဉ့် ငပေါ အမြီး၊ ငှက်မြီးများနှင့် မြင်ကွင်း စုံနေသည့်အပြင် စခန်းသိမ်း အောင် ပွဲခံရန် အုပ်ဆောင်းတွင်းမှ အကောင် များကလည်း အောက်... အီး...အီး... အွတ်..... ပီးရောက်ပီးရောက်၊ ကတော် ကတော်၊ ဂတ်.....ဂတ်..... ဂတ်နှင့် တစ်နေကုန် အသက်ဝင်လှသော စခန်း ကြီးဖြစ်ပါသည်။

ကျနော် ထိုဆင်ဝိုင်းတွင် စတည်းချပါသည်။ နယ်တာဝန်ခံ ဦးကျော်မြိုင်၊ ယဉ်မြိုင်၊ ဖထီးနှင့် ကျနော်တို့မှာ ယခင်သစ်ကွက်များ တွင် တွဲဖူးရ၍ ရင်းနှီးကြပါသည်။ ဖထီး သည် အခြားသူများနှင့်စကားနည်းပြီး ပြောလျှင်လည်း ကရင်ဘာသာနှင့်သာ ပြောလေ့ရှိပါသည်။

ကျနော့်ကို 'ဖိုးဒို'ဟု ခေါ်ပါ သည်။ ကျနော်နှင့်ပြောသောအခါတွင် မူ မြန်မာလိုပြော၍ စိတ်ရှည်လက် ရှည်ရှိလှပါသည်။ ယဉ်မြိုင်တို့ဆင် (၃၉)ကောင်ထဲတွင် မိုးမိုးအမည်ရ ဆင်မတစ်ကောင်ပါပါသည်။

(မိုးမိုးအကြောင်းများကို ကျွန်တော်ရေး သည့် အချက်အလက်များမှာ ဖထီး၊ ယဉ်မြိုင်နှင့် ဆင်ပဲ့ချိတ်တို့၏ ပြောဆို ချက်အတိုင်းသာဖြစ်ကြောင်း ကျနော် တာဝန်ယူပါသည်။)

မိုးမိုးသည် ပြီးခဲ့သည့်နှစ်က စ၍ (မိတ်ထ)ခဲ့ပြီး၊ သည်နွေတွင် ''မိတ်ကျ'' နေပြီဖြစ်ပါသည်။

ဖထီး၏ မျှော်လင့်ချက်မှာ ဆင်ဝိုင်းသုံးဝိုင်းပေါင်း ဆင်ထီးအ ကောင် (၄၀)ကျော်ရှိပါသဖြင့်၊ ထိုဆင် များထဲမှ တစ်ကောင်သောဆင်နှင့် မိုးမိုးကိုညားစေချင်ပုံရပါသည်။

သို့ပါ၍ သူမကိုသစ်ဆွဲရာတွင် ''ချွန်းမမေ့''ရုံသာခိုင်းပြီး၊ အစာပေါ သည့်နေရာတွင် ထိန်းကျောင်းကာ ဝစေ၊ လှစေထားခြင်းဖြစ်ပါသည်။ ဆင်မများသည် အခိုင်းနာပါက လင် စိတ်သားစိတ်ကုန်သွားတတ်သောကြောင့် ဖြစ်ပါသည်။ မိုးမိုးလည်း အလုပ်သက် သာ အစာရေစာပေါတော့ ဝလို့ လာ ပါသည်။ ခြေလေးချောင်း အသားပို ကိုယ်လှဆိုသလိုဖြစ်ပါသည်။

(ပဲခူးရိုးမသည် အထက်ရွက် ပြတ်ရောနှောသောတောစို(MUMD.. Moist Upper Mixed Deciduous) ဖြစ်သည့်အလျောက် တင်းနှင့်ကြ သောင်းဝါးများ၊ သစ်မျိုးစုံသည့် ရွက် အုပ်ပိတ်တောများ အလွန်များပြား လျက်ရှိပါသည်။) ဆင်စာပေါများလှ ပါသည်။

ဖထီးပြောတာကတော့ မိုးမိုး က ဆင်ကောင်းတစ်ကောင်ရဲ့ကောင်း ခြင်း ကြန်အင်လက္ခဏာနဲ့ ပြည့်စုံဆို ပဲ။ ကျနော်ကတော့ ဂဃနဏ မသိပါ။ အမြီးအရင်းနှင့် နှာမောင်းအရင်းက အခြားဆင်များထက် အနည်းငယ်ပို တုတ်ပြီး ရှည်လျားသွယ်လျပါသည်။ ဦးကင်းကျယ် မေးရိုး အနည်းငယ်ကား ကျ၊ နားရွက်အုံကြီး၍ နားရွက်ဝိုင်း၊ အပေါက်အနာမရှိ၊ ကျောရိုး ငှက်ပျော ကိုင်းတော့ ကျနော်သိပါသည်။

'လူမ' ဆိုလျှင်တော့ 'Cake' 'Cute' တို့သုံးကြမယ် ထင်ပ။ ဒါမှ မဟုတ် တိုင်တန်းနစ်မင်းသမီး ''ကိတ် ဝင်းစ်လက်''လား၊ ''မော်နီကာလူ ဝင်စ်ကီး'' (အိမ်ဖြူတော် လုပ်အားပေး မလေးလေ၊ ဘီလ်ကလင်တန်နဲ့ ငြိတဲ့ ကောင်မလေး)လား၊ ဂျနီဖာလိုပက်စ် လား၊ အိချောပိုလား ထင်မှားလောက် ရဲ့ ဆိုပြီး ဆင်(ဆင်ထီးများ)လောကမှာ တင်စားကြမှာပေါ့။

ဒါပေမဲ့ မိုးမိုးဟာ ဖထီးတို့ မျှော်လင့်သလိုဖြစ်မလာခဲ့ပါ။ ဗဒင် သီချင်းလိုပဲ အချစ်ဆိုတာကလည်း ခက်သားလား။ Love is blind ဆိုသလို ဆင်ဝိုင်းသုံးဝိုင်းထဲက မည်သည့် ဆင် ကိုမျှ စိတ်မဝင်စားပဲ တောဆင်တစ် ကောင်ကို တိမ်းညွှတ်နေ (crush) နေ ပါတော့သည်။ သူမနဲ့တစ်ဝိုင်းတည်း အတူနေ ယဉ်မြိုင်၏ စွယ်စုံမှာ အင်မ တန်ချောသောဆင်ဖြစ်ပါသည်။ သူမ လိုပဲ ခြံပေါက်ဆင် ဆင်လိမ္မာ အရွယ် ကောင်းဖြစ်ပါသည်။ စွယ်စုံနဲ့ ညားစေ ရန် နည်းအမျိုးမျိုး ကြိုးစားသော် လည်း စွယ်စုံကို သူမ စိတ်မဝင်စားခဲ့။

ကြေကွဲစရာရဲ့ အခြေခံတွေ ဟာ အဲဒီက စခဲ့တာပါပဲ...။

တစ်နေ့မှာတော့ -

ဖထီးက ''ဖိုးဒိုရေ မိုးမိုးက တော့ တောဆင်တစ်ကောင်နဲ့ ကြိုက် နေပြီ။ ဆင်ကတော့ ဆင်ချောပါ''တဲ့။ ကျနော်.... ''ဟုတ်လား၊ ဖထီး မြင်ခဲ့ လို့လားလို့'' ကျနော် တအံ့တသြ မေး မိတယ်။ ဖထီးက...''မြင်တော့မမြင်ခဲ့ရ သေးဘူးဖိုးဒို ဒါပေမဲ့ ဖထီးသိတယ်''။

သူ.. သဘောတူကျေနပ်ပုံ မရပါ။

ဖထီးမျက်နှာ တစ်မျိုးပြောင်း သွားတယ် ဒီအခြေအနေကိုလည်း ကြိုက်ပုံမရ။ ဒါဆို ယဉ်မြိုင်လည်း မ ကြိုက်တာသေချာပေါ့။ ဖထီးမျက်နှာ က 'တွေးတွေးဆဆ' ဖြစ်နေတယ်။ ကျနော်တို့နှစ်ယောက်ကြား ခဏတာ တိတ်ဆိတ်သွားတယ်။ ကျနော် ခွက် ထဲကလက်ကျန်ကို ''ကွ''ကနဲ မြို့ လိုက်ပြီး ''ဖထီး ထမင်းစားကြမယ် လေ''လို့ ပြောပြီး၊ ခေါင်းစဉ်ပြောင်း လိုက်တယ်။

စကားမပြောဖြစ်ကြ။ ကိုယ့် အတွေးနဲ့ကိုယ်။

ထမင်းစားပြီး ပန်းကန်းတွေ သိမ်းရင်းနဲ့ ကျနော်က–

''မနက်ဖြန် မိုးမိုးသွားကောက် ရင် ကျနော်လည်းလိုက်ချင်တယ်ဖထီး'' လို့ပြောလိုက်တယ်။ သူဘာမှ ပြန်မ ပြော။ သူ့အကြောင်းကျနော်သိတယ်။ အဲ့ဒါ သူသဘောတူတာ။

နောက်နေ့မနက် ကျနော်တို့ နှစ်ယောက်အခြားသူတွေစားပြီးမှထမင်း အတူစားကြတယ်။ ကျနော် ထမင်းစား လက်စသတ်ခါနီးတော့၊ ဖထီးက ပြော တယ်''များများစား၊ ဖထီး... သောက် ရေထည့်ဦးမယ်''ဆိုပြီး သူထသွား တယ်။ ဒါဆို ကျနော်သဘောပေါက် တယ်၊ လမ်းလျှောက်ရမှာဝေးမယ်၊ ည နေမှပြန်ရောက်မယ်ဆိုတဲ့သဘော။ ကျနော်ကလည်း ဒီ field စကတည်း က နေ့ခင်းစာငတ်တာကြာပေါ့။

မိုးမိုး၏ စားနေကျစားကျက် ထက် တစ်နာရီနီးပါး လမ်းပိုလျှောက် ပြီးမှတွေ့မြင်ရတဲ့ တောဆင်ရိုင်းရဲ့ ခြေရာကို ဖထီးကခေါ်ပြတယ်။ ဖထီး က 'ဒီမှာကြည့် ဖိုးဒို'တဲ့။

PDF Compressor Free Version

ဟုတ်တာပေါ့ မြေပျော့မှာ ထင်နေတဲ့ ခြေရာရဲ့အချင်း (diameter)က ကျနော့်လက်နဲ့ ရာကြည့်တာ တစ်တောင်နဲ့ လက်နှစ်သစ်ရှိတယ်။ ကျနော့်တစ်တောင်က ၁၇ လက်မ ရှိတယ်။ ခြေလှမ်းအကျဲက လည်း အကျယ်ကြီး။

ဖထီးက စွယ်စုံထက် နဲနဲကြီးတယ်တဲ့။ ကျနော်တို့ ဆက်လိုက်ခဲ့ကြတယ်။ ဖထီးက သိပ်ပါးနပ်တယ်။ ဆင်ခြေရာအတိုင်းမလိုက်။ ကြောတစ်ခုကို ဖြတ်ချလိုက်တယ်။ ကြောဆုံးတာနဲ့ 'ဖြောင်း.....ဖြောင်း' မြည်သံ ဝါးချိုးသံ တွေကြားရပြီး။ နေပူနေတော့ သူတို့ မြောင်းထဲမှာနှပ်နေကြတာ။ ကျနော်တို့ သတိနဲ့ချဉ်းကပ်လာတယ် သူတို့သိ လည်း ပြဿနာမရှိ ကျတော်တို့က တောင်ပေါ်မှာ။

ဖထီးလက်ယပ်ခေါ်လို့ ကျနော် သွားကြည့်တာ... အရိုင်းကောင်က ကျနော်တို့အောက်မှာ။ အကောင်ကြီး ကအကြီးကြီး ကျောပြင်ကြီးကို တစ်လံ လောက်များရှိမလားမသိ၊ အစွယ်ကြီး က ရှေ့ကိုနှစ်တောင်လောက်ထွက်နေ တာ တုတ်တုတ်ကြီး၊ အလုံးကြီးကခြေ သလုံးလောက်များ ရှိမလားမသိ။ ကျနော် ကြက်သီးဖြန်းကနဲ ထသွား တယ်။ နှစ်ကောင်လုံး ကျနော်တို့ရောက် တာမသိကြ။ အရိုင်းကောင်က မွှန်နေ ရင်းနဲ့ မိုးမိုးနား တိုးမလိုလို အစာစား မလိုလို။ မိုးမိုးက ဝါးတွေ ဖျောင်း... ဖျောင်း..ချိုးနေတာ စားတာလဲ မဟုတ်ပဲ ကောင်မက အိစိကလီလုပ်နေတာ သိသာနေတယ်။

စိတ်ထဲကတောင် တွေးမိ သေး။ ''သောက်ကျိုးနည်း ယာမယနဇာတ်က သမင်လိုက်အခန်းကျ နေပါ လားဟာ'' ပေါ့။ တို့တော့မယ်ကွဲ့ ဆိတ် တော့မယ်...

''ပါးပြင်မှာ သနပ်ခါးလေးနဲ့ ချစ်စရာကောင်းလိုက်တာကွာ..'' ဆိုတဲ့ အထာမျိုးတွေနဲ့..

မေရယ် မင်းအပြုံးလေးတွေ ချိုလို့ မင်းအကြည့်လေးတွေချိုလို့ .....ရော့ ယူလိုက် ဘာညာ....

ကြည့်ရတာ ဟိုအရိုင်းကောင် ဘာမှ မဘာရသေးပုံပဲ။ ခုမှ စပါးပင်လို ''လုံးတုန်း ဖုန်းတုန်း မန်းတုန်း ရွှေတုန်းလောက်စာလုံး'' အဆင့်ပဲ ရှိသေးတာ။ ကျနော်တို့ သူတို့နားက တိတ်တဆိတ်ခွာခဲ့တယ်။ခပ်လှမ်းလှမ်း ရောက်တော့မှ နားရင်း ဆေးလိပ်ဖွာ... ဖထီးကို ကျနော်က မေးငေါ့ ဆတ်လိုက်တယ် ဘယ်လိုလဲဆိုတဲ့သဘော။ သူက ''ထားခဲ့မယ် ဗိုးဒို''တဲ့။ ကျနော်တို့ အမောပြေတော့ ပြန်ခဲ့ကြတယ်။

ဒီစခန်းရောက်ကတည်းက ကျနော့် စားသောက်ရေးကို သူပဲဖြည့်ဆည်းပေးနေကျ။ ကျနော်တို့ ညစာ အတူစားဖြစ်ကြတာများတယ်။ ကျနော် သောက်တာများမှာစိုးရင် ထမင်းနှစ်ပွဲ ခူးချလာတယ်။ ကျနော်လည်း ရပ်ပြီး ထမင်းစားတယ်။ ကျနော်ဘယ်ချိန် ထမင်းစားပါစေ ဟင်းပွဲ (ငါးပိရည်ဖြစ်ဖြစ်) သီးသန့်ထားပေးပြီး တူ၊ သား အရင်းလို ဂရုတစိုက်ရှိလှပါတယ်။

ကျနော်တို့ မိုးမိုးနောက်လိုက် သွားပြီး နောက်လေးရက်လောက်ကြာ တော့ မိုးမိုးကို အရိုင်းကောင်က ခိုးပြေး ပါတော့တယ်။ ပေါင်းလင်းချောင်းမ ကြီးနဲ့ မဟူချောင်းကြား (catchment area) နဲ့လွတ်တဲ့ တောင်ကမ်းမြင့်ပြီး စိမ့်စမ်းကောင်းတဲ့နေရာမှာ ပေါင်းသင်း နေပါတော့တယ်။

အိစက်ညက်ညောတဲ့ ဖဲမွေ့ ယာပေါ်ဝယ်.....

အချစ်တလင်းမှာကွယ် ဘာညာ ပေါ့ လေ.....

နှစ်ကိုယ်တူချစ်သမျှတို့ မုန်း ဆက်ဆက်မရွယ်တို့ပေါ့။ ဖထီးကလည်း အကွက်မြင်လှပါတယ် ဒီလိုဖြစ်လာ နိုင်တာကြိုသိလို့ မိုးမိုးကို လက်သွယ် ကြီးအတိုကို နောက်တစ်ချောင်း ထပ် ဆက်ပြီး အရှည်နဲ့လွှတ်ထားတာ ဖြစ် ပါတယ်။ ဒါကိုပဲ အရိုင်းကောင်ကြီးက မထင်မှတ်တဲ့နေရာအထိ ခေါ်သွားခဲ့ သေးတယ်။ ဒါကိုပဲ ဖထီးက ခြေရာခံ အပိုင်သိခဲ့ပါသေးသည်။ ဒီဖြစ်ရပ်တွေ ကြောင့် တောဆင်ရယ် ဖထီးနဲ့ မိုးမိုးတို့ ဉာဏ်ကစားနေကြပြီ၊ ဒီဇာတ်က မျှော တော့မယ်လို့ ကျနော်ထင်မိပါသည်။ တစ်လခန့်ကြာသွားပြီ အကောက်ရိုက် လည်း လက်စသတ်ခါနီးလို့ တစ်ပတ် ခန့်အလိုမှာ ဖထီးက မိုးမိုးနောက်ကို သုံးကြိမ်မြောက်လိုက်သွားပါတယ်။ ထမင်းထုတ်ရေဗူးနဲ့ လုံ့ရည်တစ်ချောင်း ပါယူခဲ့တယ်။ အရိုင်းကောင်က ဖထီး အနံ့ကို အဝေးကြီးကသိနေပြီး ရောက် လာရင်တိုက်ရန် အဆင်သင့် ပြင်နေ ကြောင်း တွေ့ရပါတော့သည်။

ဖိုဆို ယင်ဖိုတောင်မသမ်းဖူး တဲ့အပျိုစင်(Virgin)လေး မိုးမိုး အချစ် ကြီးချစ်လို့အစွဲကြီးစွဲမိပေါ့ (ဟေမာနေ ဝင်းသီချင်းလို ''အစွဲကြီးစွဲမိပြီရင်... ကိုကိုရေ သိပ်ချစ်တယ်'' ဖြစ်နေပြီ)။

သူမဟာဖထီးကိုမြင်လျှင် ချည် ထားတဲ့လက်သွယ်ကြိုးအရှည်ကြီးကို နှာမောင်းနှင့်စွဲယူပြီး သူမရဲ့ဗိုက်အောက် မှာအခွေလိုက်ကြီး ပုံထားလိုက်ပါတော့ တယ်။ ဒါဟာ သူမရဲ့ ဆုံးဖြတ်ချက်ပဲ။ လုံးဝပြန်မလိုက်နိုင်တော့ကြောင်း ပြသ လိုက်ခြင်းပင်။

ဖထီးကလည်း ပုန်းကွယ် နေရာကနေ ကမ်းပါးပြတ်ကြီးပေါ်က လူလုံးထွက်ပြလိုက်ပါသည်။ ကမ်းပါး ပြတ်က ပေ ၅၀ ကျော်မြင့်ပြီး အနိမ့် ဒီဂရီ ၇၀ ကျော်ရှိနေတာကိုတောင် ဆင်ရိုင်းက တိုက်ခိုက်ဖို့ကြိုးစားရာ ကမ်း ပါးပေါ်ကို အတင်းတက်လိုက်ပြန်လျှာ ကျလိုက်၊ ကြိုးပြီး အော်လိုက် ကမ်းပါး ကို အစွယ်နဲ့ကော်လိုက်နဲ့၊ ဖထီးကို နှာမောင်းနဲ့ လှမ်းဆွဲရန် ကြိုးစားနေပြီး မမိ၍ ဒေါကန်နေခြင်းဖြစ်ပါသည်။ ဒီ တော့မှ ဖထီးကလုံ့ရည်ကို သူ့မျက်လုံး ရှေ့မှာရမ်းပြီး 'နင့် မျက်လုံးတွေကို လုံ့နဲ့ ကော်ထုတ်ပစ်လို့ရတယ် နင့်ကို မလုပ်ချင်လို့ ငါ့သမီးကို ငါ ရအောင် ပြန်ခေါ်မယ်'ဆိုပြီး ဆဲဆိုကြိမ်းမောင်း ပြီးပြန်လာခဲ့ပါသည်။

တကယ်လည်း မြေပြင်အနေ အထားအရ ဖထီး ရက်စက်လျှင်ရတဲ့ အနေထားဖြစ်ပါသည်။ အနည်းဆုံး မျက်လုံးတစ်လုံး ထိုးဖောက်ပစ်၍ ရပါ သည်။ သို့သော် သူ မလုပ်ရက်၊ မ လုပ်ခဲ့ပါ။ (ဆင်ပိုင်အားလုံးသည် မည် သည့်ဆင်ကိုမဆို တန်ဖိုးထားတာ သူ တို့၏ သစ္စာဖြစ်ပါသည်။ ဆင်တွေပေါ် မေတ္တာမထားပါက စီးပွားပျက်တတ် ကြောင်း သူတို့အယူရှိပါသည်။)

ဆက်လက်ဖော်ပြပါမည်

PDF Compressor Free Version

ကြသောင်းဝါးရုံစီမံခန့်ခွဲမှုပုံစံများ၏ မျှစ်ထွက်ရှိမှုနှင့် ကြသောင်းဝါးပင်ကြီးထွားမှု

ယခင်လမှအဆက်

ဆုမြတ်နှင်း၊ ဦးစီးအရာရှိ

တို့အပေါ် သက်ရောက်မှု

အချက်အလက်များ ဆန်းစစ်ခြင်းရလဒ်များအရ မျှစ်ထွက်ရှိသည့် ကာလတစ်လျှောက် (၅၀) ရာခိုင်နှုန်း အထက်ရှိသော မျှစ်စို့များသည် ဇူလိုင်လတွင်(၅၁. ၇၂%) ထွက်ရှိပြီး သြဂုတ်လတွင် ဒုတိယအများဆုံး (၂၆. ၄၄ %)၊ မေလနှင့် ဇွန်လတို့တွင် တတိယထွက်ရှိမှုအများဆုံး (၁၇. ၂၄%) ဖြစ်ကြောင်းတွေ့ရပါသည်။ စက်တင်ဘာလတွင် မိုးရရှိမှုများသော်လည်း (မိုးရွာသွန်းသည့်ရက် ၂၀ ရက်ခန့်၊ မိုးရေချိန် ၃၅၀ မီလီမီတာခန့်) မျှစ်ထွက်ရှိမှုရာခိုင်နှုန်း အနည်းဆုံး (၄.၆%) ဖြစ်ရာ (၁)နှစ်သား၊ (၂)နှစ်သား ဝါးပင်များ၏ ဝါးအမြစ်ဆုံရှိ အမြစ်ဖုအရေအတွက်၊ ဝါးအမြစ်ဆုံရှိ အာဟာရတို့သည်လည်း မျှစ်စို့ထွက်ရှိမှုအပေါ်တွင် လွှမ်းမိုးမှုရှိသည်ဟု ယူဆရပါသည်။

မျှစ်ထွက်ရှိမှုအရေအတွက်/ ချိုးယူသည့်မျှစ်အရေအတွက်၊ အခွံပါနှင့် အခွံမပါအလေးချိန်တို့အပေါ် ဝါးရုံပြုပြင်ခြင်းပုံစံများ၏ သက်ရောက်မှု၊ ဝါးရုံပြုပြင်ခြင်းပုံစံများနှင့် မတူညီသည့် လတို့အကြား အပြန်အလှန် ဆက်စပ်မှု၏ သက်ရောက်မှုတို့ကို မတွေ့ရှိရဘဲ မတူညီသည့် လအလိုက် လစဉ်ထွက်ရှိ/ ချိုးယူသည့် မျှစ်အရေအတွက်၊ မြေပြင်နှင့်ကပ်လျက် ပျမ်းမျှအချင်း၊ ပျမ်းမျှအမြင့်၊ ပျမ်းမျှအခွံပါနှင့် အခွံမပါအလေးချိန်တို့သည် သိသာစွာကွာခြားချက်ရှိသည်ကို တွေ့ရှိရသည်။ ဇူလိုင်လအတွင်း ပျမ်းမျှမျှစ်အရေအတွက် အများဆုံး (ဝါးရုံတစ်ရုံလျှင် မျှစ်စို့ ၅ ခု) ချိုးယူရရှိပြီး မေလနှင့်ဇွန်လတို့တွင် ဝါးရုံတစ်ရုံလျှင် မျှစ်စို့ (၂)ခု၊ သြဂုတ်လတွင် ဝါးရုံတစ်ရုံလျှင် မျှစ်စို့ (၃)ခု၊ စက်တင်ဘာလတွင် ဝါးရုံတစ်ရုံလျှင် မျှစ်စို့ (၁)ခု ချိုးယူရရှိခဲ့ပါသည်။ မျှစ်စို့များ၏ မြေပြင်နှင့်ကပ်လျက် ပျမ်းမျှ အချင်းအရ ဇူလိုင်လတွင် ရရှိသည့်မျှစ်များသည် အကြီးဆုံး (၇.၁၅ စင်တီမီတာ)ဖြစ်သည်။ ဇူလိုင်လတွင် မျှစ်အရေအတွက် အများဆုံးချိုးယူရရှိခြင်း၊ အရွယ်အစား ကြီးမားခြင်းတို့ကြောင့် မျှစ်စို့များ၏ အလေးချိန်သည်လည်း အများဆုံး (ဝါးရုံတစ်ရုံလျှင် ပျမ်းမျှ အခွံပါအလေးချိန် ၂,၁၂၇ ဂရမ်၊ ပျမ်းမျှအခွံမပါအလေးချိန် ၁,၂၃၀ ဂရမ်) ဖြစ်ကြောင်း တွေ့ရသည်။ သြဂုတ်လတွင် ဝါးရုံတစ်ရုံလျှင် ပျမ်းမျှအခွံပါအလေးချိန် ၁,၅၉၁ ဂရမ်၊ ပျမ်းမျှအခွံမပါအလေးချိန် ၉၇၄ ဂရမ်၊ စက်တင်ဘာလတွင် ဝါးရုံတစ်ရုံလျှင် ပျမ်းမျှအခွံပါအလေးချိန် ၇၅၆ ဂရမ်၊ ပျမ်းမျှ အခွံမပါအလေးချိန် ၅၀၀ ဂရမ်၊ မေလနှင့်ဇူလိုင်လတို့အတွင်း ပျမ်းမျှအခွံပါအလေးချိန် ၃၈၉ ဂရမ်၊ ပျမ်းမျှ အခွံမပါအလေးချိန် ၂၅၆ ဂရမ်တို့ကို ချိုးယူရရှိခဲ့ပါသည်။

ဇွန်လမှ စက်တင်ဘာလအတွင်း လစဉ် (၃၀)ရက်နေ့တိုင်းတွင် ကောက်ယူရရှိသည့် နှစ်ချင်းပေါက်ဝါးပင်အဖြစ်ထိန်းသိမ်းထားသည့် မျှစ်စို့များကို မျှစ်စို့ထွက်ရှိပြီးနောက် ရက်ပေါင်း (၄၀)အကြာတွင် တိုင်းတာရရှိသည့် အရေအတွက်၊ ရင်စို့အချင်း၊ အမြင့်တို့ကို Two way ANOVA အသုံးပြု၍ ဆန်းစစ်ရာ ပျမ်းမျှနှစ်ချင်းပေါက်ဝါးပင်အရေအတွက်သည် လအလိုက်လည်းကောင်း၊ ၎င်းတို့၏ ပျမ်းမျှရင်စို့အချင်းသည် လအလိုက်နှင့် ဝါးရုံပြုပြင်သည့်ပုံစံအလိုက်လည်းကောင်း၊ ပျမ်းမျှအမြင့်သည် ဝါးရုံပြုပြင်သည့်ပုံစံများနှင့် မတူညီသည့်လတို့အကြား အပြန်အလှန်ဆက်စပ်မှု၏ သက်ရောက်မှုကြောင့်လည်းကောင်း ပြောင်းလဲမှုရှိသည်ကိုတွေ့ရှိရသည်။ ဆိုလိုသည်မှာ နှစ်ချင်းပေါက်ဝါးပင်များ၏ ပျမ်းမျှအမြင့် အကောင်းဆုံးကို မည်သည့်ဝါးရုံပြုပြင်ခြင်းပုံစံကို အသုံးပြုထားသည့် ဝါးရုံများမှ မည်သည့်လ၏ နောက်ဆုံး(၁၀) ရက်နေ့အတွင်း ထွက်ရှိသည့် မျှစ်စို့များမှ ရရှိနိုင်သည်ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ နှစ်ချင်းပေါက် ကြသောင်းဝါးပင်များ၏ ပျမ်းမျှအရေအတွက်ကို ဆန်းစစ်ရာတွင် ဇူလိုင်လ၏ နောက်ဆုံး(၁၀) ရက်အတွင်းထွက်ရှိသည့် ဝါးပင်အရေအတွက် (ဝါးရုံတစ်ရုံလျှင် နှစ်ချင်းပေါက် ဝါးပင် ၅ ပင်)နှင့် ဇွန်လ၏ နောက်ဆုံး (၁၀)ရက်အတွင်း ထွက်ရှိသည့် ဝါးပင်အရေအတွက် (ဝါးရုံတစ်ရုံလျှင် နှစ်ချင်းပေါက်ဝါးပင် ၅ ပင်) တို့သည် အများဆုံးဖြစ်သည်။ ထိုနည်းတူ ဇွန်လနှင့် ဇူလိုင်လတို့အတွင်း ထွက်ရှိခဲ့သည့်ဝါးပင်များ၏ ရင်စို့အချင်း (၇.၆၇ စင်တီမီတာ၊ ၇.၄၇ စင်တီမီတာ) သည်လည်း ကြီးမားသည်ကိုတွေ့ရသည်။ သြဂုတ်လနှင့် စက်တင်ဘာလ တို့တွင် ဝါးရုံတစ်ရုံလျှင် နှစ်ချင်းပေါက်ဝါးပင် ၃ ပင်နှင့် ၁ ပင်အသီးသီးရှိပြီး အဆိုပါ လ နောက်ဆုံး(၁၀)ရက်တို့အတွင်း မျှစ်စို့ထွက်ရှိမှုနှင့် ဝါးပင်အဖြစ်ဆက်လက်ကြီးထွားနိုင်သည့်အရေအတွက် လျော့ကျသွားသည်ကိုတွေ့ရသည်။

ဝါးရုံပြုပြင်သည့်ပုံစံများ၏ ပျမ်းမျှရင်စို့အချင်း အပေါ်သက်ရောက်မှုကို ဆန်းစစ်ရာတွင် ဝါးရုံပြုပြင်သည့်ပုံစံ A၁ နှင့် A၂ တို့မှ ထွက်ရှိသည့် နှစ်ချင်းပေါက်ဝါးပင်များ၏ ပျမ်းမျှရင်စို့အချင်းသည် ၇.၆၇ စင်တီမီတာနှင့် ၇.၁၆ စင်တီမီတာအသီးသီးရှိပြီး ဝါးရုံပြုပြင်ခုတ်လှဲခြင်းမရှိသည့် Control ဝါးရုံများမှ ထွက်ရှိသည့်နှစ်ချင်းပေါက်ဝါးပင်များ၏ ပျမ်းမျှရင်စို့အချင်း (၆.၃၆ စင်တီမီတာ) ထက် သိသာစွာမြင့်မားသည်ကိုတွေ့ရသည်။ Level

PDF Compressor Free Version

မတူညီသည့် independent variable နှစ်မျိုး (ဝါးရုံပြုပြင်သည့်ပုံစံနှင့် မတူညီသည့်လ)၏ အတွဲအစပ်အလိုက် နှစ်ချင်းပေါက်ကြသောင်းဝါးပင်များ၏ ပျမ်းမျှအမြင့် ပြောင်းလဲမှုရှိသည်ကို တွေ့ရှိခဲ့ပါသည်။ ဝါးရုံပြုပြင်သည့်ပုံစံ A၁ မှ ဇူလိုင်လအတွင်းထွက်ရှိသည့် နှစ်ချင်းပေါက် ဝါးပင်များ၏ ပျမ်းမျှအမြင့် (၃.၅၆ မီတာ)သည် A၁၊ A၂ နှင့် C တို့မှ မေလနှင့် ဇွန်လအတွင်း ထွက်ရှိသည့် ဝါးပင်များ၏ ပျမ်းမျှအမြင့် (၁.၂၅ မီတာ၊ ၀.၉၁ မီတာ၊ ၀.၉၀ မီတာ) တို့ထက် ပိုမိုမြင့်မားသည်ကိုတွေ့ရသည်။ ထိုနည်းတူ ဝါးရုံပြုပြင်သည့်ပုံစံ A၂ မှ ဇူလိုင်လအတွင်းထွက်ရှိသည့် ဝါးပင်များ၏ ပျမ်းမျှအမြင့်သည် ၇.၄၁ မီတာအထိရှိပြီး C၊ A၁ နှင့် A၂ တို့မှ မေလနှင့်ဇွန်လတို့အတွင်း ထွက်ရှိသည့်ဝါးပင်များ၏ ပျမ်းမျှအမြင့် ၀.၉၀ မီတာ၊ ၁.၂၅ မီတာ၊ ၀.၉၁ မီတာ၊ A၁၊ A၂ နှင့် C တို့မှ သြဂုတ်လအတွင်း ထွက်ရှိသည့်ဝါးပင်များ၏ ပျမ်းမျှအမြင့် ၂.၄၇ မီတာ၊ ၂.၇၅ မီတာ၊ ၀.၃ မီတာ၊ A၁ နှင့် A၂ တို့မှ စက်တင်ဘာလအတွင်း ထွက်ရှိသည့် ဝါးပင်များ၏ ပျမ်းမျှအမြင့် ၀.၇၆ မီတာနှင့် ၀.၉၁ မီတာတို့ထက် ပိုမိုမြင့်မားသည်။

ဆန်းစစ်ချက်ရလဒ်များအရ ဇွန်လနောက်ဆုံး (၁၀) ရက်အတွင်းထွက်ရှိသည့် နှစ်ချင်းပေါက်ဝါးပင်များသည် အရေအတွက်များပြီး ပျမ်းမျှရင်စို့အချင်းလည်း ကြီးမားသော်လည်း မျှစ်စတင်ထွက်ရှိသည့် ဇွန်လအတွင်း မိုးရွာသွန်းသည့်ရက်နှင့် မိုးရေချိန်နည်းပါးခြင်း၊ မြေအစိုဓာတ်မလုံလောက်ခြင်းတို့ကြောင့် အမြင့်ကြီးထွားမှုအားနည်းသည်ကိုတွေ့ရပါသည်။ တစ်ဖက်တွင်လည်း စက်တင်ဘာလတွင် မိုးရေချိန်ပမာဏများပြားစွာ ရရှိသော်လည်း နှစ်ချင်းပေါက် ဝါးပင်အနည်းငယ်ကိုသာ ထိန်းသိမ်းထားနိုင်ခဲ့ရာ မျှစ်စို့ထွက်ရှိမှုနှင့် ၎င်းတို့၏ ကြီးထွားမှုသည် မိုးရေချိန်တစ်ခုတည်းအပေါ်တွင် မူတည်မှုမရှိဘဲ မျှစ်ထွက်သည့်ကာလတစ်လျှောက် မျှစ်စို့ထွက်ရှိရာ ဝါးအမြစ်ဖုများ ရှိသည့် မြေအောက်ပင်စည်ပိုင်း၏ အာဟာရထောက်ပံ့နိုင်မှုအပေါ်တွင်လည်း မူတည်နိုင်ကြောင်း ယူဆရပါသည်။

မျှစ်စို့ထွက်သည့်ရာသီ အစောပိုင်းကာလ (မေ၊ ဇွန်လ)နှင့် နောက်ပိုင်းကာလ (သြဂုတ်၊ စက်တင်ဘာလ) တို့တွင် ထွက်ရှိသည့် မျှစ်စို့အရေအတွက်နည်းပါးခြင်း၊ ယင်းတို့မှ ကြီးထွားလာသည့် နှစ်ချင်းပေါက်ဝါးပင်များ၏ အရွယ်အစား (ပျမ်းမျှရင်စို့အချင်းနှင့် အမြင့်) သေးငယ်ခြင်းတို့ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဇူလိုင်လ နောက်ဆုံး (၁၀)ရက်အတွင်းထွက်ရှိသည့် ဝါးရုံတွင် ပေါက်ရောက်ပျံ့နှံ့မှုကောင်းမွန်သည့် မျှစ်စို့(၃– ၄) ခုကို မိခင်ပင်အဖြစ် ဆက်လက်ထိန်းသိမ်းခြင်းဖြင့် မျှစ်နှင့် ဝါးတို့ကို ရေရှည်ထုတ်ယူသုံးစွဲနိုင်မည့် ဝါးပင်အရေအတွက်ကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

ယခုသုတေသနတွင် ဝါးရုံပြုပြင်သည့်ပုံစံ A၂ (ကြသောင်းဝါးရုံတစ်ရုံလျှင် တစ်နှစ်သားဝါးပင် ၄ ပင်နှင့် နှစ်နှစ်သားဝါးပင် ၄ ပင်၊ စုစုပေါင်း ၈ ပင်ချန်၍ ကျန်ဝါးပင်များကို ခုတ်လှဲခြင်း) မှ ဇူလိုင်လ နောက်ဆုံး (၁၀)ရက်အတွင်း ထွက်ရှိသည့် နှစ်ချင်းပေါက်ဝါးများ၏ အရေအတွက်များပြားခြင်း၊ အရွယ်အစား (ရင်စို့အချင်းနှင့် အမြင့်) ကြီးမားခြင်းတို့ကြောင့် အဆိုပါကာလအတွင်းထွက်ရှိသည့် မျှစ်စို့များကို နှစ်ချင်းပေါက်ဝါးပင်အဖြစ် ဆက်လက်ကြီးထွားစေပြီး ကျန်ကာလများတွင် ထွက်ရှိသည့် မျှစ်စို့များကို မျှစ်အဖြစ် ထုတ်ယူသုံးစွဲသင့်ကြောင်း အကြံပြုပါသည်။

ဝါးစိုက်ပျိုးသူများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူများ၊ ကျေးလက်နေပြည်သူများ အနေဖြင့် ကြသောင်းမျှစ်အရေအတွက်နှင့် အခွံမပါအလေးချိန်အများဆုံးကို ဇူလိုင်လအတွင်း ထုတ်ယူရရှိနိုင်မည်ဖြစ်ပြီး သြဂုတ်လတွင် ဒုတိယအများဆုံး၊ စက်တင်ဘာလတွင် တတိယအများဆုံးနှင့် မေနှင့်ဇွန်လတို့တွင် အနည်းဆုံး မျှစ်အလေးချိန်ကို ထုတ်ယူရရှိနိုင်မည်ဖြစ်ပါသည်။ ဝါးရုံပြုပြင်သည့်ပုံစံများအလိုက် မျှစ်ထွက်ရှိသည့်ရာသီ တစ်ရာသီအတွင်း (မေလမှ စက်တင်ဘာလ) ဝါးရုံတစ်ရုံလျှင် A၁ မှ မျှစ် (၁၂ ချောင်း၊ ၃.၄ ကီလိုဂရမ်)၊ A၂ မှ မျှစ် (၁၁ ချောင်း၊ ၂.၇ ကီလိုဂရမ်)၊ C မှ မျှစ် (၁၁ ချောင်း၊ ၃.၁ ကီလိုဂရမ်) ကိုထုတ်ယူနိုင်မည်ဖြစ်သည်။ ပြုပြင်ထားသည့်ဝါးရုံနှင့် မပြုပြင်သည့်ဝါးရုံတို့မှ မျှစ်ထွက်ရှိမှုသည် ကွာခြားမှုမရှိသော်လည်း နှစ်ချင်းပေါက်ဝါး၏ အရွယ်အစားတွင်မူ ကွာခြားမှုရှိသည်ကို တွေ့ရပါသည်။ ရေရှည်တွင် ဝါးရုံပြုပြင်သည့်ပုံစံ A၂ (ဝါးရုံတစ်ရုံလျှင် တစ်နှစ်သားဝါးပင် ၄ ပင်နှင့် နှစ်နှစ်သားဝါးပင် ၄ ပင်၊ စုစုပေါင်း ၈ ပင်ချန်၍ ကျန်ဝါးပင်များကို ခုတ်လှဲခြင်း) ဖြင့် ဝါးရုံပြုပြင်၍ ဇူလိုင်လ နောက်ဆုံး (၁၀)ရက်အတွင်း ထွက်ရှိသည့် မျှစ်စို့များကို နှစ်ချင်းပေါက်ဝါးအဖြစ် ဆက်လက်ကြီးထွားစေခြင်းဖြင့် အရွယ်အစား (ရင်စို့အချင်းနှင့် အမြင့်) ကြီးမားသည့် ကြသောင်းဝါးများကို ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။ ကြသောင်းဝါးရုံများကို စနစ်တကျ ပြုပြင်ခုတ်လှဲခြင်း၊ မျှစ်ချိုးသင့်သည့်ကာလနှင့် မျှစ်မချိုးဘဲ ဝါးပင်အဖြစ် ဆက်လက်ထိန်းသိမ်းသင့်သည့်ကာလတို့ကို တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် ဝါးနှင့်မျှစ် နှစ်မျိုးလုံးကို အလေအလွင့်မရှိ ထိရောက်စွာ ရေရှည်ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။

စနစ်နဲ့ခုတ်ယူ၊ ထောက်ကူနိုက်ပျိုး
ထောတွေ့တိုးအောင်၊ တိုးတူထောင်ရှိ။

PDF Compressor Free Version

တည်ထောင်ပြီး ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ ကွင်းဆင်းစစ်ဆေးခြင်း

စိန်လှိုင်

ကျွန်တော်သည် မကွေးတိုင်းတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၌ တာဝန်ထမ်းဆောင်ရသည်နှင့် တစ်ပြိုင်နက် တိုင်းဒေသကြီး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၏ထုံးစံအတိုင်း ကြိုးပိုင်း/ ကြိုးပြင် ကာကွယ်တောများဖွဲ့စည်းခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း လုပ်ငန်းများ၏ တိုင်းဒေသကြီး၊ ဥက္ကဋ္ဌရာထူးကိုပါ အလိုအလျောက် ရရှိပြီးဖြစ်လေသည်။

မကွေးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနတွင် ရောက်ရှိ၍ (၄)လတာကြာမြင့်သော်လည်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လစဉ် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းတိုးတက်မှုများဆောင်ရွက်ခြင်း၊ လစဉ် CF Unit အစည်းအဝေးများ တက်ရောက်ခြင်းများရှိသော်လည်း ကွင်းဆင်းစစ်ဆေးခြင်းကိုမူ သွားရောက်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိချေ။

တစ်နေ့တွင် ညွှန်ကြားရေးမှူးမှ မင်းဘူးခရိုင်သို့ သွားရောက်၍ အစည်းအဝေးပြုလုပ်မည်ဖြစ်၍ လိုက်ခဲ့ရန် ခေါ်သဖြင့် မင်းဘူးခရိုင်သို့ ညွှန်ကြားရေးမှူးနှင့်အတူ လိုက်ပါသွားခဲ့လေသည်။ အစည်းအဝေးပြုလုပ်သည့်နေရာသည် ပျိုးဥယျာဉ်ဝင်းအတွင်းဖြစ်သဖြင့် အစည်းအဝေးပြီးသည့်အချိန်တွင် ညွှန်ကြားရေးမှူးမှ ပျိုးဥယျာဉ် စစ်ဆေးသဖြင့် လိုက်ပါသွားခဲ့ရာ လူထုဖြန့်ပျိုးပင်များ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်စိုက်ပျိုးရန် ပျိုးပင်များ ပျိုးထောင်ထားရှိသည်ကို တွေ့ရှိရလေသည်။

အစည်းအဝေးအပြီးအပြန်တွင် သူငယ်ချင်းဖြစ်သူ မင်းဘူးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးကားဖြင့် လိုက်ပါစီးနင်းခဲ့ရာ လမ်း၌ မင်းဘူးခရိုင်အတွင်းရှိ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးလိုကြောင်း၊ မိမိအနေဖြင့် တိုင်းရုံးသို့ ရောက်ရှိသည်မှာကြာပြီဖြစ်သော်လည်း ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးနိုင်ခြင်းမရှိသဖြင့် ကွင်းဆင်းစစ်ဆေးလိုကြောင်းပြောရာ မိမိတို့အခြားလုပ်ငန်းများ အားသည့်နေ့တွင် သွားရောက်စစ်ဆေးကြမည်ဖြစ်ကြောင်း သူငယ်ချင်းကပြောသဖြင့် အဆင်ပြေမည့်နေ့တစ်နေ့ကို ကွင်းဆင်းစစ်ဆေးရန် ချိန်းဆိုခဲ့လေသည်။

ကွင်းဆင်းစစ်ဆေးခြင်း သွားရောက်မည့်နေ့တွင် မင်းဘူးမြို့နယ်၊ ဦးစီးဌာနမှူးက လာရောက်ခေါ်သဖြင့် မင်းဘူးခရိုင်သို့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရန် လိုက်ပါသွားခဲ့လေသည်။ မင်းဘူးမြို့သို့ ရောက်ရှိသည့်အခါ သူငယ်ချင်းနှင့် အတူ နံနက်စာစား လက်ဖက်ရည်သောက်၍ မင်းဘူးမြို့နယ်၊ ပုဂံဂံကြိုးပိုင်း အကွက်အမှတ်(၁၀၊ ၁၁၊ ၁၃)အတွင်း ကြိုးပိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလကြာ ကျူးကျော်အခြေချနေထိုင်သည့် အိမ်စုရှာစုကျေးရွာများ ၂၀၁၃ ခုနှစ်၊ စာရင်းကောက်ယူရာတွင်ပါဝင်သော အိမ်ခြေ (၅၀)အထက် တောင်သူများ၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ထားရှိသည့်နေရာကို သွားရောက်ခဲ့လေသည်။ သွားရောက်စစ်ဆေးသည့်နေရာသည် မင်းဘူး– ရွှေစက်တော်ကားလမ်းအတိုင်း (၂၀)မိုင်ခန့် သွားရောက်ပြီး လေးပင်ရွာအနီးတွင် ဘယ်ဘက်သို့ချိုး၍ ပြေသားလမ်းအတိုင်း (၄) မိုင်ခန့်ဝင်ရောက်ရလေသည်။

စတင်ရောက်ရှိသည့်နေရာသည် ပုဂံဂံကြိုးပိုင်း၊ အကွက်အမှတ်(၁၃)အတွင်း ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်တွင် ဒေါ်သန်းသန်းပါ(၇)ဦးက ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ထားသည့် (၇၃)ကေအနက် ဦးသန်းစိုး၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ထားသည့်နေရာဖြစ်ပြီး (၈)ကေရှိ၍ အဆိုပါဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောသည် စံပြဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တောအဖြစ် သတ်မှတ်ထားသည့်နေရာဖြစ်ကြောင်း သူငယ်ချင်းကပြောသဖြင့် သိရှိရလေသည်။ အဆိုပါ အကွက်အတွင်း လိုက်လံကြည့်ရှုရာတွင် ကျွန်း၊ လျှော်ဖြူ၊ ရင်းမာ၊ စိန်တစ်လုံးသရက်၊ ဆီးပင်များစိုက်ပျိုးထားပြီး ယာယီတဲအိမ်တစ်လုံး ဆောက်လုပ်ထားသည်ကို တွေ့ရှိရလေသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စိုက်ပျိုးမှု ပုံစံမှာ သစ်တောသစ်ပင်နှင့် နှစ်ရှည်သီးနှံပင်များကို အကွက် (Block) အလိုက် စိုက်ပျိုးထားသည့် ပုံစံဖြစ်ပြီး ကျွန်းနှင့်လျှော်ဖြူပင် အများဆုံးစိုက်ပျိုးထား၍ ရင်းမာပင်များကို ကျွန်း၊ လျှော်ဖြူနှင့် ဆီးပင်များအကြားစိုက်ပျိုးထား သည်ကို တွေ့ရှိရသည်။ စိုက်ကွက်အတွင်း ကျွန်းကို (၈ပေx၈ပေ)၊ လျှော်ဖြူကို (၁၅ပေx၁၅ပေ)၊ ဆီးပင်ကို (၁၅ပေx၁၅ပေ)၊ သရက်ကို (၁၅ပေx၂၀ပေ) ပန္နက်အကွာ အဝေးဖြင့် စိုက်ပျိုးခြင်းဖြစ်သည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်သည့် ဦးသန်းစိုးကိုမေးမြန်းရာ ယခင်နှစ်များက မိမိ၏ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းမှ လျှော်ဖြူစေးနှင့် ဆီးသီးများထွက်ရှိကြောင်း လျှော်ဖြူစေး ကျပ်(၁၀)သိန်းနှင့် ဆီးသီးမှ ကျပ်(၁၅)သိန်းခန့် ဝင်ငွေရှိကြောင်း၊ မိမိ၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းသို့ လေ့လာသူများလည်းလာရောက်ပါကြောင်း၊

PDF Compressor Free Version



ဦးသန်းစိုး၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (၈)ကေ စိုက်ပျိုးထားရှိမှုပုံစံ

(၈)ကေအတွင်း လျှော်ဖြူစိုက်ပျိုးမှု

(၈)ကေအတွင်း ကျွန်းစိုက်ခင်းမှ

ယခုနှစ်တွင် မိမိအနေဖြင့် ကျွန်းမာရေးမကောင်းသဖြင့် ဆီးပင်များကို ပြုပြင်နိုင်ခြင်းမရှိကြောင်း၊ လျှော်ဖြူစေးကို လည်း ထုတ်ယူနိုင်ခြင်းမရှိသဖြင့် ဝင်ငွေမရရှိကြောင်း ပြောကြားလေသည်။ မိမိက ဆက်လက်၍ ယခုနှစ် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တောက ဝင်ငွေမရရှိက မိသားစု မည်ကဲ့သို့ရပ်တည်နေကြောင်းမေးမြန်းရာ ကျေးရွာနေအိမ် တွင် စျေးဆိုင်တည်၍ စျေးရောင်းချကြောင်း၊ လက်ရှိ အချိန်တွင် အဆိုပါစျေးဆိုင်က ဝင်ငွေဖြင့် မိသားစု ရပ် တည်နေကြောင်း သိရှိရသည်။ ၎င်းနောက် စိုက်ကွက် အတွင်း လိုက်လံကြည့်ရှုနေစဉ် ၎င်းဇနီးမှ ဆီးသီးများခူး၍ ပေးသဖြင့် စားကြည့်ရာ အလွန်ချိုကြောင်း သိရလေ သည်။ ၎င်းက စိုက်ပျိုးသည့်ဆီးပင်များမှ နှစ်စဉ်ဝင်ငွေ ရကြောင်း ယခုနှစ်တွင် မပြုပြင်နိုင်သဖြင့် ဆီးသီးအရွယ် အစားသေးပြီး အထွက်နှုန်းနည်းသဖြင့် စျေးကွက်မရ ရှိကြောင်း ရှင်းပြလေသည်။

(၈)ကေအတွင်း
စိန်တစ်လုံးသရက်စိုက်ပျိုးမှု

၎င်းနောက် ပုဂံဂိုဏ်းပိုင်း၊ အကွက်အမှတ်(၁၁) အတွင်း ၂၀၁၄–၂၀၁၅ဘဏ္ဍာနှစ်တွင် ဦးကိုကိုအောင်ပါ (၁၇)ဦးက ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည် ထောင်ထားသည့် (၁၃.၈)ကေအနက် ဦးမြဆောင်၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (၃)ကေသို့ သွား ရောက်စစ်ဆေးရာ ယူကလစ်ပင်များကို (၁၂ပေx၁၂ပေ) ပန္နက်အကွာအဝေးဖြင့် စိုက်ပျိုးထားကြောင်း တွေ့ရှိရလေ သည်။ လက်ရှိအချိန်တွင် ယူကလစ်ပင်များ၏အမြင့်သည် ပျမ်းမျှ ၃၅ပေမှ ၄၀ပေခန့်ရှိပြီး ရင်စို့လုံးပတ် ပျမ်းမျှ (၁.၈)ပေခန့်ရှိကြောင်း တွေ့ရှိရလေသည်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်သူ ဦးမြဆောင်ကို မေးမြန်းရာ လက်ရှိအချိန်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းမှ ဝင်ငွေမရသေးကြောင်း ၎င်းတို့အိုစာ မင်းစာအတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း ဖြေကြားလေ သည်။ မိမိက ယူကလစ်ပင်များ ရှင်သန်မှုကောင်းမွန် ကြောင်း ပင်ကျပ်နုတ်၍ ရလာသည့် တိုင်/ မျှောများကို ရောင်းချနိုင်ကြောင်း၊ လက်ရှိအချိန်တွင် အပင်များခုတ်ယူ ရောင်းချလိုခြင်းမရှိပါက သစ်စေ့စုဆောင်း၍ ရောင်းချပါက ဝင်ငွေရရှိနိုင်ကြောင်း၊ အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည် သူအစုအဖွဲ့ပိုင်စိုက်ခင်းများမှလည်း လျှော်ဖြူပင်များ အသီး သီးချိန်ဖြစ်သဖြင့် လျှော်ဖြူသီးများကို စုဆောင်း၍ ရောင်းချ နိုင်ကြောင်း ပြောကြားခဲ့သည်။ မင်းဘူးမြို့နယ်၊ ဦးစီးဌာန မှူးက လက်ရှိ ယူကလစ်တိုင်/ မျှောများကို ထုတ်ယူရောင်း ချပါက စျေးကောင်းရနိုင်ကြောင်း၊ ဒေသခံ ပြည်သူအစု အဖွဲ့ပိုင်သစ်တောစိုက်ခင်းမှ ထွက်ရှိသည့် တိုင်/ မျှောများ ကို တရားဝင်သယ်ယူ၍ ရောင်းချနိုင်ကြောင်း၊ မိမိတို့ အနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည်ဖြစ် ကြောင်းပြောကြားလေသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော အသုံးပြုသူအဖွဲ့ဝင်တစ်ဦးက မိမိတို့စိုက်ပျိုးစဉ် က လျှော်ဖြူသစ်စေ့မှာစျေးကြီးကြောင်း၊ ယခုအခါ မိမိ တို့စိုက်ပျိုးထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများရှိ လျှော်ဖြူပင်များမှ အသီးများသီး နေပြီဖြစ်ကြောင်း၊ သို့သော် မည်ကဲ့သို့ ရောင်းချရမည်ကို မသိရှိကြောင်းပြောကြားရာ မင်းဘူးမြို့နယ်၊ ဦးစီးဌာန မှူးက ယခုနှစ်တွင် လျှော်ဖြူပင်များ ပျိုးထောင်ရန် လျှော် ဖြူစေ့ကို အခြားမြို့နယ်များမှ မှာယူရကြောင်း မိမိထံ လျှော်ဖြူစေ့ လာရောက်ရောင်းချပါက ဝယ်ယူမည်ဖြစ် ကြောင်း ရှင်းလင်းပြောကြားလေသည်။ မိမိက မင်းဘူးမြို့ နယ်၊ ဦးစီးဌာနမှူးကို ယခုလိုက်လံပြသသည့် ဒေသခံ

ဦးမြဆောင်၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်
သစ်တော ယူကလစ်(၃)ကေ



ဦးထွန်းရွှေ၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်
(၆)ကေ စိုက်ပျိုးထားရှိမှုပုံစံ

ဦးထွန်းရွှေ၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်
(၆)ကေတွင် လျှော်ဖြူစိုက်ပျိုးမှု

PDF Compressor Free Version

ဦးထွန်းရွှေ၏
ဒေသခံပြည်သူအစုအဖွဲ့ပိုင်
(၆)ကေတွင်
ကျွန်းနှင့်သနပ်ခါးစိုက်ပျိုးထားရှိမှု

ပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများသည် ကောင်းမွန်ကြောင်း၊ မင်းဘူးမြို့နယ်အတွင်း စိုက်ပျိုးသည့် ဒေသခံပြည်သူအစုအဖွဲ့သစ်တောများ၏ အခြေအနေကိုမေးမြန်းရာ အခြားကျေးရွာများရှိ စိုက်ကွက်များသည် သာမန်အဆင့်သာရှိကြောင်း၊ ယခုစိုက်ခင်းများကဲ့သို့ ထုတ်လုပ်ရောင်းချနိုင်သည့် အခြေအနေမရှိသေးကြောင်း ပြောကြားလေသည်။

ထို့နောက် ပုဂံကြိုးပိုင်း၊ အကွက်အမှတ်(၁၁) အတွင်း၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်တွင် တည်ထောင်သည့် ဦးကိုကိုအောင်ပါ (၁၇)ဦးအနက် ဦးထွန်းရွှေ၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းသို့ ရောက်ရှိ၍ အကွက်အတွင်း လိုက်လံစစ်ဆေးရာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်သည့်(၆)ကေတွင် လျှော်ဖြူ၊ ကျွန်း၊ သနပ်ခါးပင်များကို ရာသီသီးနှံများနှင့်အတူ အကွက် (Block)အလိုက် စိုက်ပျိုးထားကြောင်းတွေ့ရှိရသည်။ စိုက်ကွက်အတွင်း လျှော်ဖြူပင်များမှာ ကြီးထွားမှုကောင်းမွန်ပြီး အစေးထုတ်နိုင်သည့် အခြေအနေရှိကြောင်းတွေ့ရှိရသည်။ ယာခင်းနံဘေး အချို့နေရာများတွင် ရိုးရိုးဆီးရိုင်းပင်များ စိုက်ပျိုးပြုစုထားပြီး ဆီးပင်အောက်ခြေကို ရှင်းလင်း၍ ဆီးသီးများစုဆောင်းနေသည်ကို တွေ့ရှိရလေသည်။ စိုက်ကွက်အတွင်း ကျွန်းကို (၁၂ပေx၁၂ပေ)၊ လျှော်ဖြူကို (၁၅ပေx၁၅ပေ) ပန္နက်အကွာအဝေးဖြင့် စိုက်ပျိုးထားပြီး သနပ်ခါးကို ကျွန်းပင်များအကြားတွင် စိုက်ပျိုးထားခြင်းဖြစ်သည်။

လျှော်ဖြူစေးကို မည်သည့်အကြောင်းကြောင့် ထုတ်ယူခြင်းမပြုလဲဟု မေးမြန်းရာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အသုံးပြုသူအဖွဲ့ဝင်တစ်ဦးက လျှော်ဖြူစေးသည် ယခင်က စျေးကွက်ကောင်းမွန်ကြောင်း၊ လျှော်ဖြူစေးတစ်ပိဿာလျှင် ကျပ်တစ်သောင်းငါးထောင်ရရှိကြောင်း၊ ယခုအခါ လာရောက်ဝယ်ယူသူများက စျေးနှိမ်ကြောင်း၊ တစ်ပိဿာလျှင် ကျပ်သုံးထောင်သာပေးသဖြင့် တွက်ချေမကိုက်ကြောင်း၊ လျှော်ဖြူစေးထုတ်ယူရာတွင်လည်း အရည်အသွေးကောင်းမွန်သည့် လျှော်ဖြူစေးကိုသာ စျေးကောင်းပေး၍ ဝယ်ယူကြကြောင်းပြောကြားလေရာ မိမိက လျှော်ဖြူစေးကိုအရည်အသွေးကောင်းရရှိအောင်ထုတ်ယူရန် နည်းပညာလိုအပ်ချက်ရှိလို့လားဟုမေးမြန်းရာ ၎င်းက မိမိတို့အနေဖြင့် လျှော်ဖြူစေးအရည်အသွေးကောင်းရရှိအောင် ထုတ်ယူနိုင်ပါကြောင်း၊ အခြားသူများ ထုတ်ယူသည့်နည်းကိုလည်း လေ့လာထားရှိပါကြောင်း၊ လောလောဆယ် ပြဿနာမှာ စျေးကွက်တွင် စျေးနှိမ်၍ ဝယ်ယူခြင်းကြောင့် တွက်ချေမကိုက်သဖြင့် လျှော်ဖြူစေးကို ထုတ်ယူခြင်းမပြုကြောင်း၊ လက်ရှိအချိန်၌ စိုက်ပျိုးထားသည့် လျှော်ဖြူပင်များမှ စျေးကွက်အခြေအနေအရ လျှော်ဖြူစေးမထုတ်နိုင်ခြင်းကြောင့် ဝင်ငွေမရရှိခြင်း၊ ကျေးရွာတွင် အလုပ်မရှိခြင်းကြောင့် လူငယ်အများစုမှာ နိုင်ငံခြားသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ကြသူကများကြောင်း ၎င်းမှဖြေကြားလေသည်။

ဆက်စပ်လျက်ရှိသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများကို စစ်ဆေးရာ အများစုစိုက်ပျိုးထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စိုက်ပျိုးမှုပုံစံမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောနယ်နိမိတ်ပတ်လည်တွင် ကျွန်းပင်များကို (၉ပေ x ၉ပေ) အကွာအဝေးဖြင့် ၂တန်း စိုက်ပျိုးထားပြီး အဆိုပါကျွန်းပင်များကြားနှင့် လျှော်ဖြူပင်များကြားတွင် ရေတာ၊ ပဲစဉ်းငုံ၊ ပဲတီစိမ်း၊ နှမ်း၊ မြေပဲစိုက်ပျိုးခြင်း၊ အကွက်အတွင်း၌ ယာသီးနှံစိုက်ပျိုးရန် နေရာအနည်းငယ်ချန်၍ စိုက်ပျိုးခြင်းများဆောင်ရွက်သည်ကို တွေ့ရှိရသည်။

ၔင်းနောက် ဆက်လက်သွားရောက်ရာ ခရုကန်ကျေးရွာကိုဖြတ်၍ ပုဂံကြိုးပိုင်းအကွက် အမှတ်(၁၀)တွင် ၂၀၁၄–၂၀၁၅ဘဏ္ဍာနှစ်၌ ဦးဆန်းမြင့်ပါ(၁၃)ဦး တည်ထောင်ထားသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (၅၃.၅)ကေအနက် ဦးဌေးကြည်၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း (၈)ကေသို့ရောက်ရှိလေသည်။ အဆိုပါစိုက်ခင်းတွင် ၎င်းပိုင်ဆိုင်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော နယ်နိမိတ်ပတ်လည်တစ်လျှောက် ကျွန်းပင်များကို (၉ပေ x ၉ပေ) ပန္နက်ဖြင့် စိုက်ပျိုးထားပြီး စိုက်ကွက်အလယ်တွင် ကျွန်း၊ လျှော်ဖြူနှင့် မန်ဂျန်ရှားပင်များကို အကွက်(Block)အလိုက် စိုက်ထားသည်ကို တွေ့ရှိရသည်။ အဆိုပါအပင်များကြားတွင် ထယ်ထိုးထားသည်ကိုတွေ့ရပြီး လိုက်လံရှင်းပြသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူအဖွဲ့ဝင်တစ်ဦးက ကြားသီးနှံ နှမ်း၊ မြေပဲ၊ ပဲတီစိမ်းစိုက်ပျိုးရန် ထယ်ထိုးထားခြင်းဖြစ်ကြောင်း၊ ကျွန်းကို (၉ပေ x ၉ပေ)၊ လျှော်ဖြူကို



ဦးဌေးကြည်၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်
(၈)ကေ စိုက်ပျိုးထားရှိမှုပုံစံ

(၈)ကေအတွင်း ကျွန်းစိုက်ပျိုးမှု

(၈)ကေအတွင်း မန်ဂျန်ရှားစိုက်ပျိုးမှု

PDF Compressor Free Version

ဦးမြေးကြည်၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင် (၈)ဧကအတွင်း လျှော်ဖြူစိုက်ပျိုးမှု

(၁၅ပေ x ၁၅ပေ)၊ မန်ဂျန်ရှားကို (၁၂ပေ x ၁၂ပေ)ဖြင့် စိုက်ပျိုးထားကြောင်း ပြောပြလေသည်။ စိုက်ကွက်အတွင်းရှိ ကျွန်း၊ လျှော်ဖြူနှင့် မန်ဂျန်ရှားပင်များကိုကြည့်၍ ဦးသန်းစိုး၏စံပြကွက်ထက်ပင် ကောင်းမွန်ကြောင်း သူငယ်ချင်းနှင့်အတူ မှတ်ချက်ပြုမိကြလေသည်။

ထို့နောက် ခရုကန်ကျေးရွာသို့ ပြန်လည်ထွက်ခွာ၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအသုံးပြုသူ အဖွဲ့ဝင်တစ်ဦးအိမ်၌ခဏနားနေစဉ် မိမိက လေးပင်ဆီးသီးသည် နာမည်ကြီးကြောင်း၊စားလို့အလွန်ကောင်းကြောင်း၊ Online ကပင်ရောင်းချနေကြနေကြောင်းပြောကြားရာ ၎င်းက လေးပင်ဆီးသီးသည် လေးပင်ရွာက ထွက်သည့်ဆီးသီးများအပြင် မိမိတို့ ခရုကန်ကျေးရွာကထွက်သည့် ဆီးသီးများဖြစ်ကြောင်း၊ ပွဲစားများလာရောက်၍ ၎င်းတို့ရွာမှ ဆီးသီးများ ဝယ်ယူကြောင်းပြောပြလေသည်။ မိမိတို့လည်း ၎င်းတို့ရွာမှထွက်သည့်ဆီးသီးများ ဝယ်လိုကြောင်းပြောရာ သွားယူပေးသဖြင့် ဝယ်ယူ၍ပြန်ခဲ့လေသည်။

သွားရောက်စစ်ဆေးခဲ့သည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများနှင့်ပတ်သက်၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ ကောင်းမွန်မှုရှိပြီး စိုက်ပျိုးထားသည့် ဆီးပင်များနှင့် ရာသီ သီးနှံများမှ ဝင်ငွေရရှိသော်လည်း လျှော်ဖြူစေးအနေဖြင့် လက်ရှိ စျေးကွက်အခြေအနေအရ စျေးနှိမ်ဝယ်ယူမှုများရှိသဖြင့် ၎င်းတို့အနေဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းအပေါ် စိတ်ဝင်စားမှုနည်းပါးလာနိုင်ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သစ်တောဖုံးလွှမ်းမှု ကောင်းမွန်လာစေရန်အတွက် သစ်တောဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ရာ ယခုကဲ့သို့ အောင်မြင်မှုအလားအလာရှိနေသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများ ရေရှည်ဆက်လက်တည်တံ့စေရေးအတွက် စျေးကွက်ချိတ်ဆက်ပေးခြင်း၊ လိုအပ်ချက်များကို အကြံပြုခြင်း၊ ဖြည့်စွက်ဆောင်ရွက်ပေးခြင်းဖြင့် အဆိုပါ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ အောင်မြင်ပြီး ရေရှည်တည်တံ့၍ ထပ်မံတည်ထောင်မည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများအတွက် စံပြဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းများအဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။

အကြေးပြန်ဆပ်ကြစို့

ဗန်ဒီန်း

ကျွန်ပ်ငယ်စဉ် နေ့စဉ် နံနက်
ရွာပြင်ထွက်၍ အိမ်တွက် ထင်းခုတ်
မျှစ်ငုတ်တွေတူး ကြိမ်ဖူးတွေသင်
အင်ဥတွေကောက် စမ်းရေသောက်ရင်း
ငှက်ပစ်ရင်းနှင့် ဟင်းစားဟင်းရွက်
တစ်မနက်မျှ ရှာလိုက်ရလျှင်
အိမ်တွင် ဟင်းစား ဖူလုံသွားပြီ
သစ်, ဝါး, တိုင်, မျှော ရွာစပ်တောမှ
ပေါများလှစွာ သုံးစွဲလာကြ
ကာလတွက်စစ် ပြန်ပြောင်းရစ်လျှင်
နှစ်ပေါင်းလေးဆယ် အတိတ်ဝယ်...
ခုချိန်ခါမှာ သူငါသစ်ခုတ်
တောင်ယာလုပ်လို့ အင်ငုတ်တိုတို
မစိမ်းစိုတော့ ရေချိုစိမ့်စမ်း
လျှာ့ပါးခမ်းခြောက် "ဥတု" ဖောက်လို့
ကွယ်ပျောက်တော့မည် မကြာမီ
သံသာတေးဆက် လည်ချင်းယှက်သည့်
ကျေးငှက်ဖိုမ မမြင်ရပြီ
သစ် ,တိုင်, မျှော, ဝါး တောနက်သွား၍
ရှားပါးလှစွာ ဖွေရှာရပြီ
လက်ရှိနှန်းဖြင့် ဆက်သုံးနေလျှင်
ရွာပြင်တောပျက် ရေထွက်ခမ်းခြောက်
"ဂေဟ"ပျောက်ကာ ရှေ့လျှောက်ဆိုးကျိုး
ခံရရိုးသာ ရှိလာမှာကို
ထင်သာမြင်သာ သိကြပါလေ
တို့တွေ ဘိုးဘွား ပေးထားအမွေ
တို့တွေ လက်ထက် စဉ်ဆက်မပြတ်
နောက်ထပ်သား မြေး အမွေပေးဖို့
တို့တွေစုပေါင်း ရာ ထောင် သောင်း သိန်း
စိမ်းလန်းသစ်ပင် ချစ်ခင်ထိန်းသိမ်း
လောဘငြိမ်းသတ် သစ်ခုတ်ရပ်ဆိုင်း
"မြန်တိုင်း"ဌာနေ သာယာစေမှု
စတင်ပြုလော့ ယခုကာလ
နောက်မကျသေး ရေရှည်တွေးလို့

"အကြေးပြန်ဆပ်ကြပါစို့"

PDF Compressor Free Version

ဇီဝအဝန်းနယ်မြေ (Biosphers Reserve)

ဦးခင်မောင်ဝင်း၊ ဦးစီးအရာရှိ
အင်းတော်ကြီးတောမိုင်းတိရစ္ဆာန်ဘေးမဲ့တော



ဇီဝအဝန်းနယ်မြေဟု သိရှိလာခြင်း

မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေကြသည့်အစိုးရအဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြားတွင် '**ဇီဝအဝန်းနယ်မြေ**' ဟူသည့် စကားရပ်အသုံးအနှုန်းကို ၂၀၁၅ ခုနှစ်၊ နှစ်ကုန်ပိုင်းမှစတင်ပြီး ကြားသိရင်းနှီးလာခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇွန်လ (၉)ရက်နေ့တွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့ယူနက်စကို ဌာနချုပ်၌ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် MAB ICC အစည်းအဝေးတွင် ကောင်စီအဖွဲ့ဝင်နိုင်ငံ (၃၄) နိုင်ငံတို့မှ အင်းလေးကန်ကို မြန်မာနိုင်ငံ၏ ပထမဆုံးဇီဝအဝန်းနယ်မြေအဖြစ် အတည်ပြု သတ်မှတ်ခဲ့ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူးနှင့် အင်းတော်ကြီးနှင့် အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများမှ အုပ်ချုပ်ရေးမှူးများက တက်ရောက်ပြီး အသိအမှတ်ပြုလက်မှတ်ကိုလက်ခံရယူခဲ့ပါသည်။ ထိုအချိန်မှစတင်ပြီး အင်းလေးကန် ဇီဝအဝန်းနယ်မြေတွင် ဒေသခံများနှင့် ခရီးသွားပြည်သူများ သိမြင်နိုင်စေရန် ဇီဝအဝန်းနယ်မြေဆိုင်းဘုတ်များစိုက်ထူခြင်း၊ Logo များပြုလုပ်သုံးစွဲခြင်း၊ နိုင်ငံပိုင်သတင်းစာ၊ အပတ်စဉ်ထုတ် ဂျာနယ်များတွင် ဇီဝအဝန်းနယ်မြေသတင်းများ ဝေဝေဆာဆာ ဖော်ပြခြင်းများဆောင်ရွက်လာခဲ့သဖြင့် ဇီဝအဝန်းနယ်မြေဟု သိရှိလာခဲ့ပါသည်။ သို့ရာတွင် ဇီဝအဝန်းနယ်မြေ၏ အကြောင်းကို မည်သူကမျှ ဂယန္တရားသိရှိခြင်း၊ ပြည့်စုံစွာ ရှင်းလင်းပြောပြနိုင်ခြင်းမရှိကြသေးပါ။

ဇီဝအဝန်းနယ်မြေ

ဇီဝအဝန်းနယ်မြေဆိုသည်မှာ ကုန်းပြေ၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသများတွင် ဂေဟစနစ်ကောင်းများတည်ရှိမှု၊ ဇီဝမျိုးစုံမျိုးကွဲများတည်ရှိမှုတို့ကို ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် သဘာဝသယံဇာတများကို စနစ်တကျ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲမှုတို့ကို အတူဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရန် ထိန်းသိမ်းထားသည့် နယ်မြေကို ဆိုလိုသည်။

ဇီဝအဝန်းနယ်မြေ သတ်မှတ်ခြင်း

ကမ္ဘာ့အဆင့် ထူးခြားထင်ရှားမှု၊ ပြည့်စုံကောင်းမွန်မှုရှိသည့် ဂေဟစနစ်ကိုယ်စားပြုမှုကို နိုင်ငံတော်အစိုးရနှင့်ဒေသအုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူများမှ ဥပဒေဖြင့်ပြဋ္ဌာန်းထားခြင်း၊ လိုက်နာထိန်းသိမ်းခြင်းဖြင့် ကတိကဝတ်ပြု အဆိုပြုတင်ပြလာမှုအပေါ် ယူနစ်စကိုမှ အတည်ပြုသတ်မှတ်ထားသည့် နယ်မြေတစ်ခုဖြစ်ပါသည်။

PDF Compressor Free Version

ယူနက်စကို အဖွဲ့ဝင်နိုင်ငံများရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများသည် နိုင်ငံအဆင့်သာမက ကမ္ဘာ့အဆင့် ထူးခြားထင်ရှားသည့် သဘာဝနှင့်ယဉ်ကျေးမှုအမွေအနှစ်များပါဝင်တည်ရှိခြင်း ရေရှည်ထိန်းသိမ်းရန် လိုအပ်ခြင်းတို့အတွက် စံနှုန်းသတ်မှတ်ချက်(၆)ချက်နှင့် ဖြည့်စွက်သတ်မှတ်ချက် (၁)ချက်၊ စုစုပေါင်း (၇)ချက်နှင့် ကိုက်ညီပြည့်စုံရန် လိုအပ်ပါသည်။

ဇီဝအဝန်းနယ်မြေတစ်ခုတွင် အမာခံထိန်းသိမ်းရေးဇုန်၊ ကြားခံထိန်းသိမ်းရေးဇုန် နှင့် အသုံးချမှုဇုန်ဟူ၍ ဇုန်နယ်မြေ(၃)ခု ဖွဲ့စည်းထားပါသည်။ အမာခံ ထိန်းသိမ်းရေးဇုန်ကိုသာ ဥပဒေဖြင့် ပြဋ္ဌာန်းကာကွယ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေဖြစ်ပြီး၊ ကျန်ရေရိယာများမှာ ဒေသခံများ၏ပူးပေါင်းပါဝင်မှုဖြင့် ဒေသခံများ၏ လူမှုစီးပွားရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့် နယ်မြေများဖြစ်ပါသည်။



ဇီဝအဝန်းနယ်မြေ၏ လုပ်ငန်းစဉ်(၃)ရပ်

ဇီဝအဝန်းနယ်မြေတစ်ခုသတ်မှတ် တည်ထောင်ပြီးပါက လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၃)ရပ်ရှိပါသည်။ ၎င်းတို့မှာ–

(၁) သဘာဝဝန်းကျင် နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းခြင်း

(၂) ၎င်းနယ်မြေအတွင်းရှိ ပြည်သူတို့၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် မြှင့်တင်ဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း

(၃) စနစ်တကျပူးပေါင်းစီမံအုပ်ချုပ်မှု စနစ်ကောင်းတစ်ခုထူထောင်ထားရှိခြင်းတို့ဖြစ်ပါသည်။

ဇီဝအဝန်းနယ်မြေတစ်ခုအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁၉၉၅ ခုနှစ်၊ စပါန်နိုင်ငံ၊ ဆီဗီးလ်မြို့ကွန်ဖရင့်မှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဇီဝအဝန်းနယ်မြေဆိုင်ရာ ဆီဗီးလ်မဟာဗျူဟာနှင့် ကမ္ဘာလုံးဆိုင်ရာ ဇီဝအဝန်းနယ်မြေ ကွန်ရက်မူဘောင်၊ လုပ်ထုံးလုပ်နည်းများတို့ကို အဖွဲ့ဝင်နိုင်ငံများက လိုက်နာလက်ခံကျင့်သုံးရပါသည်။

၂၀၀၈ ခုနှစ်၊ စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် ကမ္ဘာ့ဇီဝ အဝန်းနယ်မြေကွန်ဂရက်မှ ချမှတ်ခဲ့သည့် Madrid Action Plan (2008-2013) ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။



ဇီဝအဝန်းနယ်မြေ၏ အကျိုးကျေးဇူးများ

အဓိကအားဖြင့် ဒေသခံပြည်သူများ၏ အကျိုးကျေးဇူးအတွက် ရေးရှုပါသည်။

(က)ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် အသိအမြင်များရရှိလာစေခြင်း၊

(ခ) အစိုးရ၊ ပြည်သူနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား အတူတကွ ပူးပေါင်းဆောင်ရွက်မှု ပိုမို ရရှိလာစေခြင်း၊

(ဂ)ရေရှည်ထိန်းသိမ်းရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အကူအညီအထောက်အပံ့များ ပိုမိုတိုးတက် ရရှိလာစေခြင်း၊

(ဃ)ကမ္ဘာအဆင့်အသိအမှတ်ပြု နယ်မြေစာရင်းဝင်ဖြစ်၍ ပိုမိုထင်ရှားလာပြီး၊ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာစေခြင်းဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေ တိုးတက်ရရှိလာစေခြင်း၊

(င)ဒေသထွက်ကုန်များကို ဇီဝအဝန်းနယ်မြေအမှတ်တံဆိပ်ဖြင့် ကြော်ငြာထုတ်လုပ်ခြင်းဖြင့် ဈေးကွက်ပိုမို ရရှိလာနိုင်ခြင်း၊

လူသားနှင့် ဇီဝအဝန်းနယ်မြေ Man and the Biosphere Reserve (MAB)

လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ် ဆိုသည်မှာ ယူနက်စကိုအဖွဲ့ကြီး၏ ကမ္ဘာနိုင်ငံအသီးသီးရှိ ဇီဝအဝန်းနယ်မြေများအချင်းချင်း ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုတိုးတက်ပူးပေါင်းဆောင်ရွက်နိုင်ရန် စီစဉ်ထားသည့် လုပ်ငန်းအစီအစဉ် တစ်ခုဖြစ်ပါသည်။ ဤအစီအစဉ်ကို ၁၉၇၁ ခုနှစ်တွင် စတင်ခဲ့ပြီး၊ လူသားများနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား အတူတကွ ယှဉ်တွဲနေထိုင်မှုမှ သိပ္ပံသုတေသန၊ ပညာပေးရေးနှင့် သဘာဝ

PDF Compressor Free Version

အရင်းအမြစ်များထုတ်ယူသုံးစွဲမှု၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ညှိနှိုင်းပေါင်းစပ်ပြီး၊ ထိန်းသိမ်းရေး လုပ်ငန်းများကို စနစ်တကျ စီမံအုပ်ချုပ်ဆောင်ရွက်နိုင်ရန် ချမှတ်ထားသော လုပ်ငန်းအစီအစဉ်ဖြစ်ပါသည်။

လူသားနှင့် ဇီဝအဝန်းနယ်မြေ နိုင်ငံတကာ ကြီးကြပ်ဆောင်ရွက်မှု

ယူနက်စကိုအဖွဲ့ကြီး၏ လူသားနှင့်ဇီဝအဝန်း နယ်မြေအစီအစဉ်တွင် ယူနစ်စကိုအဖွဲ့ဝင်နိုင်ငံများပါဝင်ပြီး၊ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့ရှိ ယူနက်စကိုရုံးဌာနချုပ်တွင် အထွေထွေ အတွင်းရေးမှူးချုပ်ရုံး ဖွင့်လှစ်ထားပါသည်။ လူသားနှင့် ဇီဝအဝန်းနယ်မြေဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကောင်စီ (MAB International Coordinating Council-ICC) ကို ဖွဲ့စည်းထားရှိပြီး ရွေးချယ်ထားသည့် အဖွဲ့ဝင်နိုင်ငံ (၃၄)နိုင်ငံမှ ကော်မတီအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ MAB ICC ၏ ဆက်သွယ်ဆောင်ရွက်မှုအောက်တွင် နိုင်ငံအလိုက် MAB National Committee များ အသီးသီးဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံနှင့် ယူနက်စကိုအဖွဲ့သို့ ပါဝင်ဆောင်ရွက်မှု

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သော ကုလသမဂ္ဂပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ UNESCO တွင် ၂၇-၆-၁၉၄၉ ရက်နေ့မှ စတင်ဝင်ရောက်ခဲ့ပြီး၊ သဘာဝအမွေအနှစ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ ထိန်းသိမ်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် ကမ္ဘာ့အမွေအနှစ်များ ကွန်ဗင်းရှင်း World Heritage Convention သို့ ၂၉-၄-၁၉၉၄ ရက်နေ့တွင် ဝင်ရောက်ခဲ့ပါသည်။

ကမ္ဘာပေါ်ရှိဇီဝအဝန်းနယ်မြေများ

၂၀၂၂ ခုနှစ်အထိ ကမ္ဘာပေါ်တွင် ယူနစ်စကို အဖွဲ့ဝင်နိုင်ငံ ၁၃၁ နိုင်ငံ မှ ဇီဝအဝန်းနယ်မြေ စုစုပေါင်း (၇၂၇) ခု သတ်မှတ်ပြီးဖြစ်ပါသည်။ နိုင်ငံဖြတ်ကျော် ဇီဝအဝန်းနယ်မြေ (၂၂)ခုပါဝင်ပါသည်။ အကျယ်အဝန်းအားဖြင့် ၆,၈၁၂,၀၀၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းကာ၊ သြစတြေးလျှတိုက်(၁)တိုက်စာ အရွယ်ပမာဏရှိပြီး၊ ဇီဝအဝန်းနယ်မြေများတွင် စုစုပေါင်းလူဦးရေ (၂၅၇)သန်းနေထိုင်လျက်ရှိပါသည်။

ကမ္ဘာပေါ်တွင် စပိန်နိုင်ငံသည် ဇီဝအဝန်းနယ်မြေ (၅၂) ခုဖြင့် အများဆုံးထိန်းသိမ်းထားရှိပြီး ရှရားနိုင်ငံသည် (၄၈)ခုဖြင့် ဒုတိယ၊ တရုတ်နိုင်ငံသည် (၃၄)ခုဖြင့် တတိယ၊ အမေရိကန်နိုင်ငံသည်(၂၈)ခုဖြင့်စတုတ္ထအများဆုံးဖြစ်ပါသည်။

ကမ္ဘာ့ပထမဦးဆုံး 5 Countries Biosphere Reserve မှာ Mura-Drava-Danube (MDD) Biosphere Reserve ဖြစ်ပါသည်။ သြစတြီးယား၊ စလိုဗေးနီးယား၊ ခရိုအေးရှား၊ ဆာဘီးယား နှင့် ဟန်ဂေရီ နိုင်ငံ (၅)နိုင်ငံ နယ်စပ်တွင်ဖြတ်သန်းစီးဆင်းသော ၇၀၀ ကီလိုမီတာအရှည်ရှိသည့် Mura-Drava-Danube မြစ်ဝှမ်းလွင်ပြင်ဒေသကို ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။ ရေလွှမ်းလွင်ပြင်၊ သဲသောင်ကမ်းပါး၊ မြစ်ထဲရှိကျွန်းငယ်များ၊ မြစ်ကျိုးအင်းများနှင့် ရွှံ့နွံတောများရှိခြင်း၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော White-tailed Eagle ၏ သားပေါက်ကျက်စားရာနေရာဖြစ်ခြင်း၊ နှစ်စဉ်ဆောင်းခိုဂက်ကောင်ရေ ၂၅၀,၀၀၀ ကျော်လာရောက်ကျက်စားသည့်ဒေသဖြစ်ခြင်း၊ ဒေသခံလူဦးရေ ၉၀၀,၀၀၀ ကျော် မှီတင်းနေထိုင်ရာဒေသဖြစ်ခြင်းတို့ကြောင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခံရခြင်းဖြစ်ပါသည်။

ထိုင်းနိုင်ငံရှိ Sakaerat Biosphere Reserve က အရှေ့တောင်အာရှနိုင်ငံများတွင် ပထမဦးဆုံး ဇီဝအဝန်းနယ်မြေအဖြစ် ၁၉၇၆ ခုနှစ်တွင် စတင်သတ်မှတ်ခံရပါသည်။ ထို့နောက်မှ ၁၉၇၇ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့ရှိ သဘာဝထိန်းသိမ်းရေးနယ်မြေများကို ဇီဝအဝန်းနယ်မြေများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါသည်။ ကမ္ဘောဒီးယားနိုင်ငံ Tonle Sap က ၁၉၉၇ ခုနှစ်၊ ဗီယက်နမ်နိုင်ငံသည် ၂၀၀၀ ခုနှစ်၊ မလေးရှားနိုင်ငံသည် ၂၀၀၉ ခုနှစ်နှင့် မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်မှသာ ဇီဝအဝန်းနယ်မြေများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါသည်။ လာအိုနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့တွင် ယနေ့အချိန်အထိ ဇီဝအဝန်းနယ်မြေသတ်မှတ်နိုင်ခြင်း မရှိသေးပါ။ အရှေ့တောင်အာရှတွင် အင်ဒိုနီးရှား(၁၆)ခု၊ ဗီယက်နမ် (၉)ခု၊ ထိုင်း(၃)ခု၊ ဖိလစ်ပိုင်(၂)ခု၊ မြန်မာ (၂)ခု၊ မလေးရှား (၁)ခု၊ ကမ္ဘောဒီးယား(၁)ခု စုစုပေါင်းဇီဝအဝန်းနယ်မြေ (၃၄) ခုရှိပြီးဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်

ဦးအောင်မြင့်

PDF Compressor Free Version

An Old Forester Looks Back. Three – Soil Conservation in Myanmar

By

U Sein Thet, B.Sc (For), M.Sc (ANU), MIFA

In Myanmar, the Forest Department did soil conservation works as part of its program which included afforestation to control the erosion in Myelat areas of the Southern Shan State planting shelter belts to control win erosion (The Wazi Project) in a small area of Pakokku District, and Dry Zone afforestation to control soil erosion and to supply the local needs in Central Dry Zone of Myanmar. Soil conservation in river catchments and elevated areas has now become particularly urgent because of its direct effects in preventing silting of reservoirs and dams and in regulation of stream-flow. This is essentially a matter of achieving a good vegetation cover, and fostering proper agricultural practices. Since soil conservation is mainly concerned with improved agricultural methods and these in turn depend on security of land tenue and improvement in the social and rural economy; government should provide a sound land use policy and all departments concerned must work together hand in hand to create programmes of soil conservation in Myanmar.

In Myanmar, the first attempt to improve soil erosion control was made by the Agricultural Department in 1915, when an experimental farm was started at Nyaunshwe to demonstrate improved methods of cultivation. It failed due to the shortage of funds and a limited staff but more particularly due to customs and habits of local people, because it was difficult to persuade them to adopt scientific methods. In 1937, the Principal Forest Officer, Federate Shan States, drew attention to the very serious condition of the MyeLat, and pointed out that unless active and correct measures were immediately taken to check erosion, the situation for the villagers would become critical. At that suggestion the Commissioner, Federate Shan States, appointed an informal Soil Erosion Committee to consider the problems in the Shan Sates with particular regard to the position in MyeLat and a demonstration area was introduced in Myanmar. But according to the results, it was still not satisfactory again because of shortage of funds, staff and knowledge.

In 1937, the Principal Forest Officer of the Federated Shan State reported to the Commissioners the seriousness of watershed conditions in the Myelat reason. The Commissioner organized an informal Soil Erosion Committee to cook at the seriousness of the condition and take necessary action. A demonstration area was set up near Thamaingkhan to initiate experiments in erosion control works. A detailed survey of Myelat region on scale of 4"-1' mile completed. General survey of soil erosion in parts of the Shan State other than Myelat was also completed. The experimental station was established but the impact was significant. The survey was carried out by Mr.TS. Thompson and his team and a report was published in 1944. This survey classified the eroded areas, delineated their boundaries, articulated the causes of erosion, noted the scale the problem, and recommended control measures. Details of the survey was lost during the Japanese occupation. Systematic approach to document causes, effects and scale of soil erosion problems in the watershed areas started during this phase. No comprehensive action plan/management plan and implementation strategy emerged. The specification of treatments were site specific but not following the concept of the watershed boundaries. The Japanese occupation diffused the momentum including establishment of demonstration sites.

During 1947-1949, The survey and demonstration work was resumed. The Soil Erosion Committee was revived and demonstration centers revitalized. One full tie senior officer was designated as Soil Conservation Officer Cooperative arrangements with the Agriculture Department was also sought. Administrative actions from the highest level of the Government to streamline soil conservation activities were initiated. Extension services including radio talk were initiated. Draft Shan State Land Preservation Act and draft constitution of the Soil Conservation Committee were drafted and submitted to the Government. The name of the Soil Erosion Committee was change to Soil

PDF Compressor Free Version

Conservation Committee. A Five-Year Soil Conservation Plan was completed by the Soil Conservation Committee, Shan State. Systematic approach to up land conservation strengthened. Awareness about the urgent need to arrest up land degradation increased at all levels. Need for legal tools to institutionalize appropriate land use practices was realized and developed. Organizational sup to cover forestry, agriculture and engineering aspects of integrated land management practices materialized.

During 1950-1985; five-year plan was implemented systematically. Field organization were established. Site specific conservation activities in Government land as well as private land were implemented according to periodic plans. Extension staff representing forestry and agriculture departments were trained. In 1962, a special soil conservation unit was established under the supervision of Forest Department. This unit was given the status of a Forest Division. Due to the lack of fund and trained manpower the activities were scattered at different sites where open erosion were more pronounced. In late 1970s, the Government solicited technical assistant from FAO and UNDP to assist in organizing integrate watershed management programme. In 1984, the Soil Conservation Division was dismantled abruptly.

The government, realizing the importance of the dry zone and its problems of soil and water conservation, gave the Agricultural and Rural Development Corporation (A.R.D.C) the task of implementing the Dry zone Afforestation Scheme, and other allied projects for the rehabilitation of the Dry Zone of Central Myanmar. The work was started in 1953, and the whole of the afforestation work was handed over to the Forest Department in 1963 after ten years. The Forest Department carried on the afforestation works until the Government established Dry Zone Greening Department during June 1997.

The afforestation of the dry zone consists of two aspects, (i) regeneration of the reserves, mainly of the plain reserves and local supply forests which have been badly degraded and depleted due to heavy illicit felling and lack of tending throughout the second world war and insurrection period; and (ii) afforestation and re-afforestation of the barren areas which will include the formation of shelter belts, win breaks, etc. The aims and objects of the afforestation are (a) to prevent erosion, (b) to stabilize the soil, (c) to raise and maintain the water table to conserve the soil, (d) to conserve the soil, water and the other physical resources of the country, €to improve and raise the standard of living of the people by increasing the supply of forest produce, (f) to provide firewood, small timber for house-posts, building materials, agricultural implements, piscatorial needs, animal fodder, etc.

The Agricultural and Rural Development Corporation (A.R.D.C), with the seconded personnel of the Forest Department, was entrusted with afforestation of the whole of the Dry Zone. The implementation of the scheme commenced from the rains of 1954, in Meiktila Forest Division which started as an experimental and pilot project, and it was done by working through trial and error under local condition.

The ARDC handed over the afforestation of Dry Zone to the Forest Department in 1963. The short term seven-year (1963-1964 to 1967-1970) Dry Zone Afforestation Plan was written by working plan officers U Tha Tun Zan and U Ohn and afforestation was carried out according to the plans prescriptions.

Although the results of artificial regeneration in Meiktila Forest Division, during the period from 1953 to 1963, was not at all satisfactory, artificial regeneration done during the period from 1963 to 1970 showed good results. By planting 6 to 8 month old seedling raised in plastic bags, the total area regenerated was 5,858,35 acres by staggered trenches and 448.65 acres by ploughing with pits. Both methods showed satisfactory results. In the trench method, a lot of labor is required for digging the trenches over a short period of time. The cost of soil working, that is the cost of digging of the trenches is about 25 percent more compared with the ploughing method. Therefore, due to shortage of labor and funds, the ploughing method was performed by using more tractors.

The aims of the afforestation are to conserve the soil and water, and to meet the local requirements for them. Some well-stocked protected areas and regenerated areas done since 1954 were improved by clearing and thinning, for local requirements, such as firewood, house post and agricultural implements.

Effective Protected Areas, that is areas completely protected from fire, human interference and cattle, are satisfactory in growth-rate, but malformed and mutilated tress (due to repeated cutting) are not satisfactory in growth. So effective protection, with the aid of tending operations such as coppicing and cleaning for the malformed and mutilated tress were carried out.

PDF Compressor Free Version

In partially stocked forests the most useful species are invaded by the valueless species and are so congested that the tending operation and improvement felling must be carried out at suitable intervals, such as 5 years. In dry zone areas where there are very short of fire-wood, house post, poles, roofing material, animal fodder, and domestic and agricultural implements, natural regeneration must be emphasized as much as possible.

In arid zones of Myanmar overgrazing is another problem. Owing to over-grazing, the grass has gone, the top soil has been washed away and the infertile sub-soil has been exposed. Goats have done great amounts of damage (more than the other grazing animals). So, a law to exclude goats from such areas should apply to minimize the soil damage done by them. The conservation of soil is the concern of all the people of the country. Due to the constant increase of population, the pressure on the hill lands and the keeping of vast herds of cattle without regulation of the grazing, the willingness in cooperation of the people is needed to conserve the soil. Government should announce its sound policy to conserve the soil, and act to give effectiveness to its policy. All conservation works should be done by the people themselves assisted by the Government with technical advice and direction, and also with finance, where protective works such as dams and drains, are needed. A strong forest and agricultural policy for proper use of degraded pastures and waste lands is also essential for improvement of soil and water conservation in dry zone of Myanmar.

The major factors in the soil being blown away are improper cultivation methods and mismanagement of tree and herbaceous vegetation, which left the soil stripped of protection and susceptible to the erosive agencies of wind and water. Proper land use for perpetual benefit can only be achieved through soil conservation, a way in which land is properly managed under suitable condition of vegetation. Maintaining forest cover in the right amount in the right place under suitable management for a conservation use is the most effective. The truth is that whatever other measures may be taken, the basis of preventing erosion, controlling of flood and siltation and storing of water for irrigation and other uses through underground storage and stream flow regulation will lie in the forests and depend on how well they are managed.

ဂေဟဗျက်သုည်။ တောတွေသုည်းက
အပူဆုံးကမ္ဘာဖြစ်မည်တည်း။

နောက်ကျောဖုံးမှအဆက်

အရွက်များမှာဘဲဥပုံဖြစ်ပြီး အရွက်ထိပ်များမှာ လုံ့သွားပုံဖြစ်သည်။ အရွက်များ၌ လည်း ခွေးသွားစိပ်ငယ်များပါရှိကြသည်။ အရွက်အနားများမှာ ထူပြီး ချောရှ်ရွက်ရိုးရွက် လွှဲထွက်သည်။ အရွက်များသည် အရှည် ၈–၁၂ စင်တီမီတာအထိ ရှည်ပြီး ဖြက်မှာ ၄–၅ စင်တီ မီတာခန့်ကျယ်သည်။ ရွက် ညှာများမှာ ၀.၈ မှ ၁.၀၀ စင်တီမီတာအထိ ရှည်သည်။

နွေရာသီတွင် သေးသွယ် ရှည်လျားသော ပန်းပွားသဏ္ဌာန် ပန်းရောင်အပွင့်များ ပွင့်သည်။ ပန်းခိုင်မှာ တွဲလောင်းကျနေပြီး ပန်းခိုင်တစ်ခိုင်၌ အပွင့်ငယ်ပေါင်း ၆၀–၉၀ အထိ ပါရှိတတ်သည်။ အသီးများမှာ အစိမ်းရောင်လေးထောင့် ပုံသဏ္ဌာန်ရှိ၍ အရှည်တစ်လက်မခန့် ရှည်သည်။ အသီးတစ်လုံးတွင် အစေ့တစ်စေ့သာပါရှိသည်။ ကျည်းပင်သည် အစေ့မှပေါက်သော အပင်မျိုးဖြစ်ပြီး အထူးသဖြင့် ရေလွှမ်းသောအရပ်ဒေသများ၌သာ ပေါက်ရောက်တတ်သည်။

သစ်သား

သစ်သားမှာ ပျော့၍ အရောင်ဖြူသည်။ သစ်ခွဲသားများမှာအရောင်တောက်ပပြီး သစ်ကြောများမှာလည်း ညီညာသောကြောင့် သစ်သားကို စားပွဲ၊ ဘီရိ စသည်တို့ ပြုလုပ်ရာ၌ အသုံးပြုကြသည်။ ၄င်းအပြင် လှေ၊ လှည်း၊ ရေတွင်းပေါင်း၊ ကျည်းခွေနှင့် ကျည်ပွင့်များ ပြုလုပ်ရာ၌ အသုံးပြုကြသည်။ လေဖြင်ခြောက်သွေ့ပြီးသော ကျည်းသား တစ်ကုဗပေသည်အလေးချိန် ၃၄ ပေါင်စီးသည်။ ကျည်းသားမှာ အသင့်အတင့်ကြာရှည်စွာ အသုံးခံသည်။

အခြားအသုံးဝင်ပုံများ

အခေါက်များကို သားရေနယ်ရာ၌ အသုံးပြုကြသည်။ ဗီယက်နမ်နိုင်ငံ၌ အရွက်နုများကို စားသုံးကြသည်။ ကျည်းပင်၏ အမြစ်ကို ဝမ်းနုတ်ဆေး၌လည်းကောင်း၊ အစေ့ကိုမျက်စေ့နာပျောက်ဆေးတွင်လည်းကောင်း၊ အရွက်ကို ဝမ်းကျပျောက်ဆေးတွင်သုံး၍ ကျည်းသီးဆံကို ဆေးများဖော်စပ်ရာ၌ များစွာအသုံးပြုကြသည်။ ဝမ်းသွားစေလိုလျှင်လည်းကျည်းမြစ်ကို ကြိုသောက်ရသည်။ ကျည်းသီးအစေ့ကိုသွေးလိမ်းလျှင် မျက်စိနာကို ပျောက်ကင်းစေသည်။ ကျည်းရွက်ကို ကျိုသောက်ပါက ဝမ်းဖောဝမ်းရောင်ရောဂါအတွက်အကျိုးပြုသည်။ အမြစ်သည် ဝမ်းသက်စေပြီး အရွက်များသည် ဝမ်းချုပ်စေသည်။ ထင်ရှားသည့် ဆေးဖက်ဝင်အပင်ဖြစ်ပြီး အမြစ်၊ အရွက်၊ အသီး၊ အစေ့နှင့် အခေါက်တို့မှာအားလုံး ဆေးဖက်ဝင်ကြသည်။

PDF Compressor Free Version

ပြုစုထိန်းသိမ်းခြင်းဆောင်ရွက်ရန်လိုပါသည်



အုန်းလွင်လေး

ပြည်သူအတွင်း နိုးကြားထကြွသည့်အသိရှင်သန်နေစေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့်အသိ ရှင်သန်နေစေရန် စည်းရုံးဆောင်ရွက်သွားရမည်။

ဤသည်ကား ၁၉၉၅ ခုနှစ်၊ မြန်မာ့သစ်တော မူဝါဒသဘောထားကြေညာချက်တွင် အမျိုးသား ရည်မှန်းချက် ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် အဓိကကျသောအချက် (၆) ချက်တွင် ပါဝင်သည့် အချက်တစ်ချက်ဖြစ်ပါသည်။

အဆိုပါမူဝါဒအချက်အပေါ် သစ်တောဦးစီးဌာန၏ဖော်ဆောင်မှု၊ ပြည်သူများ၏ သစ်နှင့် သစ်တောထွက်ပစ္စည်းလိုအပ်မှု၊ ပြည်သူများကိုယ်တိုင် ရာသီဥတု ပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခံစားရမှုနှင့် ခေတ်ကာလအခြေအနေအရ မြေအသုံးချမှုများ ပြောင်းလဲလာမှုတို့ကြောင့် ပြည်သူများအတွင်း သဘာဝဝန်းကျင်၊ သစ်တောသစ်ပင်များအား ပြုစုထိန်းသိမ်းရေးကို အလေးထားလာကြပြီး သစ်ပင်စိုက်ပျိုးခြင်းကိုလည်း ပိုမိုစိတ်ဝင်စားလာကြပါသည်။

သစ်တောဦးစီးဌာန ဝန်ထမ်းများမှသည် ဌာနပေါင်းစုံမှဝန်ထမ်းများ၊ သိတတ်စကလေးမှသည် သက်ကြီးရွယ်အိုများ၊ တစ်သီးပုဂ္ဂလမှသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေခံသည့် လူမှုအဖွဲ့အစည်း စသည့် လူထုလူတန်းစားတို့သည် အိမ်ခြံဝန်းမှသည် ဘုန်းကြီးကျောင်းကျောရွာပတ်ဝန်းကျင် နေရာများ၊ ယာစည်းရိုးမှသည် လမ်းဘေးဝဲ/ယာနေရာများ၊ စာသင်ကျောင်းဝန်းမှသည် စက်ရုံ အလုပ်ရုံဝန်းနေရာများစသည့် သစ်ပင်စိုက်ပျိုးရနိုင်သည့်နေရာများတွင် တစ်ပင်ချင်းမှသည် အတန်းလိုက်၊ တစ်အုပ်တစ်မလိုက် သစ်ပင်များကို မိမိအစီအစဉ်မှသည် လူထုအင်အားဖြင့် သစ်ပင်စိုက်ပွဲတော်များကျင်းပ၍ သစ်ပင်စိုက်လာကြပါသည်။

သစ်ပင်စိုက်ဖို့အကောင်းဆုံးအချိန် လွန်ခဲ့တဲ့နှစ် နှစ်ဆယ်၊ ဒုတိယအကောင်းဆုံးအချိန် ယခုပင်မဟုတ်ပါလား။

သစ်ပင်စိုက်ရန် လိုအပ်သည့်ပန်းအလှပျိုးပင်များ၊ မြေယာရှခင်းအလှပျိုးပင်များ၊ အရိပ်ရပျိုးပင်၊ ပသာဒဖြစ်စေမည့်ပျိုးပင်၊ သစ်အသုံးချရသည့် ပျိုးပင်၊ သီးပင်စားပင်စသည့် ပျိုးပင်များကို စီးပွားရေး အလို့ငှာ ပုဂ္ဂလိကတို့မှပျိုးထောင်ရောင်းချလာသည်ကိုတွေ့မြင်လာရပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် ရှေ့ယခင် ခေတ်ကာလများကပင် ပြည်သူလူထုသို့ ပျိုးပင်များ ပျိုးထောင်၍ ဖြန့်ဝေပေးခဲ့ရာ လက်ရှိအခြေအနေတွင် ဒေသအလိုက် လူထုဖြန့်ပျိုးပင်များကို နှစ်စဉ် တိုးချဲ့ပျိုးထောင်ပြီး သစ်ပင်စိုက်ရာသီတွင် အောင်လုံသည့် ပျိုးပင်များအား ဖြန့်ဝေလျက်ရှိပါသည်။

သစ်ပင်လေးတွေ့စိုက်ကြမယ်–

သစ်တောဦးစီးဌာနမှ ပြည်သူလူထုသို့ ဖြန့်ဝေခဲ့သည့် လူထုဖြန့်ပျိုးပင်များသည် တစ်ပင်စိုက် တစ်ပင်ရှင်သန်ရန် လိုအပ်ပါသောကြောင့် လူထုဖြန့်ပျိုးပင်များ လက်ခံရယူရာတွင် သစ်ပင်စိုက်ခြင်း လုပ်ငန်းမစတင်မီပင် ရည်ရွယ်ချက်၊ ရည်မှန်းချက်များထား၍ သစ်ပင်စိုက်မည့် ဒေသ၊ မြေအမျိုးအစားနှင့်မြေအသုံးချမှု၊ ရာသီဥတု အခြေအနေများနှင့် ကိုက်ညီသည့် သစ်မျိုးကို ရွေးချယ်ရန် လိုအပ်ပါသည်။

မျက်စိပသာဒအတွက် မြင်တွေ့လိုသည့်နေရာတွင် စိမ်းလန်း၍ ပန်းပွင့်သည့်သစ်မျိုး၊ အရိပ်ရ လေကာပြုလိုသည့်နေရာတွင် အမြစ်မိမ်းနေသည့်သစ်မျိုး၊ ပင်လယ်ကမ်းစပ် ဒီရေတောဒေသများတွင် ဒီရေတောသစ်မျိုး၊ မိုးများသည့်ဒေသများတွင် ရေဝပ်ဒဏ်ခံနိုင်သည့် သစ်မျိုး၊ မိုးနည်းသည့်ဒေသများတွင် ရေငတ်ဒဏ်နှင့် အပူဒဏ်ခံနိုင်သည့်သစ်မျိုး၊ တောင်ပေါ်ဒေသများတွင် အအေးဒဏ်၊ နှင်းဒဏ်ခံနိုင်သည့် သစ်မျိုးများကို ရွေးချယ်သင့်ပါသည်။

သစ်ပင်စိုက်မည့်နေရာသည်လည်း မိမိရည်မှန်းသည့် ရည်ရွယ်သည့်အတိုင်းဖြစ်စေရန် အတန်းလိုက် စိုက်ခြင်း၊ တစ်အုပ်တစ်မစိုက်ခြင်းဖြင့် တစ်ပင်နှင့်တစ်ပင် မိမိလိုအပ်သည့်အကွာအဝေး ပန္နက်ရိုက်မှတ်ရပါမည်။ မြေပြုပြင်ရာတွင်လည်း မြေနိမ့်ပါက မြေဖို့ခြင်း၊ မိုးနည်းဒေသများတွင် ကျင်းတူးခြင်း၊ တောင်ကုန်း၊ တောင်တန်းများတွင် အရှိန်ပြင်းပြင်း ရေစီးဆင်းမှုဒဏ်ခံနိုင်စေရန်အတွက်

PDF Compressor Free Version

စနစ်တကျမြေပြုပြင်ခြင်း ဆောင်ရွက်ရပါသည်။ သစ်ပင်များကြိုက်သည့် မြေဆီမြေနှစ် မြေသြဇာများလိုအပ်သလို ထည့်သွင်းစိုက်ပျိုးရပါမည်။ လူထုဖြန့်ပျိုးပင်များဖြင့် သစ်ပင်စိုက်ပွဲတော်များဆောင်ရွက်ရာတွင် သစ်ပင်စိုက်မည့်နေရာသည် တယ်လီဖုန်းကြိုး၊ လျှပ်စစ်ကြိုးသွယ်တန်းသည့် အောက်ဘက်၊ အဆောက်အဦများ၏ အနီးကပ်ဝန်းကျင်များနှင့် လမ်းဘေးဝဲ/ယာစိုက်မည်ဆိုပါက လမ်းဧရိယာတိုးချဲ့မည့်နေရာများတွင် သစ်တောသစ်ပင်အပင်ကြီး သစ်မျိုးများကို စိုက်ပျိုးခြင်းရှောင်ရှားရပါမည်။

ပျိုးပင်သယ်ယူရာတွင်လည်း ပျိုးအိတ်မြေလုံးမကွဲရေး၊ အပင်များ ကျိုးကြေပျက်စီးမှုမရှိရေး၊ ဂရုတစိုက်သယ်ယူ၍ သစ်ပင်စိုက်ကာလ လုံလောက်သည့် မြေအစိုဓာတ်ရှိချိန်တွင် တစ်ဦးတည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ မည်သို့ပင်ဖြစ်စေ သစ်ပင်စိုက်ခြင်းကို စနစ်တကျ ဆောင်ရွက်ကြရပါမည်။

ဤတွင် သစ်ပင်စိုက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါပြီ။

ဤသည်ကို သစ်ပင်စိုက်ပစ်လိုက်သည်ဟုသာ ဆို ချင်ပါသည်။

ဤမျှဖြင့် ရှင်သန်အောင်မြင်မည့် သစ်ပင်မဖြစ်နိုင်သေးပါ။

ရှင်သန်ကြီးထွားအောင်မြင်ဖို့ရာ ပြုစုထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရပါမည်။

ရှင်သန်ကြီးထွားအောင်ပြုစုကြပါစို့ –

နှစ်တစ်နှစ်အတွင်း သစ်ပင်စိုက်ရာသီတွင် စိုက်ပြီး သစ်ပင်ငယ်များကို လေပြင်းဒဏ်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ တိရစ္ဆာန်များကြောင့် ပျက်စီးမှုမရှိစေရေးအတွက် အကာအရံပြုလုပ်သင့်ပါသည်။ ဆက်လက်ပြုစုရမည့် လုပ်ငန်းများမှာ သေပင်ရှိက အစားထိုးဖာထေးခြင်း ဆောင်ရွက်ပြီး အပင်ရှင်သန်မှုကို အနှောင့်အယှက်ပြုသည့် နွယ်ပင်များ အပါအဝင် အပင်ခြေဝန်းကျင်ရှိ ပေါင်းပင်များကို ရှင်းလင်းခြင်း၊ အပင်ခြေထိ ရေစုပ်ယူသိုလှောင်မှု ကောင်းအောင် မြေတောင်မြှောက်ပေးခြင်းနှင့် မြေသြဇာကျွေးခြင်း ဆောင်ရွက်ပေးရပါသည်။

ခြောက်သွေ့ရာသီတွင် သစ်ပင်များဝန်းကျင်နှင့် သစ်ပင်စိုက်ခင်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် မီးလောင်မှုဖြစ်ပါက အပင်များကြီးထွားမှုကို ထိခိုက်စေပြီး အခန့်မသင့်ပါက စိုက်ပင်များ သေကျေ ပျက်စီးနိုင်ပါသောကြောင့် မီးကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်ရပါသည်။ အပူရှိန်မြင့်မားသည့် ဒေသများဖြစ်ပါက လိုအပ်သလို ရေ လောင်းပေးခြင်း ဆောင်ရွက်ရပါမည်။

ထိန်းသိမ်းဆောင်ရွက်ကြပါရဲ့လား –

သစ်တောဦးစီးဌာနသည် သစ်တောသစ်ပင်များ ပျိုးထောင်ပြီး ပြည်သူလူထုသို့ သစ်ပင်စိုက်ကာလတွင် အခမဲ့ပျိုးပင်များဖြန့်ဝေခဲ့ရာ ပြည်သူလူထုအနေဖြင့် သစ်ပင်စိုက်ခြင်းလုပ်ငန်းပြီးပါက စိုက်ပြီးသစ်ပင်များ ပြုစုထိန်းသိမ်းခြင်းကို မလွဲမသွေဆောင်ရွက်ရန်လိုအပ်ပါသည်။ သစ်တောဝန်ထမ်းများမှလည်း သစ်ပင်စနစ်တကျ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း အသိပညာများ ဖြန့်ဝေလျက်ရှိပါသည်။

နှစ်အတွင်းစိုက်သည့် အပင်များအား ပြုစုထိန်းသိမ်းသကဲ့သို့ ရှေးယခင်နှစ်များက စိုက်ခဲ့သည့်အပင်များ အနက် လက်ရှိရှင်သန်ကျန်ရစ်သည့် အပင်များကို ဆက်လက်ရှင်သန်ကြီးထွားရေး ပြုစုထိန်းသိမ်းရမည် ဖြစ်ပါသည်။ သေပင်နေရာများတွင် အစားထိုးဖြည့်စွက်စိုက်ပျိုးခြင်း၊ ကိုင်းချိုင်ရှင်းလင်းခြင်းလိုအပ်ပါက ပင်ပူးခွာ၊ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းသည် သစ်ပင်များအား ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းတွင်ပါဝင်ပါကြောင်းတင်ပြအပ်ပါသည်။

နမူနာတစ်ခုဖြင့် တင်ပြပါမည်။ လွန်ခဲ့သည့်(၁၀) နှစ်ကျော်က ကျေးရွာတစ်ရွာ၏ ဘုန်းတော်ကြီးကျောင်းအတွင်း သစ်တောသစ်ပင်တို့ကို တစ်အုပ်တစ်မစိုက်ခဲ့သည် ဆိုပါစို့၊ လက်ရှိတွင် ရှင်သန်အောင်မြင်မှု ကောင်းပါက အဆိုပါစိုက်ခင်းမှ ကိုင်းချိုင်ခြင်း၊ ပင်ကျပ်နုတ် လုပ်ငန်းဆောင်ရွက်၍ ထင်း၊ မျှောတို့ကို ထုတ်ယူသုံးစွဲနိုင်မည် ဖြစ်ပါသည်။ တစ်ချို့တစ်ဝက်သာအောင်မြင်သည့်စိုက်ခင်းဖြစ်ပါက ဖြည့်စွက်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းဖြင့် စိုက်ခင်းရှင်သန်အောင်မြင်လာမှု တိုးတက်လာနိုင်မည် ဖြစ်ပါသည်။

သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ အပြုသဘောမဆောင်ဘဲ တစ်ဖက်ပိတ်၊ အဆိုးမြင်စိတ်ရှိသူများအနေဖြင့် သဘာဝတောများအတွင်း သစ်စေ့မှ အလိုအလျောက် သစ်ပင်သစ်တောပြန်ဖြစ်နေတာ မွေ့တာပဲ၊ အဲလောက်အထိ သစ်ပင်တစ်ပင်ကို ပျိုးထောင်စိုက်ပျိုးပြုစုထိန်းသိမ်းပေးဖို့ လိုပါသလားဟု စောဒက တက်မည်ဆိုက တက်နိုင်ပါသည်။

သဘာဝက သဘာဝပါ။

သဘာဝသစ်တောများမှ ပေးနိုင်စွမ်းထက် ပိုမိုသည့် သစ်နှင့်သစ်တောထွက်ပစ္စည်းလိုအပ်မှု၊ အသုံးပြုမှုများရှိနေသမျှ အသုံးပြုနေသူများမှလည်း သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းကို ဥစ္စာရင်လို ဥစ္စာရင်ခဲ ဆောင်ရွက်ရမည်ဖြစ်သည်။ ပစ္စက္ခအခြေအနေတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းဆောင်ရွက်သူသည် ကိုယ်တိုင်လက်ငင်း အကျိုးကျေးဇူးမခံစားရသည်တိုင် နောင်လာနောက်သားတို့အတွက် အမွေကောင်းတစ်ခုပေးခဲ့ခြင်းမဟုတ်ပါလား။

သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ရနေသည့် ကောင်းမှုတစ်ခုဖြစ်ပါသည်။

မွန်မြတ်ကောင်းမွန်သည့် စိတ်ထားဖြင့် ဆောင်ရွက်သည့် စေတနာသည်သာ ပဓာနဖြစ်ပါသည်။

သစ်တောသစ်ပင်လေးများကို **ရှင်အောင်စိုက်၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်းကြပါစို့** ။ ။

PDF Compressor Free Version

ဒီရေတောသစ်မျိုး ပျိုးထောင်ခြင်းလုပ်ငန်းလေ့လာတင်ပြချက်

ဦးဇော်သိန်းထွန်း၊ ဦးစီးအရာရှိ

ယခင်လမ္ဘအဆက်

(စ)အသီးတောင့်/သစ်စေ့စုဆောင်းသိုလှောင်ခြင်း

အသီးတောင့်၊သစ်စေ့စုဆောင်းသိုလှောင်ရာတွင် အောက်ပါအချက်များကို သတိပြုရပါသည် –

- အသီးတောင့်/သစ်စေ့များသည် သစ်မျိုးပေါ်မူတည်၍အသီးရရှိချိန်၊ အသီးသိုလှောင်ခံနိုင်မှု ကြာချိန်၊ ဖျက်ဆီးခံရနိုင်မှု (မှို၊ ကဏန်း၊ ပိုးမွှား၊ အင်းဆက်) အမျိုးမျိုးကွဲပြားနိုင်ခြင်း၊
- လေဝင်လေထွက်ကောင်းမွန်စေခြင်း (အထက်အောက်လှန်ပေးခြင်း၊ လေဝင်လေထွက်ကောင်းမွန်သောနေရာရွေးချယ်ခြင်း)
- ရေမဝပ်စေခြင်း (ထရံခင်းဖြင့်ထားခြင်း၊ ရေစစ်ပေးခြင်း)
- အပူမများစေဘဲ အရိပ်လုံလောက်စွာရရှိစေခြင်း လိုအပ်သလို ရေဖြန်းပေးခြင်း
- နေရာအကျယ်သည်သိုလှောင်မည့်ပမာဏပေါ် အခြေခံခြင်း

(ဒီရေတောသစ်စေ့များသည် သစ်စေ့ဟုခြုံလွှမ်းခေါ်ဆိုသော်လည်း အများစုသည် အသီးကို တိုက်ရိုက်စုဆောင်းပျိုးထောင်ရပါသည်။)

ဒီရေတောအသီးတောင့်/သစ်စေ့သိုလှောင်မှုနှင့် ပတ်သက်၍ သစ်မျိုးအလိုက်သိုလှောင်ခံနိုင်မှုကြာချိန်၊ ဖျက်ဆီးခံရနိုင်မှု၊ အသီးရရှိချိန်တို့မှာ အောက်ပါအတိုင်းဖြစ်ကြောင်းတွေ့ရှိရပါသည်–

စဉ်	သစ်မျိုး	အသီးရရှိချိန် (မှည့်ချိန်ကြေကျချိန်/ ရုပ်ထောင်း သန့်သည့်အချိန်)	သိုလှောင် ခံနိုင်မှု(နေ့,လှန်း)	ဖျက်ဆီးခံရနိုင်မှု (ဖြစ်နိုင်ချေများသော)	တစ်တင်းတွင် အသီးပေါင်း (အရွယ်အစားအပေါ် မူတည်၍ ကွဲပြားနိုင်)
၁	ပြုံးခရွေဂါ	ဧပြီ/မေ/ဇွန်	၄၅ ရက်	အသီးတောက်ကိုးကီး	၁၅၀၀-၁၃၀၀
၂	ကျန်	မေ/ဇွန်	၆၀ ရက်	အသီးသောင့်ပိုး/ကြွေကံ	၁၃၀၀ ၁၄၄၀
၃	သမဲ့ကြီး	ပြေဒုတ်/စက်တင်ဘာ	၇ နာရီ	မှိုရသီးမဟုတ်ဘဲပိုး	၃၅၀၀-၃၇၀၀
၄	လမု	ပြေဒုတ်/စက်တင်ဘာ (လများစွာရတတ်ပါသည်)	၃၀ ရက် (အသီးတိုင်းလောင်မရ/ သစ်မနှမြင့်မဟုတ်ခြင်း)	ငုပ္ပကိစ်တ်	၂၁၀-၂၅၀(အသီး)
၅	ကန့်ပလာ	ပြေဒုတ်/စက်တင်ဘာ	၆၀ ရက် (သစ်ရေခေလာင်မရ/ အသီးဖြုန်ခေလာင်ခြင်း)	အသီးတောက်ကိုးကီး	၁၅၀၀-၁၆၀၀
၆	ဖရေ	ဖူလိုင်/ပြေဒုတ်	၃၀ ရက်	အသီးတောင့်ထိုးပိုး	၂၅၀၀-၂၆၀၀
၇	ပေးခယား	မူလိုင်/ပြေဒုတ်	၇ နာရီ	ဆယ်မဟုတ်ထိုးပိုး	၂၁၀၀-၂၅၀၀
၈	သမဲ့ကြောက်ဖား	မူလိုင်/ပြေဒုတ်	၇ နာရီ	ဆယ်မဟုတ်ထိုးပိုး	၅၀၀-၅၅၀၀
၉	ကနစ်	ဇူလိုင်/ပြေဒုတ်	၁၄ မှတ်	ဆယ်မဟုတ်ထိုးပိုး	၁၃၀-၁၄၀
၁၀	ပင်လယ်ခရုန်း	ဇွန်/ဇူလိုင်	၆၀ ရက်	အသီးတောင့်ထိုးပိုး	၅၀-၇၀

(ဆ)အသီးတောင့်/သစ်စေ့တိုက်ရိုက်ထည့်ခြင်း၊ Seed bed ဖြင့်ပျိုးထောင်ခြင်း

သစ်စေ့/အသီးတောင့်ထည့်ခြင်းကို တိုက်ရိုက်ထည့်နိုင်သကဲ့သို့ seed bed ဖြင့် သစ်စေ့များကို ပျိုးထောင်ခြင်းကိုလည်း၊ သစ်မျိုးပေါ်မူတည်၍ ဆောင်ရွက်ရပါသည်။ ပြုံးရွှေဝါ၊ ကျန်၊ ရေခရား၊ သမဲ့ကဲ့သို့ အသီးတောင့်များသည် အသီးတောင့်များဖြစ်ပြီး သစ်စေ့မဟုတ်သည့်အပြင် အကြွမ်းခံနိုင်ပြီး ရေတွင် မျောပါမသွားနိုင်သည့်အတွက် ပျိုးအိတ်အတွင်းသို့ တိုက်ရိုက်ထည့်နိုင်ပြီး လမု၊ ကန့်ပလာသစ်စေ့များသည် သစ်စေ့များဖြစ်၍ အထိအခိုက်မခံနိုင်ဘဲ ရေတွင်မျောပါသွားနိုင်သဖြင့် seed bed ဖြင့် ပျိုးထောင်ရပါသည်။ အသီးတောင့်ထည့်ရာ၌ အညာကို မြေအိတ်အတွင်း၌ထားပြီး အသီးတောင့်၏ (၃)ပုံ (၁)ပုံ ခန့်မြုပ်နေရမည်။ မြေအိတ်ထဲများစွာဝင်လျှင် မြေကြွပ်/ရေများမှုဖြင့် သစ်စေ့ပုပ်တတ်ပါသည်။ ပြုံးခြေထောက်၊ ပြုံးပိုင်းထောင့် အသီးတောင့်သည် (၂)ပေ ခန့်ရှိသဖြင့် အမြစ်ထွက်မည့်အပိုင်း အနည်းငယ်ကိုသာနစ်မြုပ်စေရပါသည်။ Seed bed ဖြင့် ပျိုးထောင်ရာ၌ အညောင့်ပေါက်သည်အထိ သစ်မျိုးအလိုက် ပျိုးထောင်ပုံကွဲပြားနိုင်သည်။

သစ်မျိုးအလိုက် အသီးတောင့် တိုက်ရိုက် (သို့မဟုတ်)အပင်ပေါက်ဖြင့် ပျိုးထောင်မှုအခြေအနေ၊ မြေအနိမ့်အမြင့်ခွဲခြားစိုက်ပျိုးနိုင်မှုအခြေအနေ၊ သင့်လျော်

PDF Compressor Free Version

သည့်စိုက်ပျိုးနည်းစနစ်တို့မှာ အောက်ပါအတိုင်း ဖြစ်ကြောင်းတွေ့ရှိရပါသည် –

စဉ်	သစ်မျိုး	တိုက်ရိုက် (ဖျိုးဆောင်ခြင်း)	Seed bed (ဖျိုးဆောင်ခြင်း)	အသီးတောင့်အတွင်း (သစ်ဆေးပါးဝင်မှု/ဖျိုးပင်ပေါက်နိုင်မှု)
၁	ပြူးရွှေပါ	တိုက်ရိုက်	-	(၁)စတောင့်သျှင် (၁)စေ့/ပင်
၂	ကုန်	တိုက်ရိုက်	-	(၁)ငယ်းလျှင် (၆)-(၈) မှ၁/ပင်
၃	သမ္ပဲကြီး	တိုက်ရိုက်	-	(၁) တောင့်သျှင် (၁) ခေ/ပင်
၄	ဃပု	-	Seed bed	(၁)ယုံးကျွင် (၃၀၀)-(၄၀၀) ဆေ/ပင်
၅	ကန့်ကလာ	-	Seed bed	(၁)ကုံးကျွင် (၂၈)-(၄၇) ဆေ/ပင်
၆	ပဓေ	တိုက်ရိုက်		(၁) မဘောင့်သျှင် (၁)ဆေ/ပင်
၇	ရေခပေး	တိုက်ရိုက်	-	(၁) တောင့်သျှင် (၁)ခေ/ပင်
၈	သမ္ပဲကြက်ကောက်	တိုက်ရိုက်	-	(၁) ကောင့်ကျွင် (၁)ဆေ/ပင်
၉	ကနုစိ	တိုက်ရိုက်	-	(၁) မဘောင့်ယျှင် (၁)ဆေ/ပင်
၁၀	ပင်လယ်အုန်း	တိုက်ရိုက်	-	(၁) လုံးလျှင် (၃) - (၅) မှ၁/ပင်

(ကျွန်အသီးခြမ်းနှင့် ဖြူးရွှေဝါအသီးတောင့် တိုက်ရိုက်ထည့်ခြင်းပုံဖြစ်ပါသည်)

(၈) ပျိုးပင်များပြုစုထိန်းသိမ်းခြင်း

(၈–၁)ပေါင်းသင်ခြင်း

ပျိုးအိတ်အတွင်း ပေါက်ရောက်သော မြက်ပေါင်း၊ ဂဒူးပင်ပေါင်းများကို ပုံမှန် နုတ်သင်ပေးရပါသည်။

(၈–၂)အမှိုက်နှင့် ဒိုက်ဖက်များဖယ်ရှားပေးခြင်း

ရေတက်ချိန်တွင် ပျိုးကန်ပေါင်ကို ကျော်၍ ဝင်ရောက်လာသည့် အမှိုက်/ဒိုက်ဖက်များကို ပျိုးပင်များ ဖုံးအုပ်ခြင်းမရှိစေရေး ရှင်းလင်းရပါသည်။ အထူးသဖြင့် ခေါင်ရေတက်ချိန်တွင် သတိပြုရပါသည်။

(၈–၃)ပျိုးအိတ်များစီခြင်း

ပျိုးပင်ငယ်များပျိုးပင်ကြီးများ၏လောင်းရိပ်ကြောင့် ပျက်စီးမှုမရှိစေရေး အရွယ်အလိုက်စီခြင်းဖြစ်ပါသည်။

(၈–၄)အမြစ်ဖြတ်ခြင်း

အမြစ်ဖြတ်ခြင်းကို ဒီရေတောသစ်မျိုးများတွင် ပြုလုပ်မည်ဆိုပါက ပျိုးပင်များရေသောက်မြစ်မထိခိုက်စေရေး၊ ရွှံ့မြေလုံးများ လုံးဝမခြောက်သွေ့သွားစေရေး၊ လုံလောက်သည့် recovery ကာလရရှိရန်လိုအပ်ခြင်း၊ အပူဒဏ်မပြင်းထန်စေရန်လိုအပ်ခြင်း စသည့်အချက်များကိုဂရုပြု၍ စနစ်တကျဆောင်ရွက်ရပါသည်။

(၈–၅)အပူချိန်လိုအပ်ချက်ထိန်းညှိပေးခြင်း

အပူချိန်(၃၅)ဒီဂရီစင်တီဂရိတ်ထက်ကျော်ပါက ပျိုးပင်ပေါက်များ ထိခိုက်စေနိုင်သဖြင့် အရိပ်လိုအပ်သော်လည်း အမြစ်စွဲပါက အရိပ်လိုအပ်ချက်ကို ဖြည်းဖြည်းချင်းလျော့ချရပါသည်။ အပူချိန်များပါက သစ်စေ့များလောင်သွားခြင်းလည်း ဖြစ်တတ်ပါသည်။ အပူချိန်သက်သာစေရန် ရံဖန်ရံခါ ရေသွင်းပေးခြင်း/ အပိုးပိုးပေးခြင်းများ သင့်လျော်သလို ပြုလုပ်ပေးရပါသည်။

(၈–၆)ပိုးသတ်ဆေးဖြန်းခြင်း

ပျိုးပင်များဆေးဖြန်းခြင်းကို ပျိုးပင်ပိုး (ရွက်လိပ်ပိုး ရွက်စားပိုး /မြေအောင်းပိုး/သီးတောင့်ထိုးပိုး) ကျခြင်း၊ ကဏန်းဖျက်ရှိပါကလည်းဆေးသုံးပါသည်။ သစ်စေ့စုဆောင်းထားစဉ်၌လည်း အသီးတောင့် ထိုးပိုးဖျက်ဆီး ခံရမှုရှိပါကဆေးဖြန်းရပါသည်။ (ပတ်ဝန်းကျင် ထိခိုက်နိုင်မှုအခြေအနေကို ထည့်သွင်းစဉ်းစားသင့်ပါသည်)

(၈–၇)မြေသြဇာကျွေးခြင်း

ပုံမှန်အားဖြင့် မြေသြဇာလိုအပ်မှုနည်းသော်လည်းကန့်ပလာ၊ လမုကဲ့သို့ အတက်နှေးသည့် သစ်မျိုးတွင် မြေသြဇာကျွေးတတ်ပါသည်။

(ဂဒူးပေါင်းများသင်နေခြင်းနှင့် ဖြူးရွှေဝါပျိုးပင်ဆေးဖြန်းခြင်းပုံဖြစ်ပါသည်။)

ဘိုကလေးမြို့နယ်အတွင်းရှိ ပျိုးဥယျာဉ်ပုံများဖြစ်ပါသည်။

PDF Compressor Free Version

သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း

နေမျိုးဆွေ (စိမ်းစို)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာန အနေဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း(စ)၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း (ထ)၊ ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်း(ထ)၊ ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း (ရ) စသည့် လုပ်ငန်းများအား တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအဓိက လုပ်ငန်းတာဝန်ကြီး (၄)ရပ်အနက် သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းအကြောင်းကို ရှင်းလင်းတင်ပြလိုပါသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာနအနေဖြင့် သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းအား နှစ်စဉ် လုပ်ငန်းလျာထားချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဒေသရှိ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပြုန်းတီးနေသော တောပျက်၊ တောညံ့များကို အချိန်တိုကာလအတွင်း စရိတ်စက အသက်သာဆုံးဖြင့် ရေ၊ မြေ၊ သဘာဝနဲ့ တောတောင်များနှင့် လိုက်လျောညီထွေစွာ တောအဆင့်အတန်း ပြန်လည်တိုးတက်ကောင်းမွန်လာစေရန် စနစ်တကျပြုစုထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဌာနအနေဖြင့် ယခင်က (၂)နှစ်ဆက်တိုက် ကာကွယ်ထိန်းသိမ်းရာမှ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်လို့ ပိုမိုထိရောက် အောင်မြင်သည့်ရလဒ်များရရှိစေရန် (၅)နှစ်ဆက်တိုက် ထိန်းသိမ်းကာကွယ်သည့်စနစ်သို့ ပြောင်းလဲပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ယခုလို ထိန်းသိမ်းတဲ့နေရာမှာ စီးပွားရေးအရ သစ်ထုတ်လုပ်တဲ့သစ်တောများ စီမံအုပ်ချုပ်ခြင်းကို ရည်ရွယ်ဆောင်ရွက်ခြင်းမဟုတ်ပါ။ ဒေသစိမ်းလန်းစိုပြည်ရေးကို အဓိကဦးတည်ပြီး တောပျက်၊ တောညံ့များအား အချိန်တိုအတွင်း တောကောင်းအဖြစ် ပြန်လည်ရောက်ရှိလာရန် ပြန်လည်ပြုစုခြင်းနဲ့ ထိန်းသိမ်းကာကွယ်ခြင်းကို ဦးစားပေး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ (၅)နှစ်ဆက်တိုက် သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ရာတွင်လည်း နှစ်စဉ်ဧရိယာအသစ် ရွေးချယ်ဆောင်ရွက်တာမျိုးမဟုတ်ဘဲ (၃)နှစ်ခြားတစ်ကြိမ် လုပ်ငန်းဧရိယာအသစ် ရွေးချယ်ဆောင်ရွက်သွားရတာဖြစ်ပါတယ်။

သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းအားဆောင်ရွက်ရာတွင် ဦးစားပေးအနေဖြင့် ဒေသတွင်း –

(က) တောအဆင့်အတန်းကျဆင်း၊ ပျက်စီးလာတဲ့



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ရှင်မတောင်–တွင် သဘာဝတောထိန်း မဆောင်ရွက်မီပုံ

သဘာဝတောထိန်း ဆောင်ရွက်ပြီးပုံ

PDF Compressor Free Version

ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ

(ခ) လူနေဒေသနဲ့ နီးကပ်ပြီး အလျင်အမြန်ပျောက်ကွယ်ရန်ရှိတဲ့ သဘာဝတောများ

(ဂ) သစ်တောဖုံးလွှမ်းမှုအောက်တွင် ထားရှိသင့်တဲ့ သဘာဝတောများ (ဥပမာ– သာသနာ့နယ်မြေများ၊ ရေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊)

(ဃ) တစ်ဂေလျှင် သဘာဝပေါက်ပင်ပါဝင်မှု အရေအတွက် (၃၀၀)ပင်ထက် မနိမ့်ကျတဲ့ သဘာဝတောများ၊ အကယ်၍ (၃၀၀)ပင်အောက် လျော့နည်းသော်လည်း ထိန်းသိမ်းရန်လိုအပ်ပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူး၏ ထောက်ခံချက်နဲ့ တင်ပြဆောင်ရွက်နိုင်ပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေဦးစီးဌာနမှ (၅) နှစ်ဆက်တိုက် သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ရာမှာ နှစ်အလိုက်လုပ်ငန်းစဉ်အချိန်ဇယားများ သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ရွေးချယ်ထားတဲ့သဘာဝတောထိန်းဧရိယာအား ကွင်းဆင်းတိုင်းတာ နယ်နိမိတ်သတ်မှတ်ခြင်းမှစလို့ ဝန်ထမ်းများနေထိုင်နိုင်ရန် စခန်းတဲများ ဆောက်လုပ်ခြင်း၊ နယ်နိမိတ်ဘုတ်တိုင်များစိုက်ထူခြင်း၊ ဆိုင်းဘုတ်ကြော်ငြာပြား ရိုက်ကပ်ခြင်း၊ စစ်ဆေးလမ်းများ–မီးတားလမ်းများဖောက်လုပ်ခြင်း စတဲ့လုပ်ငန်းများအပြင် သဘာဝတောတိုးတက်ကောင်းမွန်စေရန် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းပါတွဲဖက်ဆောင်ရွက်ရပါတယ်။ ယခင် (၂)နှစ်ဆက်တိုက် သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းမှာ ဓမ္မတာမျိုးဆက်ဧရိယာမှာ (၁၀)ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ပြီး ယခု (၅)နှစ် ဆက်တိုက် သဘာဝတောထိန်းသိမ်းခြင်း လုပ်ငန်းမှာ ဓမ္မတာမျိုးဆက်ဧရိယာကို (၃၀)ရာခိုင်နှုန်း (တတိယနှစ်အထိ) တိုးမြှင့်ဆောင်ရွက်လာနိုင်ပါတယ်။

ဌာနအနေဖြင့် သဘာဝတောကျန်များ အလျင်အမြန် ပြန်လည်ကောင်းမွန်တိုးတက် စိမ်းလန်းစိုပြည်လာစေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပြန်လည်၍ တိုးပွားလာစေရန် ရည်ရွယ်၍ (၂၀၁၈–၂၀၁၉) ဘဏ္ဍာနှစ်မှစ၍ နှစ်စဉ် သဘာဝတောထိန်းဧရိယာအတွင်း ကွက်လပ်ဖြစ်နေသည့် နေရာများအား ဖာထေးသည့်သဘောဖြင့် ကွက်လပ်ဖြည့် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ တောထိန်းကွက်လပ်ဖြည့် (အထူးစိမ်း) စိုက်ခင်းများအား သာမန်စိုက်ခင်းများနှင့်မတူပဲ (၈"×၅")အရွယ် ပျိုးအိတ်ကြီးများ၊ အပင်ကြီးများဖြင့် စိုက်ပျိုးလျက်ရှိသည့်အတွက် တောထိန်းကွက်လပ်များ အလျင်အမြန် ပြန်လည်စိမ်းလန်းစိုပြည်မှုကို များစွာအထောက်အကူပြုလျက် ရှိပါသည်။ စိုက်ပျိုးသည့် သစ်မျိုးရွေးချယ်ရာတွင်လည်း မူလတောသဘာဝနှင့် ကိုက်ညီသည့်သစ်မျိုးများအား အထူးရွေးချယ်၍ စိုက်ပျိုးသည့်အတွက် မူလတောအမျိုးအစားအတိုင်း တဖြည်းဖြည်း ပြန်လည်ဖြစ်ထွန်းလာလျက်ရှိပါသည်။

ဌာန၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ခုပင်ဖြစ်သည်။ ဝန်ထမ်းအနေဖြင့် သဘာဝတောများအနီးရှိ ကျေးရွာများမှ တောင်သူဦးကြီးများနဲ့ တွေ့ဆုံဆွေးနွေးရာမှ ကောင်းမွန်တဲ့ အကြံပြုချက်များလည်းရရှိကြပါတယ်။ ဆွေးနွေးပွဲများတွင် ဝန်ထမ်းများကလည်း ဒေသခံတောင်သူများမှာ သဘာဝတောအပေါ် အများဆုံး မှီခိုနေရကြောင်း၊ တောင်သူလယ်ယာလုပ်ငန်းသုံးပစ္စည်းတွေ၊ သဘာဝပေါက်ပင်များမှ ရတဲ့အကြောင်း၊ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးကအစ သဘာဝပေါက်ပင်များအပေါ်မှီခိုရကြောင်း၊ ၎င်းတို့စားသုံးရာတွင်လည်း သဘာဝပေါက်ပင်များအပေါ်မှီခိုရကြောင်း (ဥပမာ–သမ္ဗန်းပွင့်၊ တမာရွက်၊ ကတက်ရွက်၊ ငွေးတောက်ရွက်၊ အသီးအစုံ.....စတာ)၊ ၎င်းတို့ နေ့စဉ်ချက်ပြုတ်သုံးစွဲရာတွင်လည်း၊ ထင်းမှာ သဘာဝတောမှရတဲ့အကြောင်း၊ နောက်ဆုံး လယ်ယာလုပ်ငန်းခွင်မှာ သစ်ပင်ကြီးတစ်ပင်ယာကွက်ထဲရှိလျှင် နားခိုရတာအလွန်အသုံးဝင်တဲ့ အကြောင်း၊ ၎င်းတို့ကျေးရွာအနီး သဘာဝတောကြီးရှိနေခြင်းဖြင့် အခြားဒေသတွေထက် မိုးရေအစိုဓာတ်ကို ပိုမိုထိန်းသိမ်းထားနိုင်ကြောင်း စတာတွေ ရှင်းလင်း ပြောပြကြပါတယ်။

ထိုသို့ ကျေးလက်ဟောပြောပွဲများ ဆောင်ရွက်ခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် ဌာနလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာသည့် တိုးတက်မှုများရရှိနေပါတယ်။ ဟောပြောပွဲများတွင် အများဆုံးဟောပြော ဆွေးနွေးဖြစ်တဲ့ အကြောင်းအရာများကတော့–

- ဌာနဖွဲ့စည်းဖြစ်ပေါ်လာပုံ နောက်ခံသမိုင်းကြောင်းများ
- သဘာဝပတ်ဝန်းကျင်နှင့် လူသားများ၏ နေ့စဉ်ဘဝ လုပ်ရှားမှုများ၏ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေမှုများ
- ဂေဟစနစ်
- သစ်တောသစ်ပင်များမှပေးသော အကျိုးကျေးဇူးများ
- သစ်တောပြုန်းတီးခြင်း၏ အကျိုးသက်ရောက်မှုများ
- သဲကန္တာရဖြစ်ထွန်းခြင်း
- ရာသီဥတုပြောင်းလဲခြင်း
- ထင်းအစားအခြားလောင်စာများတိုးမြှင့်သုံးစွဲခြင်း၏အကျိုးကျေးဇူးများစတဲ့အကြောင်းအရာများပဲဖြစ်ပါတယ်။

သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းမှာ စိုက်ခင်းများတည်ထောင်ထိန်းသိမ်းခြင်းထက် ကုန်ကျစရိတ် လျော့နည်းသက်သာပြီး သစ်မျိုးစုံမူလသဘာဝတော အဆင့်အတန်းကို ပြန်လည်ရရှိစေပါတယ်။ ဒါကြောင့် သဘာဝတောကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ပိုမို အားထည့်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

PDF Compressor Free Version

STORMS မုန်တိုင်း

မုန်တိုင်းအတွက် ခိုလှုံရန်နေရာများ တည်ဆောက်ထားပါ။

ပင်လယ်ကမ်းခြေနှင့် မြစ်ကမ်းပါးတို့တွင် သစ်ပင် ဒီရေတောမျိုး စိုက်ပါ။

လေလာသည့်ဘက်မှ တံခါးပေါက်များ ကို ပိတ်ထားပြီး လေကွယ်ရာအရပ်ရှိ ပြတင်းပေါက်ကို ဖွင့်ထားပါ။

မုန်တိုင်းဗဟို ဖြတ်သန်းစဉ် ခဏလေငြိမ်သော်လည်း နာရီဝက်ခန့်အကြာတွင် ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့် လေများ ဝင်လာတတ်သည်။

မုန်တိုင်းတိုက်ခတ်ချိန်တွင် ခိုအောင်းသောနေရာမှ အပြင်ဘက်သို့ မထွက်ရ။

APK

သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်အတူ ဝမ္ဘာတမျိုးဆက်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ရပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူတို့အား ထင်းနှင့်သစ်တောထွက်ပစ္စည်း ထောက်ပံ့နိုင်ရေးထက် ဒေသစီမံးလန်းစိုပြည်ရေး၊ တောအဆင့်အတန်းတိုးတက်ကောင်းမွန်လာရေးကို ဦးတည်ရပါတယ်။ ဝမ္ဘာမျိုးဆက်ဧရိယာအား ရွေးချယ်ရာတွင် နမူနာ စာရင်းကောက်ယူခြင်းလုပ်ငန်းများက ရရှိတဲ့ပါဝင်ပင်စာရင်းအပေါ်အခြေခံပြီး မျိုးဆက်လိုသည့် သစ်မျိုးအား ရွေးချယ်နိုင်ရန်နဲ့ ဆောင်ရွက်မယ့်နည်းလမ်းအား ချင့်ချိန် ဆုံးဖြတ်ရပါတယ်။ မျိုးဆက်ပင်များ၏ ပေါက်ရောက်မှု၊ ပျံ့နှံ့ တည်ရှိမှု၊ ရှင်သန်ကြီးထွားမှုအခြေအနေတို့ကို ထည့်သွင်းဆန်းစစ်ရပါတယ်။ နွယ်ဖြတ်ခြင်း၊ ပင်ပူးခွာခြင်း၊ ကိုင်းချိုင်ရှင်းလင်းခြင်းနဲ့ ငုတ်တက်ချွန်ခြင်း လုပ်ငန်းများအား အပင်ကြီးထွားမှုရပ်နားသည့် ရာသီ၊ သစ်ရည်မတက်မီ၊ ပူပြင်းခြောက်သွေ့မှု မလွန်ကဲချိန်အတွင်း သတ်မှတ်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။

ဝမ္ဘာတမျိုးဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာမှ ထွက်ရှိလာသော ထင်းနှင့် သစ်တောထွက်ပစ္စည်း (တိုင်၊ မျှော)များအား အနီးဆုံးကျေးရွာများရှိ ဒေသခံလူထုသို့ ဖြန့်ဝေပေးပါတယ်။ ပင်ပူးခွာခြင်း၊ ကိုင်းတက်ချိုင်ခြင်းမှ ထွက်ရှိလာသော ထင်းများအား စနစ်တကျစုပုံပြီး လံပုံများ အဖြစ်စုပုံပြီး သဘာဝတောနှင့်အနီးဆုံး ကျေးရွာ၊ လူထုသို့ အခမဲ့ဖြန့်ဝေပေးခြင်း ဖြစ်ပါတယ်။ ထိုသို့ဖြန့်ဝေရင်း သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးများပုံ စတဲ့ အကြောင်းအရာများ ဟောပြောကြရပါတယ်။ ထိုသို့ဆောင်ရွက်ချက်များအား သတင်းမီဒီယာများ၌လည်း တတ်အားသရွေ့ထည့်သွင်းဖော်ပြပြီး ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအားပြသ၍ လူထုနှံ့နှံ့စပ်စပ်သိမြင် သဘောပေါက်လာအောင် ဆောင်ရွက်ကြရပါတယ်။

အပူပိုင်းဒေသရှိသဘာဝတောကျန်များ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရာသီဥတုမျှတမှုကန်လာစေခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ပြန်လည်ရောက်ရှိ ကျက်စားလာခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုမှ ကာကွယ်ပေးနိုင်ခြင်း၊ မိုးရေတိုက်စားမှုလျော့ကျခြင်း၊ ဆည်၊ ကန်များအတွင်း နုန်းအနည်ကျရောက်မှု သက်သာစေခြင်း၊ ဒေသမျိုးရင်းအပင်များအား ထိန်းသိမ်းပြီးဖြစ်ခြင်း၊ ကာဗွန်ထုတ်လုပ်မှုအား လျှော့ချပေးနိုင်ခြင်း စတဲ့ ရေရှည်အကျိုးကျေးဇူးများ ရရှိပါတယ်။ သို့ဖြစ်ပါ၍ သဘာဝတောအနီးရှိ ကျေးရွာပြည်သူများနှင့် သက်ဆိုင်ရာ ဌာနဝန်ထမ်းများပူးပေါင်းတွဲဖက်ကာ အညာဒေသ၏ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းကို ဆတက်ထမ်ပိုး တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။

PDF Compressor Free Version

ကျည်းနီပင် (ရေကျည်းပင်)

ဦးဟုတ်လင်း

အင်္ဂလိပ်အမည်။ Indian Oak, Freshwater mangrove, Mango- pine, Itchy-tree, Indian Putat.

ရုက္ခဗေဒအမည်။ *Barringtonia acutangula* (L. Gaertn.) Syn. Barringtonia spicata Gaertn.

မျိုးရင်း။ Lecythidaceae

မျိုးစု ။ Barringtonia

မျိုးစိတ်။ acutangula

ပေါက်ရောက်ခြင်း

ကျည်းနီပင်သည် မလေးရှား။ အင်ဒိုနီးရှား။ အိန္ဒိယ၊ မြန်မာနှင့် သြစတြေးလီးယားတိုက် မြောက်ပိုင်းတို့၌ပေါက်ရောက်ကြသည်။ မြန်မာနိုင်ငံတွင် အထက်အောက် မြန်မာနိုင်ငံ အနှံ့အပြားရှိ စိုထိုင်းသော စိမ့်မြေများ၌သာပေါက်ရောက်ကြသည်။ မြေပြန့်များ၌သာ ပေါက်ရောက်ကြသည်။

ပုံသဏ္ဌာန်

ကျည်းနီပင်သည် တွဲလျားကျနေသော ညှာတံရှည်တွင်ပွင့်သီးလေ့ရှိသော အမြဲစိမ်းလန်းသည့် အပင်မျိုးဖြစ်သည်။ ရွက်အုပ်မှာ ကျယ်ပြန့်ပြီး အရွက်များမှာ သိပ်သည်းသည်။ အခေါက်များမှာ အညိုရင့်ရောင် ဖြစ်ပြီး ကြမ်းတမ်းသည်။ အရွယ်ရောက်သည့် အပင်ကြီးများမှာ အမြင့် ၈–၁၀ မီတာအထိ ရှိတတ် ပင်စည်ရင်းအနီးမှ ကောက်ကွေးသော အကိုင်းအခက်များ ထိုးထွက်ကြသည်။

စာမျက်နှာ (၄၂) သို့